# ရတနာပုံ

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

yadanarbonnews.com

၁၃၈၆ ခုနှစ် ၊ နတ်တော်လပြည့်ကျော် (၁၃)ရက် ၊ စနေနေ့ ၊ (28-12-2024) ၊ အတွဲ (၃၃) ၊ အမှတ် (၂၄၂)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသောပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင် နှစ်(၅၀)ပြည့် ရွှေရတုအာခါအမျိုးသားနေ့အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာ

နေပြည်တော် ဒီဇင်ဘာ ၂၈

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်ထံမှ နှစ်(၅၀)ပြည့် ရွှေရတုအာခါအမျိုးသားနေ့အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-

**ချစ်ခင်လေးစားအပ်ပါသော အာခါတိုင်းရင်းသားမိဘပြည်သူ ညီအစ်ကိုမောင်နှမများခင်ဗျား-**

ယနေ့ ၂၀၂၄ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်တွင် ကျင်းပပြုလုပ်သော နှစ်(၅၀)ပြည့် ရွှေရတု အာခါအမျိုးသားနေ့အခမ်းအနားတွင် အာခါတိုင်းရင်းသားလူမျိုးများနှင့်တကွ မြန်မာနိုင်ငံအတွင်းမှီတင်းနေထိုင်ကြပါသော ပြည်ထောင်စုဖွားတိုင်းရင်းသားများအားလုံး ကိုယ်၏ ကျန်းမာခြင်း၊ စိတ်၏ ချမ်းသာခြင်းတို့ဖြင့် ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

အာခါလူမျိုးအကြီးအကဲတို့၏ ဦးဆောင်မှုဖြင့် ၁၉၇၅ ခုနှစ်မှ စတင်ကျင်းပခဲ့သော အာခါအမျိုးသားနေ့ကို အာခါလူမှုအဖွဲ့အစည်းအသီးသီးမှ စည်းလုံးညီညွတ်စွာဖြင့် ဆက်လက်၍ နှစ်စဉ်စည်ကားသိုက်မြိုက်ပြီး အောင်မြင်စွာကျင်းပခဲ့ကြသည်မှာ ယခုအခါ ရွှေရတုကာလ နှစ်(၅၀)ပြည့်အခါသမယသို့ ရောက်ရှိခဲ့ပြီဖြစ်ပါသည်။ ထိုကဲ့သို့ အာခါလူမျိုးတို့၏ စည်းလုံးညီညွတ်မှု၊

**စာမျက်နှာ ၂၂ ကော်လံ ၁**

## တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ် သူနာပြုနှင့် ဆေးဘက်ပညာသိပ္ပံဘွဲ့သင်တန်း အမှတ်စဉ်(၂၂)နှင့် အမျိုးသမီးသူနာပြုနှင့် ဆေးဘက်ပညာသိပ္ပံဘွဲ့သင်တန်းအမှတ်စဉ်(၉) သင်တန်းဆင်းဂုဏ်ပြုစစ်ရေးပြအခမ်းအနားနှင့် ဂုဏ်ပြုညစာစားပွဲအခမ်းအနား ကျင်းပပြုလုပ်





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင် ကိုယ်စား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး သီရိပျံချီ မဟာသရေစည်သူစိုးဝင်း တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ် သူနာပြုနှင့် ဆေးဘက်ပညာသိပ္ပံဘွဲ့သင်တန်းအမှတ်စဉ်(၂၂)နှင့် အမျိုးသမီးသူနာပြုနှင့် ဆေးဘက်ပညာသိပ္ပံဘွဲ့သင်တန်းအမှတ်စဉ်(၉) သင်တန်းဆင်းဂုဏ်ပြုစစ်ရေးပြအခမ်းအနားတွင် မိန့်ခွန်းပြောကြားစဉ်။

နေပြည်တော် ဒီဇင်ဘာ ၂၇

တပ်မတော်သူနာပြုနှင့်ဆေးဘက်ပညာတက္ကသိုလ် သူနာပြုနှင့် ဆေးဘက်ပညာသိပ္ပံဘွဲ့သင်တန်းအမှတ်စဉ်(၂၂)နှင့် အမျိုးသမီးသူနာပြုနှင့် ဆေးဘက်ပညာသိပ္ပံဘွဲ့သင်တန်းအမှတ်စဉ်(၉) သင်တန်းဆင်းဂုဏ်ပြုစစ်ရေးပြအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ် စစ်ရေးပြကွင်း၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင် ကိုယ်စား

**စာမျက်နှာ ၁၆ ကော်လံ ၁**




ရတနာပုံ
၂၀၂၄ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်
အယ်ဒီတာ့အာဘော်

# နိုင်ငံတော်ကာကွယ်ရေးစွမ်းအားအတွက် နိုင်ငံ့သားကောင်းများ

နိုင်ငံအနာဂတ်ကို အကောင်းဆုံးဖန်တီးနိုင်မည့် လူ့စွမ်းအားအရင်းမြစ်များသည် နိုင်ငံတွင်းရှိ လူငယ်များသာဖြစ်သည်။ ထို့ကြောင့် လူငယ်များတွင် နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်ပြည့်ဝနေရန် အရေးကြီးသည်။ နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်ကိုအခြေခံကာ မိမိနိုင်ငံနှင့် မိမိလူမျိုးကို ကာကွယ်နိုင်ရန်အတွက် စစ်ပညာများ၊ ကာကွယ်ရေးပညာရပ်များ သင်ယူထားကြရမည်ဖြစ်သည်။ သို့မှသာ နိုင်ငံတကာက လေးစားခန့်ညားလောက်သောလူငယ်များ၊ စွမ်းအားပြည့်ဝသောလူငယ်များဖြင့် ကာကွယ်ရေးစွမ်းအားစုများ တည်ဆောက်ထားနိုင်မည်ဖြစ်သည်။

နိုင်ငံသားတိုင်း နိုင်ငံတော်ကာကွယ်ရေးတာဝန်ရှိသူများဖြစ်သည်။ အထူးသဖြင့် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး၊ ဟူသော ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်ရန်အတွက် အခြေအနေနှင့်အချိန်အခါအရ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ပြည်သူ့စစ်မှုထမ်းဥပဒေကို ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၁၀ ရက်နေ့တွင် အာဏာတည်စေခဲ့ပြီး ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ် (၁) ကို ၂၀၂၄ ခုနှစ် ဧပြီ ၈ ရက်မှစတင်၍ ဖွင့်လှစ်သင်ကြားပေးခဲ့ရာ ယခုဆိုလျှင် ပြည်သူ့စစ်မှုထမ်းအမှတ်စဉ် (၈) ကို အောင်မြင်စွာဖွင့်လှစ်နိုင်ခဲ့ပြီးဖြစ်သည်။ မိမိနိုင်ငံကာကွယ်ရေးအတွက် ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းသည် ရှေးယခင်ကတည်းကပင် ရှိနှင့်ပြီးဖြစ်သည်။ ရှေးအခါက ကျူးကျော်ရန်ပြုလာသူ တိုင်းတစ်ပါးသားများကို ကာကွယ်ရန် ထောင်ပြုမြို့၊ ရာပြုမြို့၊ ဆယ်ပြုမြို့ စသည့်မြို့ရွာများအခိုင်အမာဖွဲ့ကာ အမြဲတမ်းအမှုထမ်းဖြစ်သော ရွှေနန်းတော်မှ ရဲမက်ဗိုလ်ပါများနှင့်အတူ ပြည်သူများသည် ရန်အပေါင်းကို ရှုပ်ရှုပ်ချွံချွံတွန်းလှန်ချေဖျက်ကြမြဲဖြစ်သည်။

ယနေ့အချိန်အခါတွင် မြန်မာနိုင်ငံသည် ပထဝီနိုင်ငံရေးအခြေအနေအရ အချက်အချာကြပြီး စီးပွားရေးဖွံ့ဖြိုးတိုးတက်လာမည့် အလားအလာကောင်းများရှိနေသည်။ ထိုအခွင့်အလမ်းကောင်းများနှင့်အတူကပ်ပါလာမည့်စိန်ခေါ်မှုများကို ကျော်လွှားနိုင်ရန် နိုင်ငံတော်နှင့် နိုင်ငံသားအားလုံး လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးရှိရန်မှာ အသက်တမျှအရေးကြီးသည်။ ထို့ကြောင့် နိုင်ငံတကာက လေးစားခန့်ညားသော ကာကွယ်ရေးအင်အားရှိရန်အတွက် နိုင်ငံသားတိုင်း နိုင်ငံတော်ကာကွယ်ရေးတာဝန်ကို ထမ်းဆောင်ကြရမည်ဖြစ်သည်။

လက်ရှိနိုင်ငံတော်ကာကွယ်ရေးနှင့်လုံခြုံရေးတာဝန်များကို ထမ်းဆောင်ရန်စိတ်အားထက်သန်စွာလာရောက်ကြသည့် လူငယ်များကို ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ် (၈) ထိဖွင့်လှစ်၍ စစ်ပညာများ သင်ကြားပေးလျက်ရှိကာ ပြည်သူ့စစ်မှုထမ်းသင်တန်းတက်ရောက်ပြီး သင်တန်းဆင်းသွားခဲ့သော ပြည်သူ့စစ်မှုထမ်း နိုင်ငံ့သားကောင်းစစ်သည်များသည်လည်း နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ထမ်းဆောင်နေကြပြီဖြစ်သည်။

သို့ဖြစ်ရာ ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းခြင်းသည် နိုင်ငံတော်နှင့် နိုင်ငံသားအားလုံးအတွက်ပင်ဖြစ်သည်။ ပြည်သူ့စစ်မှုထမ်း နိုင်ငံ့သားကောင်းများမွေးထုတ်ပေးခြင်းမှာလည်း နိုင်ငံတော်၏ ပစ္စုပ္ပန်နှင့် အနာဂတ်ရေရှည်အကျိုးအတွက် ဖော်ဆောင်ခြင်းပင်ဖြစ်သည်။ နိုင်ငံတော်ကာကွယ်ရေးတာဝန် ထမ်းဆောင်နိုင်ရန် စစ်ပညာရပ်များ၊ ကာကွယ်ရေးပညာရပ်များသင်ကြားပေးခြင်းဖြင့် လူငယ်များသည် မိမိကိုယ်ကို ယုံကြည်စိတ်၊ မိမိအဖွဲ့အစည်းအပေါ် ယုံကြည်စိတ်များ တိုးမြင့်လာမည်ဖြစ်သည်။ ထိုယုံကြည်မှုများဖြင့် နိုင်ငံတော်၏ကာကွယ်ရေးစွမ်းအား ခိုင်မာတောင့်တင်းစေရန်အတွက် ပြည်သူ့စစ်မှုထမ်းဥပဒေနှင့်အညီ နိုင်ငံသားတိုင်းတစ်ဦးချင်းစီက ကိုယ်စီတာဝန်သိစိတ်များဖြင့် ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းကို တက်ကြွစွာပါဝင်ဆောင်ရွက်ကြပါရန် တိုက်တွန်းရေးသားလိုက်ရပေသည်။

# မွေးကင်းစကလေးအသက်ကယ်ပြုစုစောင့်ရှောက်ခြင်းသင်တန်းဖွင့်ပွဲ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် တက်ရောက်




**မန္တလေး ဒီဇင်ဘာ ၂၇**

မန္တလေးတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနက မွေးကင်းစကလေး အသက်ကယ်ပြုစုစောင့်ရှောက်ခြင်းသင်တန်း (Training on Neonatal Resus-citation) ဖွင့်ပွဲကို ဒီဇင်ဘာ ၂၆ နံနက်ပိုင်းက မဟာအောင်မြေမြို့နယ်ရှိ Hotel Hazel ခန်းမ၌ ကျင်းပရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ် ဒေါ်ခင်သင်းဝေ၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာဝင်းနိုင်၊ ဆေးရုံအုပ်ကြီးများ၊ ပါမောက္ခ၊ မွေးကင်းစနှင့် ကလေးအထူးကု ဆရာဝန်ကြီးများနှင့် ဆရာဝန်များ၊ သင်တန်းသား သားဖွားဆရာမများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ရေမွန်းသော မွေးကင်းစကလေး အသက်ရှူရန် အသက်ကယ်ပြုစုစောင့်ရှောက်မှုပေးရာအဆင့်တိုင်းတွင် လိုအပ်သောကျွမ်းကျင်ပိုင်နိုင်မှုများရှိစေရန် ရည်ရွယ်၍ မြို့နယ်အသီးသီးတွင် တာဝန်ထမ်းဆောင်နေသည့် သားဖွားဆရာမများကို မွေးကင်းစနှင့် ကလေးအထူးကုဆရာဝန်ကြီးများက သင်ကြားပို့ချပေးသည့် သင်တန်းဖြစ်ကြောင်း၊ ကျွမ်းကျင်မှုနှင့်လက်တွေ့ တစ်သားတည်းဖြစ်စေရန်အတွက် ကျွမ်းကျင်ပိုင်နိုင်စွာ တတ်မြောက်အောင်ကြိုးစားသင်ယူသွားရန်နှင့် ကျွမ်းကျင်တတ်မြောက် သင်ကြားထားမှုများကို လက်တွေ့တွင်ထိရောက်စွာအသုံးချခြင်းဖြင့် မွေးကင်းစကလေး ရေမွန်းသေဆုံးမှုကို လျှော့ချနိုင်မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ထို့နောက် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်နှင့်အဖွဲ့သည် ဆေးရုံအုပ်ကြီးများ၊ ပါမောက္ခ၊ မွေးကင်းစနှင့် ကလေးအထူးကု ဆရာဝန်ကြီးများနှင့် ဆရာဝန်များ၊ သင်တန်းသားသားဖွားဆရာမများကို လိုက်လံနှုတ်ဆက် အားပေးခဲ့ကြောင်း သိရသည်။

**မျိုးကျော်**

# ရေဦးမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက်သီးနှံစုံ ၄၂၄၃ ဧက စိုက်ပျိုးပြီးစီး

**ရေဦး ဒီဇင်ဘာ ၂၇**

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးခရိုင် ရေဦးမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက်သီးနှံစုံ ၄၂၄၃ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ရေဦးမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက်သီးနှံစုံ ၄၀၄၄ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် အောက်တိုဘာလမှစတင် စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၄၂၄၃ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်သဖြင့် လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ရေဦးမြို့နယ်မှာ ဟင်းသီးဟင်းရွက် ၄၀၄၄ ဧက စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ၄၂၄၃ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ မုန်ညင်း၊ ငရုတ်၊ နံနံ၊ အာလူး၊ ဂေါ်ဖီထုပ်၊ ခရမ်း စတဲ့ သီးနှံတွေ စိုက်ပျိုးဖြစ်ပါတယ်။ စိုက်ပျိုးတဲ့ဟင်းသီးဟင်းရွက်အားလုံးကို GAPစနစ်နဲ့စိုက်ပျိုးနိုင်အောင်၊ ဓာတုဓာတ်ကြွင်းအနည်းဆုံးဖြစ်အောင်၊ ကျန်းမာရေးနဲ့ကိုက်ညီအောင် စိုက်ပျိုးဖို့ နည်းပညာတွေပေးနေပါတယ်" ဟု ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြသည်။

ယခုနှစ် ရေဦးမြို့နယ်တွင် ဟင်းသီးဟင်းရွက်စိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက GAPနည်းစနစ်ဖြင့် စိုက်ပျိုးရန်အတွက် နည်းပညာပေးခြင်း၊ စိုက်ခင်းများမှထွက်ရှိလာသည့် ဟင်းသီးဟင်းရွက်များ ကျန်းမာရေးနှင့်ညီညွတ်သည့်သီးနှံဖြစ်စေရန် နည်းပညာများပေးခြင်း၊ တောင်သူများဟင်းသီးဟင်းရွက်များ တိုးချဲ့စိုက်ပျိုးနိုင်ရန်အတွက် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက်သီးနှံများ အောင်မြင်ဖြစ်ထွန်းပြီး အထွက်နှုန်းကောင်းအောင် စိုက်ပျိုးနိုင်ပါက နိုင်ငံတွင်းစားသုံးမှုဖူလုံစေပြီး ထုတ်လုပ်မှုနှင့် ဈေးကွက်လိုအပ်ချက်ဖြစ်သည့် ဝယ်လိုအားမျှတလာကာ လူမှုစီးပွားဘဝများမြင့်မားလာမည်ဖြစ်သဖြင့် ဟင်းသီးဟင်းရွက်များကို တိုးချဲ့စိုက်ပျိုးနိုင်ရန် ကြိုးပမ်းသင့်ကြောင်း ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြ၍ သိရသည်။ (၂၀၆)

# ညောင်တုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ နိုဝင်ဘာလအတွင်း အုန်းသီးအနု အလုံးရေ ၅၈၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**ညောင်တုန်း ဒီဇင်ဘာ ၂၇**

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ နိုဝင်ဘာလအတွင်း ဒေသထွက် အုန်းသီးအနု အလုံးရေ ၅၈၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ညောင်တုန်းမြို့နယ်မှ အုန်းသီးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ဆွေဆွေက ပြောပြ၍ သိရသည်။

ညောင်တုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ယခုနှစ် အောက်တိုဘာလအတွင်းက အုန်းသီးအနု အလုံးရေ ၃၈၀၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး နိုဝင်ဘာ ၁ ရက်မှ ၃၀ ရက်ထိ အုန်းသီးအနုအလုံးရေ ၅၈၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါတင်ပို့ရောင်းချခဲ့ရသည့် အုန်းသီးအနုအလုံးရေ ၁၀၀ လျှင် ငွေကျပ် ၇၈၀၀၀ ထိ ဈေးပေါက်နေကြောင်း သိရသည်။

"ဒီဘက်ကနေထွက်ရှိတဲ့ဒေသထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ကိုပဲ အဓိကတင်ပို့ရောင်းချခဲ့ပါတယ်။ နိုဝင်ဘာလထဲမှာလဲ အုန်းသီးအနုတွေ ဝယ်ယူမှုအားကောင်းခဲ့ပါတယ်။ ရန်ကုန်ဈေးကွက်က လက်ရှိ ဒီဇင်ဘာလထဲမှာလဲ အုန်းသီးအနုတွေဝယ်ယူမှုအားကောင်းနေပါတယ်။ ဒေသထွက်အုန်းသီးအနုတွေ ဝယ်ယူမှုကောင်းလာတဲ့အတွက် စိုက်ပျိုးတဲ့သူတွေ ဝင်ငွေရရှိနေပါတယ်" ဟု ညောင်တုန်းမြို့နယ်မှ အုန်းသီးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဆွေဆွေက ပြောပြသည်။

ညောင်တုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ အုန်းသီးအနုများပိုမိုတင်ပို့ရောင်းချနေရသည့်အတွက် ပွဲရုံပိုင်ရှင်များ၊ အုန်းသီးစိုက်ပျိုးသူများ၊ ကုန်တင်ကုန်ချလုပ်သားများ၊ကုန်တင်ယာဉ်အငှားလိုက်သူများ အလုပ်အကိုင်အခွင့်အလမ်းကောင်းမွန်နေကြောင်း ညောင်တုန်းမြို့နယ်မှ အုန်းသီးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဆွေဆွေက ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဓေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# ငဖဲမြို့နယ် ပြန်ကြည့်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေး

**ငဖဲ ဒီဇင်ဘာ ၂၇**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ငဖဲမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ပြန်ကြည့်ကျေးရွာ၌ နဝမအကြိမ် မြစိမ်းရောင်ကျေးရွာ စီမံကိန်း ရန်ပုံငွေထုတ်ချေးခြင်းကို ဒီဇင်ဘာ ၂၆ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ အဆိုပါကျေးရွာ၌ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ငဖဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဖြိုးပြည့်စုံဟိန်းက မြစိမ်းရောင်ကျေးရွာ စီမံကိန်း လက်စွဲစာစောင်ပါ ညွှန်ကြားချက်များ၊ စီမံကိန်းဆောင်ရွက်ရခြင်းကြောင့် ရရှိလာမည့် အကျိုးကျေးဇူးများ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်း သတ်မှတ်ချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ငဖဲမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုတက်ရေးဦးစီးဌာနမြို့နယ်ဦးစီးမှူးဒေါ်ဖြိုးပြည့်စုံဟိန်းနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင် ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေများ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် ကျေးရွာမြစိမ်းရောင်စီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ပြန်ကြည့်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေ နဝမ အကြိမ်အဖြစ် စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ အသေးစား စက်မှုလက်မှုလုပ်ငန်း လုပ်ကိုင်မည့် အသင်းသား၊ အသင်းသူ စုစုပေါင်း ၁၆၃ ဦးကို ရန်ပုံငွေကျပ် ၄၃၈ ဒသမ ၅ သိန်း ထုတ်ချေးပေးခဲ့ကြောင်း ငဖဲမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဖြိုးပြည့်စုံဟိန်းထံမှ သိရသည်။

**ဇင်မာ**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် မန္တလေးမြို့ ၈၃ လမ်း၊ ၃၈-၃၉ လမ်းကြားနေ ဒေါ်ခင်ခင်လေး(ရွှေနဂါးခန်းမ)မိသားစုက ဆွမ်းအလှူငွေကျပ် ၅၀၀၀၀၀ လှူဒါန်းရာ ဆေးရုံအုပ် ဒေါက်တာဦးတင်ဝင်းနှင့် ဆွမ်းကွမ်းအဖွဲ့ဝင် ဦးဝင်းမြင့်တို့က လက်ခံရယူစဉ်။

# ပွင့်ဖြူမြို့နယ်၌ ယခုနှစ် မိုးသီးနှံရာသီက စိုက်ပျိုးခဲ့သည့် ချည်မျှင်ရှည်ဝါ ၂၄၅၇ ကေထိ ရိတ်သိမ်းပြီးစီးပြီဖြစ်



**ပွင့်ဖြူ ဒီဇင်ဘာ ၂၇**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သည့် ချည်မျှင်ရှည်ဝါ ၂၄၅၇ ကေထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောပြ၍ သိရသည်။

ပွင့်ဖြူမြို့နယ်၌ ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီ၌ ချည်မျှင်ရှည်ဝါ ၅၈၁၄ ကေ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးထားသော ချည်မျှင်ရှည်ဝါစိုက်ခင်းများကို ယခုနှစ် ဒီဇင်ဘာ ဒုတိယပတ်က စတင်ရိတ်သိမ်းခဲ့ရာ ယနေ့ထိ ချည်မျှင်ရှည်ဝါ ၂၄၅၇ ကေ ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့တဲ့ ချည်မျှင်ရှည်ဝါ စိုက်ခင်းတွေကို ဒီဇင်ဘာလ ဒုတိယပတ်က စတင်ရိတ်သိမ်းခဲ့ပါတယ်။ ဒီနေ့ထိ ၂၄၅၇ ကေ ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ တစ်ကေကို ၅၂၉ ဒသမ ၈၅ ပိဿာ ထွက်ရှိပါတယ်" ဟု ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောပြသည်။

ပွင့်ဖြူမြို့နယ်၌ ယခုနှစ် ချည်မျှင်ရှည်ဝါ စိုက်တောင်သူများကို ဒေသနှင့် ကိုက်ညီသည့်မျိုးကောင်းမျိုးသန့်များစိုက်ပျိုးနိုင်ရေး၊ စိုက်နည်းစနစ်များ မှန်ကန်စေရေး၊ သီးနှံပိုးမွှားရောဂါ ကင်းရှင်းရေးစသည့် တောင်သူအသိပညာပေးလုပ်ငန်းများကို ပံ့ပိုးကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ချည်မျှင်ရှည်ဝါစိုက်ပျိုးခြင်းကို ကန်ပြည့်ကျေးရွာ၊ ကျွဲထိကျေးရွာ၊ မဒဲကျေးရွာ၊ ကျောင်းကုန်းကြီးကျေးရွာ၊ ကျစ်ကိုင်းကျေးရွာ၊ ရေပုတ်ကြီးကျေးရွာ၊ ချောင်းဆုံကျေးရွာ၊ မဲဇလီကျေးရွာ၊ ဇီးတောကျေးရွာ၊ ကျွဲတံခါးကျေးရွာ၌ ဝါသီးနှံများကို အများဆုံး စိုက်ပျိုးကြကြောင်း သိရသည်။

အဆိုပါ ဝါသီးနှံအထွက်နှုန်းကောင်းမွန်အောင်စိုက်ပျိုးနိုင်ပါက ပြည်တွင်းမှထွက်ရှိသည့် အဝတ်အထည်များကို စျေးနှုန်းသက်သာစွာဖြင့် ဖြန့်ဖြူးရောင်းချနိုင်မည်ဖြစ်သည့်အတွက် ချည်မျှင်ရှည်ဝါကေများ ထပ်မံတိုးချဲ့စိုက်ပျိုးရန် ကြိုးပမ်းသင့်ကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေထံမှ သိရသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**

# ဖာပွန်မြို့နယ် ပုဇွန်မြောင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း စစ်ဆေး

**ဖာပွန် ဒီဇင်ဘာ ၂၇**

ကရင်ပြည်နယ် ဖာပွန်ခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဖာပွန်မြို့နယ် ပုဇွန်မြောင်းကျေးရွာ၌ မြစိမ်းရောင် ကျေးရွာစီမံကိန်းရန်ပုံငွေဖြင့် စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှုအခြေအနေများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဖာပွန်ခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးခင်မောင်ဝင်း၊ မြို့နယ်ဦးစီးမှူး ဦးပြည့်ဦးကိုကိုနှင့် ဝန်ထမ်းများက မြစိမ်းရောင် ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ ပုဇွန်မြောင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်လုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူး ဦးခင်မောင်ဝင်းက စီမံကိန်း ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် သက်ဆိုင်သူအားလုံးက ဝိုင်းဝန်းထိန်းသိမ်းဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

အဆိုပါပုဇွန်မြောင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို နေမှုအခြေအနေများကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ငွေကျပ် သန်း ၃၀ ဖြင့် စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး အဋ္ဌမအကြိမ်အဖြစ် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၁၉ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုသူ ၁၄ ဦး၊ အခြားလုပ်ငန်းလုပ်ကိုင်သူ ကိုးဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၄၂ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၅၁၃ သိန်းကို ထုတ်ချေးပေးထားကြောင်း ဖာပွန်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးခင်မောင်ဝင်းက ပြောပြ၍ သိရသည်။

**ကိုသက်**

# စစ်ကိုင်းခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ငရုတ် ၂၂၁၄ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်

**စစ်ကိုင်း ဒီဇင်ဘာ ၂၇**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ငရုတ်သီးနှံ ၂၂၁၄ ကေ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

စစ်ကိုင်းခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ငရုတ် ၂၃၇၃ ကေ စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် အောက်တိုဘာလ ပထမပတ်မှစတင် စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၂၂၁၄ ကေ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ စစ်ကိုင်းခရိုင်မှာ ငရုတ် ၂၃၇၃ ကေ စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ ဒီနေ့ထိ ၂၂၁၄ ကေစိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားကေပြည့်မီအောင် စိုက်ပျိုး နိုင်ဖို့ ဆောင်ရွက်ပေးနေတယ်။ ငရုတ်စိုက်ပျိုးမှုတွေကတော့ အခြေအနေကောင်းမွန်ပါတယ်"ဟု စစ်ကိုင်းခရိုင်စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်သီတာလွင်က ပြောပြသည်။

ယခုနှစ် စစ်ကိုင်းခရိုင်တွင် မြို့နယ်အလိုက် ငရုတ်သီးနှံစိုက်ပျိုးပြီးစီးမှုအနေဖြင့် စစ်ကိုင်းမြို့နယ်တွင် ၁၀၉၉ ကေ မြင်းမူမြို့နယ်တွင် ၃၂၆ ကေနှင့် မြောင်မြို့နယ်တွင် ၇၈၉ ကေ စုစုပေါင်း ၂၂၁၄ ကေ တို့ဖြစ်ကြောင်း သိရသည်။

ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ စစ်ကိုင်းခရိုင်တွင် ငရုတ်သီးနှံစိုက်ပျိုးရန်အတွက် မြို့နယ်အလိုက် လျာထားမှုအနေဖြင့် စစ်ကိုင်းမြို့နယ်တွင် ၁၁၅၂ ကေ မြင်းမူမြို့နယ်တွင် ၄၅၀ ကေနှင့် မြောင်မြို့နယ်တွင် ၇၇၁ ကေ စုစုပေါင်း ၂၃၇၃ ကေ တို့ဖြစ်ကြောင်း သိရသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ငရုတ်အထွက်နှုန်းကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ပြည်တွင်းစားသုံးမှု ဖူလုံနိုင်မည်ဖြစ်ကြောင်း၊ အဆိုပါဒေသမှ ထွက်ရှိသည့် ငရုတ်များကို အခြားဒေသများသို့ပါ တင်ပို့ရောင်းချနိုင်မည်ဖြစ်သဖြင့် ၎င်းသီးနှံများကို ထပ်မံတိုးချဲ့ စိုက်ပျိုးနိုင်ရန် ကြိုးပမ်းဆောင်ရွက်သင့်ကြောင်း ခရိုင်ဦးစီးမှူး ဒေါ်သီတာလွင်က ပြောပြ၍ သိရသည်။ (၂၀၆)



# ကျန်းမာရေးအတွက် နနွင်းဆေးတစ်ခွက် အပိုင်း(၁)

**ဒေါက်တာလပြည့်ခင်**

**လူသိများထင်ရှားသည့်နနွင်း(ဆနွင်း)**

မြန်မာလူမျိုးတို့၏ ဟင်းလျာများချက်ပြုတ်ရာတွင် မပါမဖြစ်ထည့်သွင်းအသုံးပြုလျက်ရှိပြီး နေ့စဉ်စားသုံးဖြစ်သည့် နနွင်းအကြောင်းကို မျှဝေပေးချင်ပါသည်။ နနွင်း(ဆနွင်း)သည် မြန်မာလူမျိုးများ၏မီးဖိုချောင်တွင် အမြဲရှိသည့်ပစ္စည်းများထဲမှတစ်ခုဖြစ်သည်။ နေ့စဉ်ဟင်းချက်ရာတွင် ဟင်းများကို အရောင်တင်ရန်ဖြစ်စေ၊ ဟင်းခတ်အမွှေးအကြိုင်အဖြစ်ဖြစ်စေ အသုံးပြုလေ့ရှိသည်။ နနွင်း(ဆနွင်း)ကို အင်္ဂလိပ်လိုTumeric ဟုခေါ်ပြီး ရုက္ခဗေဒနာမည်မှာ Curcuma longa L နှင့် မျိုးရင်းမှာ Zingiberaceae ဖြစ်သည်။ နနွင်းပင်သည် မြေအောက်ပင်စည်ပင်မျိုးဖြစ်ပြီး အမြင့် လေးပေကျော်ထိရှိတတ်သည်။ ဘဲဥပုံမြစ်ဥများရှိပြီး မြစ်ဥအတွင်းသားသည် တောက်ပသောအရောင်ရှိသည်။ နနွင်းပင်၏ရွက်ညှာသည် ရွက်ပြားနှင့် အလျားညီပြီး ရွက်ညှာရင်းမှရွက်ပြားထိပ်ထိ အမြှောင်းပါ၍ ရွက်ပြားရှည်မျောမျောပုံဖြစ်ပြီး အဖျားချွန်ကာ အရင်းသွယ်သွယ်နှင့် ရွက်နားညီသဖြင့် ရွက်ကြောများသည် အလွန်ထင်ရှားသည်။ ထို့ကြောင့် နနွင်းပင်၏အရွက်များသည်ကြီးမားပြီး ရှည်မျော မျောလုံ့စွပ်ပုံသဏ္ဌာန်ရှိသည်ဟုဖော်ပြကြသည်။ အဝါနုရောင်ရှိသည့် နနွင်းပွင့်သည် ဆိတ်ဖူးပွင့်နှင့်ဆင်တူပြီး ဝါဆို၊ ဝါခေါင်လတို့တွင်ပွင့်သည်။ အစားအသောက်နှင့် ကုန်ထုတ်လုပ်ငန်းများတွင် နနွင်းမှရသည့်အဆီကိုရေမွှေးပြုလုပ်ရာတွင် ထည့်သွင်းအသုံးပြုပြီး နနွင်းပင်၏အစေးကို အစားအသောက်များတွင် အနံ့အရသာနှင့်အရောင်ထွက် ကောင်းမွန်စေရန် အသုံးပြုကြသည်ဟုသိရသည်။ ခြုံပြီးပြောရလျှင် နနွင်းသည် နနွင်းပင်မှရရှိသည့် ဟင်းခတ်အမွှေးအကြိုင်တစ်ခုဖြစ်ပြီး နနွင်းပင်၏အမြစ်ကိုဆေးအဖြစ် တွင်ကျယ်စွာအသုံးပြုနေကြသည်ကို တွေ့မြင်နိုင်သည်။

**သဘာဝ၏လက်ဆောင်သီးနှံ**

နနွင်းသည် အရှေ့တောင်အာရှအစားအစာများကြားတွင် ရေပန်းစားသည့်ဟင်းခတ်အမွှေးအကြိုင်တစ်ခုဖြစ်ရုံသာမက ကင်ဆာမဖြစ်အောင် တားဆီးပေးနိုင်ခြင်း၊ အဆစ်ရောင်ဝေဒနာကို လျော့ကျစေခြင်း၊ အရောင်ကျစေခြင်း၊ စိတ်ကျဝေဒနာကိုသက်သာစေခြင်း အစရှိသည့်ကျန်းမာရေးကောင်းကျိုးများပေးစွမ်းနိုင်သည့် သဘာဝ၏လက်ဆောင်တစ်ခုဖြစ်သည်။ နနွင်းမှုန့်ကို နနွင်းပင်၏မြေအောက်ပင်စည်အစိတ်အပိုင်းဖြစ်သည့် နနွင်းတက်မှရရှိသည်။ ညိုဝါရောင်အခွံပါးရှိသောနနွင်းတက်၏ အတွင်းသားသည် တောက်ပသောအဝါရောင်ရှိပြီး ထိုနနွင်းတက်ကို အခြောက်လှမ်းအမှုန့်ကြိတ်ခြင်းဖြင့် ရွှေဝါရောင်တောက်ပသော နနွင်းမှုန့်များကိုရရှိသည်။

**နနွင်းအမျိုးအစားများ**

အာယုဗေဒကျမ်းတွင် နနွင်းအမျိုးအစား ခုနစ်မျိုးရှိသည်ဟုဖော်ပြထားသည်။ ဟရိဒ္ဒါဟုခေါ်သည့် စားနနွင်း(နနွင်းရိုးရိုး)၊ ဝနဟရိဒ္ဒါဟုခေါ်သည့် တောနနွင်း(နနွင်းရိုင်း)ဖြစ်ပြီး ဥနှင့်အရွက်သည် ရိုးရိုးနနွင်းထက်ကြီးထွားကာ အနံ့ပြင်းသည်။ အာမဟရိဒ္ဒါကို သရက်ကင်းဟုခေါ်ပြီး မြန်မာလူမျိုးတို့ အတို့အမြှုပ်လုပ်စားသော သရက်ကင်းဥသည် အာယုဗေဒကျမ်းများအလိုအရ နနွင်းဥမျိုးတွင်ပါဝင်သည်။ အိန္ဒိယသားတို့သည် ချက်တနီးခေါ် အချဉ်ပြုလုပ်စားကြသည်။ ကာလီဟရဒ္ဒါ ခေါ် နနွင်းပြာသည် မြန်မာနိုင်ငံတွင် ဂမုန်းတစ်မျိုးအဖြစ် နနွင်းမျိုးတွင်မထည့်ဘဲ အသိအမှတ်ပြုထားပါသည်။ အချို့က ဂမုန်းတိမ်ပြာဟုခေါ်ကြသည်။ ဓာရုဟရိဒ္ဒါ ခေါ် သစ်နနွင်း(သစ်သားနနွင်း) ဝါသောအရောင်ချင်းတူသဖြင့် နနွင်းမျိုးတွင်ထည့်သွင်းထားသည့် ဆူးရှိသည့်သစ်သားမျိုးဖြစ်ပြီး ရှေးဆေးဆရာကြီးများကဆေးရွှေဟုခေါ်၍ သွေးလိမ်းရန်စေခိုင်းကြသည်။ ဝလ္လီဟရိဒ္ဒါ ခေါ် နနွင်းနွယ်သည် အဝါရောင်ရှိသော နွယ်မျိုးဖြစ်ပြီး အခြောက်လှန်း၍ ဆေးဖော်ရာတွင် ထည့်သွင်းအသုံးပြုရန် ပရဆေးဆိုင်များတွင်ရရှိနိုင်သည်။ တိတ္တဟရဒ္ဒါ ခေါ် နနွင်းခါးသည် နနွင်းရိုးရိုးနှင့် ဆင်တူသော်လည်း စားကြည့်လျှင် လွန်စွာခါးကြောင်း သိရသည်။

**ထူးခြားသောနနွင်းများ**

ဆေးဆရာများနှင့် အဂ္ဂိရတ်ဆရာများ အသုံးပြုကြသည့် ဆေးဖက်ဝင်သည်ဟုဆိုသော နနွင်းဖြူနှင့် နနွင်းနက်တို့ကဲ့သို့ ထူးခြားသောနနွင်းများလည်း ရှိသေးသည်။ ထိုနနွင်းများသည် လွယ်ကူစွာရှာ၍ရနိုင်သော နနွင်းမျိုးမဟုတ်သဖြင့် ရိုးရိုးနနွင်းထက် တန်ဖိုးကြီးမားသည်။



နနွင်းဖြူမှာ အလွန်ရှားသည်ဟုဆိုသည်။ နနွင်းဖြူနှင့် ဂမုန်းခွက်ပေါက်တို့ကိုတွဲ၍ ပြဒါးဖမ်းရာတွင် အသုံးပြုသည်ဟုဆိုသည်။ နနွင်းနက်သည်လည်း အလွန်ဆေးဖက်ဝင်ပြီး ပျားရည်နှင့်စိမ်၍ ဆေးဖော်စားလျှင် ဆံပင်ဖြူများကိုပင်ပြန်၍ နက်စေသည်ဟု အဆိုရှိသည်။ ထိုကဲ့သို့ နနွင်းအမျိုးအစားများစွာရှိသည့်အနက် နနွင်းရိုးရိုးကိုဟင်းခတ်ရန်နှင့် ဟင်းဆီသတ်ရာတွင် အရောင်အဆင်းလှစေရန်အတွက် အသုံးပြုကြသည်။

**နနွင်းတွင် ပါဝင်သောဓာတ်များနှင့် ပျောက်ကင်းနိုင်သည့်ရောဂါများ**

နနွင်းတွင် Monoterpenes၊ Sequiterpenes ၊ Essential Oils (Turmerone၊ Zingiberene၊ Cine–ole)နှင့် Curcumin စသည့်ဓာတ်များနှင့် ဗီတာမင် B6၊ ဗီတာမင်C၊ ပိုတက်စီယမ် (K)၊ မဂ္ဂနီဆီယမ် (Mg)၊ ကော့ပါး(Cu)၊ ဇင့်(Zn) အစရှိသည့် ဗီတာမင်နှင့်သတ္တုဓာတ်များ ကြွယ်ဝများပြားစွာပါဝင်သည့်အတွက် ကျန်းမာရေးကို လွန်စွာအထောက်အကူပြုသည်။ အဓိကအားဖြင့်နနွင်းမှုန့်ကို အဖျားရောဂါ၊ ငန်းရောဂါ၊ ဝမ်းရောဂါ၊ ရောင်ရမ်းနာကျင်ကိုက်ခဲသောရောဂါ၊ ဆီးအောင့်ဆီးကျောက်တည်ရောဂါ၊ အစာအိမ်ရောဂါ၊ မီးဖွားပြီးနောက် သွေးပုပ်ကျန်သောရောဂါနှင့် မှိုင်းရှူဆေး၊ နှာမှုတ်ဆေးများဖော်စပ်ရာတွင် ထည့်သွင်းအသုံးပြုသည်။ နနွင်းကို အဆစ်ရောင်ခြင်း၊ ရင်ပူခြင်း၊ အဆစ်ကိုက်ခြင်း၊ အစာအိမ်အောင့်ခြင်း၊ အူလမ်းကြောင်းအနာဖြစ်သည့်ရောဂါ၊ ဝမ်းပျက်ခြင်း၊ လေထိုးလေပွခြင်း၊ အစာစားချင်စိတ်မရှိခြင်း၊ မျက်စိဝါ၊ အသားဝါခြင်း၊ အသည်းရောဂါ၊ အစာအိမ်အနာများ၊ lichenus planus ခေါ် အရေပြားရောဂါတစ်မျိုး၊ ပင်ပန်းနွမ်းနယ်ခြင်း၊ ဓာတ်ရောင်ခြည်ကုထုံးကြောင့် အရေပြားရောင်ရမ်းခြင်း စသည့်ကျန်းမာရေးပြဿနာအမျိုးမျိုးအတွက် အသုံးပြုကြသည်။

ထို့ပြင် ခေါင်းကိုက်ခြင်း၊ လေပြွန်ရောင်ခြင်း၊ အအေးမိဝေဒနာ၊ အဆုတ်ပိုးဝင်ခြင်း၊ တစ်ကိုယ်လုံးနာကျင်ကိုက်ခဲခြင်း၊ အနာကြီးရောဂါ၊ ဖျားနာခြင်း၊ ဓမ္မတာလာစဉ်ဖြစ်တတ်သည့်ဝေဒနာများ၊ အရေပြားယားယံခြင်း၊ ကင်ဆာရောဂါများ၊ ဆီးအိတ်ရောင်ရမ်းခြင်းနှင့် ကျောက်ကပ်ရောဂါများအတွက်လည်း နနွင်းကိုအသုံးပြုနိုင်ကြောင်း သိရသည်။

**နနွင်းတွင်ပါဝင်သည့် Curcumin ဓာတ်၏အကျိုးကျေးဇူးများ**

နနွင်းတွင်ပါဝင်သည့် Curcumin ဓာတ်သည် ဗီတာမင် C နှင့် ဗီတာမင် E ကဲ့သို့ အစွမ်းထက်သောဓာတ်တိုးဆန့်ကျင်အာနိသင် (Anti–oxidants) ပါရှိသည့်အတွက် အရွယ်တင်နုပျိုစေကာ ကင်ဆာရောဂါများကို တစ်ဖက်တစ်လမ်းက ကာကွယ်ပေးသည်။ သုတေသနများအရ Curcumin ဒြပ်ပေါင်းသည် အစာအိမ်မှအက်စစ်ရည်အထွက်များခြင်းကို လျော့နည်းသက်သာစေပြီး အစာအိမ်နှင့် အူနံရံအတွင်း မျက်နှာပြင်များကိုကာကွယ်ပေးသည့်အတွက် အက်စစ်ရည်အထွက်များ၍ အစာအိမ်အနာဖြစ်ခြင်းနှင့် အူလမ်းကြောင်းတွင် အနာဖြစ်ခြင်းမှ တားဆီးကာကွယ်ပေးနိုင်သည်။ Curcumin ဒြပ်ပေါင်းသည် အာရုံကြောဆဲလ်များကို တိုးပွားများပြားစေသည့်အတွက် ယခုနောက်ပိုင်းအဖြစ်များလာသည့် စိတ်ကျရောဂါ (Depression Disease) နှင့် အယ်ဇိုင်းမားအား (Alzheimer’s Disease) ရောဂါတို့ကိုပါ အတိုင်းအတာတစ်ခုထိ ကာကွယ်ပေးနိုင်သည်။ အထူးသဖြင့် နနွင်းတွင်ပါသည့် Curcumin ဓာတ်သည် ကျန်းမာရေးအတွက် အလွန်အကျိုးများပြီး Curcumin ဓာတ်သည် ရောင်ရမ်းမှုများကို လျော့ပါးသက်သာစေသည့်အစွမ်း (Anti–inflammatory Action) ရှိသည့်အတွက် အရိုးအဆစ်များ ရောင်ရမ်းခြင်း၊ ဒူးနာ၊ ခြေချင်းဝတ်နာခြင်း၊ ဓာတ်မတည့်၍ လေပြွန်ရောင်ခြင်း အစရှိသည့်ရောဂါများကို သက်သာစေနိုင်သည်။

**မြန်မာ့ဆေးကျမ်းပါနနွင်း၏ဂုဏ်သတ္တိများ**

မြန်မာ့ဆေးကျမ်းများတွင် နနွင်းသည်ပူ၏။ စပ်ရှားရှားအရသာရှိ၏။ ခါးသက်ပြီး ဆိမ့်သောအရသာအနည်းငယ်ရှိ၏။ ကိုယ်ရေချွေးစေ၏။ ပူသောဂုဏ်သတ္တိရှိ၏။ လေကိုနိုင်၏။ ဝမ်းမီးကိုတောက်စေပြီး အစာမကြေရောဂါကို ပျောက်ကင်းစေတတ်၏ဟူ၍လည်းကောင်း၊ နိဃဏ္ဍုကျမ်းများတွင် နနွင်းသည် စားသုံးသူကို လှပစေတတ်၏။ စင်ကြယ်စေတတ်၏။ မိန်းမတို့အတွက် ဆေးကောင်းဖြစ်၏။ သည်းခြေ၊ သလိပ်၊ လေ၊ သွေးဒေါသများကိုနိုင်၏။ ဆီးရောဂါ၊ အရေပြားရောဂါ၊ အနာပေါက်ရောဂါ၊ ရောင်ခြင်း၊ အသားဝါရောဂါ၊ အဆိပ်သင့်နာ၊ ထိပ်ကပ်နာ၊ နှုတ်မမြိန်ရောဂါ၊ အစာမကြေရောဂါတို့ကို ပျောက်ကင်းစေတတ်သည့်စွမ်းရည်သတ္တိများရှိသည်ဟုလည်းကောင်း ဖော်ပြထားသည်။

နနွင်းသည် ပဉ္စဘူတမယံဒဗ္ဗဘုတ်ငါးပါးဖြစ်သည့် ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယောနှင့် အာကာသတို့ဖြင့်ပြည့်စုံသော ဆေးပစ္စည်းဖြစ်သည်ဟု အာယုဗေဒကျမ်းများတွင် ဖော်ပြထားသည်။ နနွင်းသည် ပူ၏(တေဇော)။ ဆိမ့်ဖန်သောအရသာရှိ၏(အာပေါ၊ ပထဝီ)။ ခါးသက်သောအရသာရှိ၏(ဝါယော)။ စပ်ရှားရှားအရသာရှိ၏ (အာကာသ)။ ထိုကဲ့သို့ ဘုတ်ငါးပါးလုံး ထူးခြားစွာပေါင်းစပ်နေသောဆေးပစ္စည်းမှာ အလွန်ရှားပါးပြီးရောဂါကုသရာတွင် ဆေးဆရာ၏ဉာဏ်ကွန့်လျှင် ကွန့်နိုင်သလို ရောဂါပေါင်းစုံအတွက် ဆေးဖက်ဝင်ဖြစ်သည်။ နနွင်းသည် အပူဟုဆိုသော်လည်း ဖျက်ဆီးတတ်သောအပူမျိုးမဟုတ်ဘဲ နနွင်း၌ရှိသော အပူတေဇောဓာတ်သည် အကျိုးပြုသောတေဇောဖြစ်သည်။ ခန္ဓာကိုယ်အတွက် အကျိုးပြုသောအစာကိုကြေညက်စေသည့်(ပါစကတေဇော) ဝမ်းမီးနှင့်ခန္ဓာကိုယ်၏အပူအအေးကိုထိန်းညှိပေးနေသော ကိုယ်စောင့်ဓာတ်မီး(ဥသမ္မာတေဇော)တို့ဖြစ်သည်။

နနွင်းတွင် ခန္ဓာကိုယ်ကို ပျက်စီးစေသည့် လောင်မြိုက်စေသည့် လွန်ကဲသော အပူဒါဟတေဇော(လောင်မီး၊ မီးတောက်မီးလျှံ)၊ ဥဏှတေဇော (ငုပ်စွဲလောင်သောမီး)၊ ဇီရဏတေဇော (ဆွေးမြည့်အောင် လောင်စေသောမီး)၊ သံတပ္ပဏတေဇော (မြိုက်လောင်သောအပူ) စသောမီးများမပါဝင်ပေ။ အမျိုးသမီးများ၏ အဆင်တန်ဆာအဖြစ် နနွင်းကို အာယုဗေဒကျမ်းများက ချီးကျူးဖော်ပြကြသည်။ နနွင်းသည် အမျိုးသမီးများ သွေးသားသန့်စင်စေသောဆေးကောင်းဖြစ်သည်။ မီးနေချိန်မှစ၍ သွေးဆုံးချိန်ထိ မိန်းမများအတွက် ဆေးကောင်းဖြစ်သည်။ ယောကျ်ားမှာ ဆီး၊ မိန်းမမှာမီး ဟူသောစကားအတိုင်း မီးယပ်သွေးမှန်ကန်စေသော သွေးသားသန့်စင်စေသောဆေးအဖြစ် နနွင်းကို ရှေးဆရာများ အဆက်ဆက်ကတည်းက သုံးစွဲလာခဲ့ကြခြင်းဖြစ်သည်။ နနွင်းသည် ခန္ဓာကိုယ်အတွက်သာမက ဦးနှောက်နှင့် စိတ်ကိုပါ ကျန်းမာစေနိုင်သည့်အတွက် မကြာမကြာ သို့မဟုတ် နေ့စဉ်ဟင်းချက်ရာတွင် မဖြစ်မနေထည့်သွင်း၍ စားပေးသင့်သည်။

**နနွင်းမသုံးစွဲသင့်သောရောဂါများ**

သည်းခြေအိတ်တွင် ကျောက်တည်သည့်သူများ၊ သည်းခြေပြွန်ပိတ်သည့်ရောဂါရှိသူများ၊ ကိုယ်ဝန်လနုသောကိုယ်ဝန်ဆောင်များ၊ ကျောက်ကပ်တွင်ကျောက်တည်ရောဂါရှိသူများအနေဖြင့် နနွင်းကို မစားသင့်သကဲ့သို့ ကိုယ်ဝန်ဆောင်မိခင် သို့မဟုတ် ကလေးနို့တိုက်နေသည့် မိခင်တစ်ဦးအနေဖြင့်လည်း မည်သည့်ဆေးကိုမဆို ဆရာဝန်ညွှန်ကြားမှုမပါဘဲ မသောက်သုံးသင့်ပါ။ တိုင်းရင်းဆေး၊ အားဖြည့်ဆေးများအပါအဝင် လက်ရှိသောက်သုံးနေသည့်ဆေးအာလုံးကို မိမိ၏ဆရာဝန်သိအောင် ပြောပြထားရန်လိုအပ်သည်။ နနွင်း သို့မဟုတ် အခြားဆေးဝါးများတွင်ပါဝင်သည့် ပစ္စည်းတစ်မျိုးမျိုးနှင့်ဓာတ်မတည့်ခြင်း၊ ရောဂါ ဝေဒနာတစ်ခုခုခံစားနေရခြင်း၊ အစားအသောက်၊ ဆိုးဆေး၊ ကြာရှည်ခံဆေး သို့မဟုတ် တိရစ္ဆာန်များနှင့်ဓာတ်မတည့်ခြင်း စသည်တို့ကို သိထားသင့်သည်။

သာမန်ဆေးဝါးများ အသုံးပြုခြင်းထက်စာလျှင်

စာမျက်နှာ ၅ သို့ ➤

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

“လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အဓမ္မဝင်ရောက်နေထိုင်နေသည့်မြို့ရွာများ၌ တပ်မတော်၏တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကိုလုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေ ကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါလက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အဓမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့ရွာများရှိပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။”

( ၃-၉-၂၀၂၄ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအားပြောကြားသည့် အမှာစကားမှကောက်နုတ်ချက် )

## ကျွန်းလှမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော အစေ့ထုတ်ပြောင်း ၁၅၀၁၂ ဧက ရိတ်သိမ်းပြီးစီး



ကျွန်းလှ ဒီဇင်ဘာ ၂၇

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကျွန်းလှမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော အစေ့ထုတ်ပြောင်း ၁၅၀၁၂ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ကျွန်းလှမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကျွန်းလှမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်း ၁၅၀၁၂ ဧကထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးထားသောစိုက်ခင်းများကို ယခုနှစ် ဩဂုတ်လမှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့ထိ ၁၅၀၁၂ ဧကေ ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၄၈ ဒသမ ၆၉ တင်း ထွက်ရှိကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ကျွန်းလှမြို့နယ်မှာ အစေ့ထုတ်ပြောင်း ၁၅၀၁၂ ဧကထိစိုက်ပျိုးနိုင်ခဲ့တယ်။ လက်ရှိအချိန်မှာတော့ စိုက်ပျိုးထားတဲ့အစေ့ထုတ်ပြောင်း ဧကအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ တောင်သူတွေက အစေ့ထုတ်ပြောင်းတွေကို သီးသန့်စိုက်ကြသလို ပဲစင်းငုံနဲ့လဲ သီးညှပ်စိုက်ပျိုးကြပါတယ်။ အခုပြောင်းစိုက်ခင်းတွေ အောင်မြင်ဖြစ်ထွန်းနေပါတယ်"ဟု ကျွန်းလှမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြင့်မြင့်ရီက ပြောပြသည်။

ယခုနှစ် ကျွန်းလှမြို့နယ်တွင် အစေ့ထုတ်ပြောင်းစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သင်တန်းပေးခြင်း၊ ကွင်းသရုပ်ပြပွဲများ ဆောင်ရွက်ခြင်း၊ ဖောင်မြှောင်တောင်ပိုး ကြိုတင်ကာကွယ်ရေး၊ သဘာဝမြေဩဇာများပြုလုပ်သုံးစွဲရေးနှင့် ပိုးသတ်ဆေးများ စနစ်တကျသုံးစွဲရေး စသည့်စိုက်ပျိုးရေးဆိုင်ရာ အသိပညာများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ကျွန်းလှမြို့နယ်တွင် ယခုနှစ် အစေ့ထုတ်ပြောင်း စိုက်ပျိုးရာ၌ တစ်ဧကလျှင် တင်း ၄၀ ကျော် ထွက်ရှိပြီး တစ်ဧကစိုက်ပျိုးပါက ငွေကျပ် ငါးသိန်းခန့် ကုန်ကျစရိတ်ရှိကြောင်း၊ ပြောင်းသီးနှံများကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင်စိုက်ပျိုးနိုင်ပါက နိုင်ငံတွင်းစားသုံးမှုဖူလုံစေရုံသာမက ပြည်ပသို့ပို့ကုန်အဖြစ်ပါ တိုးတက်ထုတ်လုပ်တင်ပို့နိုင်မည်ဖြစ်သောကြောင့် အထွက်နှုန်း တိုးတက်ကောင်းမွန်စေရေး ဒေသမရွေးကြိုးပမ်းကြရမည်ဖြစ်ကြောင်း သိရသည်။ (၂၀၆)

➤ စာမျက်နှာ ၄ မှအဆက်

အပင်မှရရှိသည့်ဆေးဝါးများ အသုံးပြုခြင်းသည် ကန့်သတ်ချက်ပိုနည်းသော်လည်း စိတ်ချရမှုအတိုင်းအတာကို အဆုံးအဖြတ်ပေးရန် လေ့လာစမ်းသပ်မှုများ ဆက်လက်ပြုလုပ်ရန် လိုအပ်နေသောကြောင့် ဆေးပင်အသုံးပြုခြင်းမှရရှိလာမည့် ကောင်းကျိုး၊ ဆိုးကျိုးများကို ချိန်ဆနိုင်ရန်အတွက် မိမိ၏ဆရာဝန် သို့မဟုတ် ဆေးပညာရှင်နှင့် တိုင်ပင်ရန်လိုအပ်မည်ဖြစ်သည်။ နနွင်းကို သောက်ဆေး သို့မဟုတ် အရေပြားလိမ်းဆေးအဖြစ် ရှစ်လထိ စိတ်ချစွာအသုံးပြုနိုင်သည်ဟု ယူဆထားသည်။

နနွင်းကို ဝမ်းနုတ်ဆေးသို့မဟုတ် ပလုတ်ကျင်းဆေးရည်အဖြစ် ရေတိုအသုံးပြုမည်ဆိုလျှင်လည်း အန္တရာယ်ဖြစ်နိုင်ခြေနည်းပါးသည်။ နနွင်းကို အဆစ်ရောင်ခြင်း၊ ရင်ပူခြင်း၊ အဆစ်ကိုက်ခြင်း၊ အစာအိမ်အောင့်ခြင်း၊ Crohn’s ရောဂါ၊ အူလမ်းကြောင်းအနာဖြစ်သည့်ရောဂါ၊ Bypass Surgery ခေါ် ခွဲစိတ်ကုသခြင်းတစ်မျိုး၊ သွေးယိုခြင်း၊ ဝမ်းပျက်ခြင်း၊ လေထိုးလေပွခြင်း၊ အစာစားချင်စိတ်မရှိခြင်း၊ မျက်စိဝါ၊ အသားဝါခြင်း၊ အသည်းရောဂါ၊ Helicobacter Pylori ပိုးကူးစက်ခံရခြင်း၊ အစာအိမ်အနာများ၊ Irritable Bowel Syndrome ခေါ် အူလမ်းကြောင်းရောဂါတစ်မျိုး၊ သည်းခြေအိတ်ရောဂါများ၊ သွေးတွင်းကိုလက်စထရော ပမာဏများပြားခြင်း၊ Lichenus Planus ခေါ် အရေပြားရောဂါတစ်မျိုး၊ ခတ်ရောင်ခြည်ကုထုံးကြောင့် အရေပြားရောင်ရမ်းခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်း စသည့်ကျန်းမာရေးပြဿနာအမျိုးမျိုးအတွက် အသုံးပြုကြသည်။

အချို့လူများသည် နာကျင်မှုဝေဒနာ၊ ပွေး၊ အဆစ်လွဲခြင်း၊ ရောင်ရမ်းခြင်း၊ အညိုမည်းစွဲခြင်း၊ မျှော့တွယ်ခြင်း၊ မျက်စိပိုးဝင်ခြင်း၊ ဝက်ခြံပေါက်ခြင်း၊ အရေပြားရောင်ရမ်းခြင်း၊ အရေပြားအနာဖြစ်ခြင်း၊ ခံတွင်း ထဲအနာပေါက်ခြင်း၊ အနာပိုးဝင်ခြင်းနှင့် သွားဖုံးရောဂါများအတွက် လိမ်းဆေးအဖြစ်အသုံးပြုကြသကဲ့သို့ အူလမ်းကြောင်းရောင်ရမ်းသည့်ရောဂါရှိသူများသည် ဝမ်းနုတ်ဆေးအဖြစ် အသုံးပြုကြသည်။ နနွင်း၏အသုံးဝင်ပုံအမျိုးမျိုးနှင့် ကျန်းမာရေးအကျိုးကျေးဇူးအမျိုးမျိုးကိုလည်း ဆက်လက်ဖော်ပြသွားပါမည်။

## ကျေးရွာအလှ ရှမဝ

\- လေးနာရီ ကလတက်
နရီစည်းချက် အချိန်မှန်၊
ဆွမ်းချက်ရန် အချက်ပေး
ရွာကျေးမူဟန်၊
ကြက်ဖတို့ တွန်ကျူးသံ
နားဝင်ပီယံ မင်္ဂလာရှို၊
ကျေးတောရွာ နံနက်အလှ
အေးမြပေ၏။

\- နိဗ္ဗာန်ဆော် ဘွန်ဗျောဟစ်လို့
နေ့သစ်စ ကျေးတောရွာ၊
သပိတ်ကို ရင်ဝယ်ပိုက်
တန်းစီလိုက်လာ၊
ဆွမ်းခံကြွ မြတ်သံဃာ
ပျိုကညာ သဒ္ဓါဆွမ်း၊
တဘက်ခြုံ လောင်းလှူအပြုံးနဲ့
ပီတိဖုံးလွှမ်း။

\- တာဝန်တွေ ကိုယ်စီထမ်း
အလုပ်ကြမ်းနဲ့ တို့တောင်သူ၊
လယ်ကိုခင် တောခလေ့နဲ့
ပျော်မွေ့စိတ်ဖြူ၊
ရိုးသားခြင်း ဂုဏ်ကိုထူ
ဖေးမကူ မနှောလှ၊
သီးနှံတွေ ရာသီအလိုက်
စိုက်ပျိုးနေကြ။

\- ကိုယ့်တာဝန် ကိုယ်ယူမှ
တိုးတက်လှ ရွာအခြေ၊
သာသနာ ရောင်ဝါထွန်း
ကျွန်းဇမ္ဗူမြေ၊
စီးပွားရေးအဆင်ပြေ
အလုပ်အကိုင်တွေ ပွင့်လန်း၊
ကျေးတောရွာ ပသာဒ
သာစွအေးချမ်း။ ။

ချစ်သက်(မြန်မာစာ)

# နိုင်ငံတကာ သတင်းများ

## အိန္ဒိယဝန်ကြီးချုပ်ဟောင်း မန်မိုဟန်ဆင်း ဒီဇင်ဘာ ၂၆ ရက်တွင် ကွယ်လွန်

**ဒေလီ ဒီဇင်ဘာ ၂၇**

အိန္ဒိယနိုင်ငံ၏ အောင်မြင်မှုအရှိဆုံး နိုင်ငံရေးခေါင်းဆောင်တစ်ဦးဖြစ်သည့် ဝန်ကြီးချုပ်ဟောင်း မန်မိုဟန်ဆင်းသည် ဒီဇင်ဘာ ၂၆ ရက်တွင် ကွယ်လွန်ခဲ့ကြောင်း သိရသည်။

ကွယ်လွန်ချိန်တွင် ဝန်ကြီးချုပ်ဟောင်း မန်မိုဟန်ဆင်း၏အသက်မှာ ၇၂ နှစ်ထိ ရှိပြီဖြစ်ကြောင်း အိန္ဒိယမီဒီယာများက သတင်းထုတ်ပြန်ထားသည်။

ဝန်ကြီးချုပ်ဟောင်း မန်မိုဟန်ဆင်းသည် ၂၀၀၄ ခုနှစ်မှ ၂၀၁၄ ခုနှစ်ထိ အိန္ဒိယဝန်ကြီးချုပ်ရာထူးကို နှစ်ကြိမ်ဆက်တိုက်ရယူနိုင်ခဲ့သောအိန္ဒိယနိုင်ငံရေးခေါင်းဆောင်ဖြစ်သည်။

ဝန်ကြီးချုပ်ရာထူး ရယူထားစဉ်အတွင်း မန်မိုဟန်ဆင်းသည် အိန္ဒိယနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးမှုနှုန်းကိုမြှင့်တင်ပေးနိုင်ခဲ့ပြီး ပြည်သူသန်းပေါင်းများစွာကို ဆင်းရဲတွင်းမှ ဆွဲထုတ်ပေးနိုင်ခဲ့သူဖြစ်သည်။

အထူးချွန်ဆုံး ခေါင်းဆောင်တစ်ဦးဖြစ်သည့် မန်မိုဟန်ဆင်းကို ဆုံးရှုံးခဲ့ရသည့်အတွက် အိန္ဒိယနိုင်ငံအနေဖြင့် ဝမ်းနည်းကြေကွဲရကြောင်း လက်ရှိ အိန္ဒိယဝန်ကြီးချုပ် မိုဒီက ၎င်း၏လူမှုမီဒီယာစာမျက်နှာပေါ်တွင် ရေးသားထားသည်။

ဝန်ကြီးချုပ်ဟောင်း မန်မိုဟန်ဆင်းသည် ဗြိတိန် ကိန်းဘရစ်တက္ကသိုလ်နှင့် အောက်စဖို့ဒ်တက္ကသိုလ်တို့၌ ပညာဆည်းပူးခဲ့သော ထင်ရှားသည့်ဘောဂဗေဒပညာရှင်တစ်ဦးလည်းဖြစ်ကြောင်း သိရသည်။

**Ref : Xinhua**
**Trs : KKO**

## မိုဇမ်ဘစ်အကျဉ်းထောင်ဆူပူမှုအတွင်း အကျဉ်းသား ၆၀၀၀ထိ လွတ်မြောက်ခဲ့

**မာပူတို ဒီဇင်ဘာ ၂၇**

မိုဇမ်ဘစ်နိုင်ငံမာပူတိုမြို့ အကျဉ်းထောင်တစ်ခု၌ အဓိကရုဏ်းတစ်ခုဖြစ်ပွားပြီးနောက် ထွက်ပြေးလွတ်မြောက်သွားသည့် အကျဉ်းသားအရေအတွက်မှာ အနည်းဆုံး ၆၀၀၀ထိရှိကြောင်း မိုဇမ်ဘစ်တာဝန်ရှိသူများက ယနေ့တွင် ထုတ်ဖော်ပြောကြားခဲ့သည်။

မာပူတိုမြို့ အကျဉ်းထောင်ဆူပူမှုသည် ဒီဇင်ဘာ ၂၅ ရက် ခရစ္စမတ်နေ့တွင် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

အဆိုပါအကျဉ်းထောင်ဆူပူမှုအတွင်း အကျဉ်းသား ၃၃ ဦး သေဆုံး၍ ၁၅ ဦး ဒဏ်ရာများရရှိခဲ့ကြောင်း မိုဇမ်ဘစ်ရဲတပ်ဖွဲ့က သတင်းထုတ်ပြန်ထားသည်။

မာပူတိုမြို့တွင်း၌ အစိုးရဆန့်ကျင်ရေးဆန္ဒပြပွဲများဖြစ်ပွားနေစဉ် မာပူတိုဗဟိုအကျဉ်းထောင်၌ ဆူပူမှုဖြစ်ပွားခဲ့ပြီး အကျဉ်းသားများထွက်ပြေးလွတ်မြောက်ခဲ့ခြင်းဖြစ်သည်။

ဒီဇင်ဘာ ၂၅ ရက် အကျဉ်းထောင်ဆူပူမှုအတွင်း လွတ်မြောက်ခဲ့သည့် အကျဉ်းသားအရေအတွက်မှာ အနည်းဆုံး ၆၀၀၀ထိရှိကြောင်း မိုဇမ်ဘစ်ရဲတပ်ဖွဲ့တာဝန်ရှိသူများက ပြောကြားခဲ့သည်။

လွတ်မြောက်နေသည့် အကျဉ်းသားများအနေဖြင့် တာဝန်ရှိသူများထံ ပြန်လည်အဖမ်းခံကြရန် မိုဇမ်ဘစ်ရဲတပ်ဖွဲ့က တိုက်တွန်းထားကြောင်း သိရသည်။

**Ref : RT**
**Trs : KKO**



## ယူကရိန်းငြိမ်းချမ်းရေးဆွေးနွေးပွဲ လက်ခံကျင်းပရန် ဆလိုဗက်ကီးယားအဆိုပြုချက် သမ္မတပူတင် ကြိုဆို



**မော်စကို ဒီဇင်ဘာ ၂၇**

ယူကရိန်း ငြိမ်းချမ်းရေးဆွေးနွေးပွဲများကို အိမ်ရှင်အဖြစ်လက်ခံ ကျင်းပပေးရေးအတွက် ဆလိုဗက်ကီးယားနိုင်ငံက အဆိုပြုထားရာ ယင်းအဆိုပြုချက်ကို ရုရှားသမ္မတပူတင်က ဒီဇင်ဘာ ၂၆ ရက်တွင် ကြိုဆိုစကားပြောကြားခဲ့ကြောင်း သိရသည်။

ရုရှားသမ္မတပူတင်နှင့် ဆလိုဗက်ကီးယားဝန်ကြီးချုပ် ရောဘတ်ဖီကိုတို့သည် ယခုရက်သတ္တပတ်အတွင်း မော်စကိုမြို့ ကရင်မလင်နန်းတော်၌ တွေ့ဆုံဆွေးနွေးခဲ့ကြသည်။

ယင်းဆွေးနွေးပွဲတွင် ယူကရိန်းငြိမ်းချမ်းရေး ဆွေးနွေးပွဲများအား အိမ်ရှင်အဖြစ် လက်ခံကျင်းပပေးရန် ဆလိုဗက်ကီးယားဝန်ကြီးချုပ်ရောဘတ်ဖီကို အဆိုပြုခဲ့ကြောင်း သိရသည်။

ဆလိုဗက်ကီးယားနိုင်ငံသည် ကြားနေနိုင်ငံအဖြစ် ရပ်တည်နေသည့်နိုင်ငံဖြစ်ရာ ယူကရိန်းငြိမ်းချမ်းရေး ဆွေးနွေးပွဲများကို အိမ်ရှင်အဖြစ် လက်ခံကျင်းပပေး၍ ရနိုင်ကြောင်း ရုရှားသမ္မတပူတင်က ဒီဇင်ဘာ ၂၆ ရက်တွင် ပြောကြားခဲ့သည်။

ဆလိုဗက်ကီးယားနိုင်ငံသည် ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံ တစ်နိုင်ငံဖြစ်သော်လည်း ယူကရိန်းအတွက် စစ်ရေးအကူအညီများ ဥရောပသမဂ္ဂက ပေးအပ်နေမှုကို အတိအလင်းဆန့်ကျင်ထားသောနိုင်ငံဖြစ်သည်။

ဆလိုဗက်ကီးယားနိုင်ငံသည် ယူကရိန်းစစ်ပွဲ အဆုံးသတ်ရေးအတွက် ရုရှားနိုင်ငံနှင့် ဆွေးနွေးရေးကိုထောက်ခံသည့် နိုင်ငံဖြစ်ကြောင်း သိရသည်။

**Ref : RT**
**Trs : KKO**

## ကုန်းရေနှစ်ထွေ စစ်ဆင်ရေးသုံး စစ်သင်္ဘောသစ်တစ်စီးကို ရေချခဲ့ဟု တရုတ်မီဒီယာများသတင်းထုတ်ပြန်

**ပေကျင်း ဒီဇင်ဘာ ၂၇**



ကုန်းရေနှစ်ထွေ စစ်ဆင်ရေးသုံး စစ်သင်္ဘောသစ် တစ်စီးကို တရုတ်ရေတပ်ကယနေ့တွင် ရေချခဲ့ကြောင်း တရုတ်မီဒီယာများက သတင်းထုတ်ပြန်ထားသည်။

စီချွမ်ဟူ၍ အမည်ပေးထားသည့် ယင်းစစ်သင်္ဘောသစ်သည် ပုံစံ-၀၇၆ အတန်းအစား ပထမဆုံး ကုန်းရေနှစ်ထွေ စစ်ဆင်ရေးသုံး စစ်သင်္ဘောဖြစ်သည်။

စီချွမ် စစ်သင်္ဘောပေါ်တွင် လျှပ်စစ်သံလိုက်ဆွဲအားစနစ်တပ်ဆင်ထားရာ ယင်းသင်္ဘော၏ကုန်းပတ်ပေါ်မှ တိုက်လေယာဉ်များ ပျံတက်နိုင်ကြောင်း သိရသည်။

တရုတ်ရေတပ်သည် စီချွမ် စစ်သင်္ဘောသစ်ကို ကမ်းခြေသို့ ကမ်းတက်ယာဉ်များဖြင့် တပ်ဖွဲ့ဝင်များပို့လွှတ်နိုင်ရန်၊ ယင်းတပ်ဖွဲ့ဝင်များကို လေယာဉ်များဖြင့် ပစ်ကူပေးနိုင်ရန် ပုံစံထုတ်တည်ဆောက်ထားခြင်းဖြစ်သည်။

တန်ချိန် ၄၀၀၀၀ရှိသော စီချွမ် စစ်သင်္ဘောကို အပေါ့စားလေယာဉ်တင်သင်္ဘောအဖြစ် တရုတ်စစ်ရေးကျွမ်းကျင်သူများက သုံးသပ်ထားသည်။

အောင်မြင်စွာ ရေချနိုင်ခဲ့ပြီးနောက် စီချွမ်ကုန်းရေနှစ်ထွေ စစ်ဆင်ရေးသုံး စစ်သင်္ဘောသည် ပင်လယ်ပြင်စမ်းသပ်မှုများဆက်လက်ပြုလုပ်ရမည် ဖြစ်ကြောင်း သိရသည်။

**Ref : Xinhua**
**Trs : KKO**

## ယာယီသမ္မတ ဟန်ဒက်ဆိုးကို စွပ်စွဲပြစ်တင်ရန် တောင်ကိုရီးယားအမျိုးသားလွှတ်တော် မဲခွဲဆုံးဖြတ်

**ဆိုးလ် ဒီဇင်ဘာ ၂၇**

ယာယီသမ္မတ ဟန်ဒက်ဆိုးကို စွပ်စွဲပြစ်တင်ရန် တောင်ကိုရီးယားအမျိုးသားလွှတ်တော်က ယနေ့တွင် မဲခွဲဆုံးဖြတ်ခဲ့သည်။

ယာယီသမ္မတ ဟန်ဒက်ဆိုးအား စွပ်စွဲပြစ်တင်မှုပြုလုပ်ရေး အဆိုကို တောင်ကိုရီးယားအမျိုးသားလွှတ်တော်အမတ်ဦးရေ ၃၀၀ အနက် ၁၉၂ ဦးတို့က ထောက်ခံမဲပေးခဲ့ကြသည်။

ယာယီသမ္မတ ဟန်ဒက်ဆိုးကို စွပ်စွဲပြစ်တင်ရန် တောင်ကိုရီးယားအမျိုးသားလွှတ်တော်က ဆုံးဖြတ်ခဲ့မှုကြောင့် တောင်ကိုရီးယားနိုင်ငံရေး ပိုမိုရှုပ်ထွေးလာနိုင်ကြောင်း လေ့လာသူများက သုံးသပ်ထားသည်။

တောင်ကိုရီးယားအမျိုးသားလွှတ်တော်သည် စစ်အုပ်ချုပ်ရေးဥပဒေ ကြေညာပြဋ္ဌာန်းရန် ကြိုးပမ်းမှုနှင့် သမ္မတ ယွန်းဆွတ်ယိုးကို စွပ်စွဲပြစ်တင်ခဲ့ပြီးနောက် ယာယီသမ္မတ ဟန်ဒက်ဆိုးကိုပါ စွပ်စွဲပြစ်တင်မှုပြုလုပ်ရန် တောင်ကိုရီးယားအမျိုးသားလွှတ်တော်က ဆုံးဖြတ်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

တောင်ကိုရီးယားအမျိုးသားလွှတ်တော်သည် ဒီဇင်ဘာ ၁၄ရက်တွင် သမ္မတယွန်းဆွတ်ယိုးကို စွပ်စွဲပြစ်တင်မှုပြုလုပ်ခဲ့ပြီး သမ္မတအခွင့်အာဏာများ ရုပ်သိမ်းထားပြီးဖြစ်ကြောင်း သိရသည်။

**Ref : Xinhua**
**Trs : KKO**

# SCIENCE AND TECHNOLOGY

## Axion အာကာသကုမ္ပဏီ၏ ပုဂ္ဂလိကအာကာသစခန်းသစ်က မျှော်လင့်ထားသည့်ထက်စော၍ လုပ်ငန်းများစတင်လည်ပတ်နိုင်ဖွယ်ရှိ



ဝါရှင်တန် ဒီဇင်ဘာ ၂၇

အမေရိကန်နိုင်ငံ အခြေစိုက် Axion အာကာသကုမ္ပဏီ၏ ပုဂ္ဂလိက အာကာသစခန်းသစ်သည် မျှော်လင့်ထားသည်ထက် စော၍ လုပ်ငန်းများ စတင်လည်ပတ်နိုင်ဖွယ်ရှိကြောင်း ဒီဇင်ဘာ ၂၆ ရက် သတင်းများအရ သိရသည်။

Axion Space ပုဂ္ဂလိက အာကာသစခန်းအနေဖြင့် ၂၀၂၈ ခုနှစ်တွင် လုပ်ငန်းများ စတင်လည်ပတ်နိုင်ဖွယ်ရှိသည်ဟု Axion ကုမ္ပဏီက သတင်းထုတ်ပြန်ထားကြောင်း သိရသည်။

မူလက Axion ကုမ္ပဏီသည် Axion Space အာကာသစခန်း ယာဉ်သစ်ကို ၂၀၃၀ ပြည့်နှစ်တွင် လုပ်ငန်းစတင်လည်ပတ်နိုင်ရန် မျှော်လင့်ထားသည်။

သို့ရာတွင် Axion ကုမ္ပဏီသည် အာကာသစခန်းယာဉ် တည်ဆောက်တပ်ဆင်မှုလုပ်ငန်းစဉ်ကို ပြန်လည်သုံးသပ်၍ အပြောင်းအလဲများ ပြုလုပ်ခဲ့ပြီးနောက် အာကာသစခန်း တရားဝင်လုပ်ငန်းလည်ပတ် နိုင်မည့်ကာလကို နှစ်နှစ်ရှေ့တိုးနိုင်ခဲ့ခြင်းဖြစ်သည်။

Axion ကုမ္ပဏီသည် ၎င်း၏ အာကာသစခန်းသစ်ကို နိုင်ငံတကာအာကာသစခန်း (ISS) ၌ ချိတ်တွဲတည်ဆောက်၍ တည်ဆောက်မှုလုပ်ငန်း ပြီးဆုံးချိန်တွင် ISS မှခွာထွက်ပြီး သီးခြားရပ်တည်မည်ဖြစ်သည်။

Axion ကုမ္ပဏီသည် ၎င်း၏ ပုဂ္ဂလိကအာကာသစခန်းကို ပင်မကိုယ်ထည်ငါးခုဖြင့် ဖွဲ့စည်းရန် ရည်ရွယ်ထားကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO

## လူ့ဦးနှောက်က သတင်းအချက်အလက်များကို မည်မျှမြန်မြန်စိစစ်ပေးနိုင်သည်ကို သိပ္ပံပညာရှင်များက ပထမဆုံးအကြိမ်အဖြစ် လေ့လာတွက်ချက်ခဲ့

ဝါရှင်တန် ဒီဇင်ဘာ ၂၇

လူ့ဦးနှောက်အနေဖြင့် သတင်းအချက်အလက်များကို မည်မျှမြန်မြန်စိစစ်ပေးနိုင်သည်ကို သိပ္ပံပညာရှင်များက ပထမဆုံးအကြိမ်အဖြစ် လေ့လာတွက်ချက်ခဲ့ကြောင်း ဒီဇင်ဘာ ၂၆ ရက်သတင်းများအရ သိရသည်။

အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယား နည်းပညာအင်စတီကျုမှ သိပ္ပံပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ လူ့ဦးနှောက်၏ သတင်းအချက်အလက် စိစစ်ပေးနိုင်မှု အမြန်နှုန်းသည် ယခင်တွေးထင်ထားသည်ထက် များစွာနှေးကွေးကြောင်း သိရသည်။

လူ့ဦးနှောက်အနေဖြင့် နား၊ နှာခေါင်းနှင့် အရေပြားအပါအဝင် အာရုံငါးပါးက ပို့ဆောင်နေသည့် သတင်းအချက်အလက် ဘစ်(Bits) ဘီလီယံနှင့်ချီ၍ ရရှိနေတတ်ကြောင်း သိရသည်။



သို့ရာတွင် မိမိတို့၏ လေ့လာတွေ့ရှိချက်အရ လူ့ဦးနှောက်သည် လက်ခံရရှိသည့် သတင်းအချက်အလက်များကို တစ်စက္ကန့်လျှင် ၁၀ ဘစ်နှုန်းဖြင့်သာ စိစစ်ပေးနိုင်စွမ်းရှိကြောင်း အမေရိကန်သိပ္ပံပညာရှင်များက ပြောကြားသည်။

သို့ဖြစ်ရာ လူ့ဦးနှောက်၏ သတင်းအချက်အလက် စိစစ်မှုမြန်နှုန်းသည် ကြိုးမဲ့အင်တာနက်လိုင်းများ၏ သတင်းအချက်အလက် စိစစ်နိုင်မှုနှုန်းထက်ပင် များစွာပိုနည်းပါးသည်ဟု သိပ္ပံပညာရှင်များက သုံးသပ်ထားကြောင်း သိရသည်။

ကြိုးမဲ့အင်တာနက်လိုင်းများသည် သာမန်အားဖြင့် သတင်းအချက်အလက်များကို တစ်စက္ကန့်လျှင် ဘစ် သန်း ၅၀ ခန့်ထိ စိစစ်ပေးနိုင်ကြောင်း သိရသည်။

Ref : Xinhua News

Trs : KKO

## အမ်-၈၇ ကြယ်စုကြီးအတွင်းရှိ အမ်-၈၇ စတား မဟာအာကာသတွင်းနက်၌ ဂမ်မာရောင်ခြည် ပေါက်ကွဲမှုဖြစ်ပွားခဲ့

ဝါရှင်တန် ဒီဇင်ဘာ ၂၇

အမ်-၈၇ ကြယ်စုကြီးအတွင်းရှိ အမ်-၈၇ စတားအမည်ရှိ မဟာအာကာသတွင်းနက်၌ ဂမ်မာရောင်ခြည် ပေါက်ကွဲမှုဖြစ်ပွားခဲ့ကြောင်း ဒီဇင်ဘာ ၂၆ ရက်သတင်းများအရ သိရသည်။

အမ်-၈၇ စတား မဟာအာကာသတွင်းနက် ထုတ်လွှတ်နေသော ဂမ်မာရောင်ခြည်များထဲတွင် စွမ်းအင်ဆောင် ဖိုတွန်အလင်းမှုန်များ ပါဝင်ကြောင်း အမေရိကန် သိပ္ပံပညာရှင်များက ပြောကြားသည်။

အမ်-၈၇ စတား မဟာအာကာသတွင်းနက် ဂမ်မာရောင်ခြည်ပေါက်ကွဲမှုကို လေ့လာခြင်းဖြင့် အာကာသတွင်းနက်များဝန်းကျင်ရှိ စွမ်းအင်ဆောင်ရုပ်မှုန်များ၏သဘာဝကို ဖော်ထုတ်ရာတွင် အထောက်အကူပြုနိုင်ဖွယ်ရှိကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

အမ်-၈၇ စတား မဟာအာကာသတွင်းနက်သည် နိုင်ငံတကာ သိပ္ပံပညာရှင်များက ၂၀၁၉ ခုနှစ်တွင် ပထမဆုံးအကြိမ် တိုက်ရိုက်ဓာတ်ပုံရိုက်ကူးနိုင်ခဲ့သော မဟာအာကာသတွင်းနက် ဖြစ်သည်။

အမေရိကန် သိပ္ပံပညာရှင်များသည် အရီဇိုးနားပြည်နယ်ရှိ VERITAS ရေဒီယိုတယ်လီစကုပ်ကို သုံး၍ အမ်-၈၇ စတား မဟာအာကာသတွင်းနက် ဂမ်မာရောင်ခြည် ပေါက်ကွဲမှုကို ဓာတ်ပုံရိုက်ကူးနိုင်ခဲ့ပြီး အမ်-၈၇ ကြယ်စုသည် ကမ္ဘာမြေနှင့်အလင်းနှစ် ၅၅ သန်းအကွာတွင်တည်ရှိသော ကြယ်စုဖြစ်ကြောင်း သိရသည်။

Ref : Russia Today

Trs : KKO

# HEALTH

## Atogepant ဆေးက စတင်သုံးစွဲသည့် ပထမဆုံးနေ့တွင် ခေါင်းကိုက်ဝေဒနာကို လျှော့ချနိုင်

နယူးယောက် ဒီဇင်ဘာ ၂၇

Atogepant အမည်ရှိ ခေါင်းကိုက်ရောဂါ ဆေးသစ်တစ်မျိုးသည် စတင်သုံးစွဲသည့်ပထမဆုံးနေ့တွင် ခေါင်းကိုက်ဝေဒနာကို လျှော့ချပေးနိုင်ကြောင်း ဒီဇင်ဘာ ၂၆ ရက် သတင်းများအရ သိရသည်။

အမေရိကန် သုတေသနပညာရှင်များ၏ စမ်းသပ်မှုမှပေါ်ထွက်လာသည့် ရလဒ်များအရ Atogepant ဆေးကို သုံးစွဲသူလူနာများမှာ မသုံးစွဲသူများနှင့် နှိုင်းယှဉ်ပါက ဆေးစတင် သုံးစွဲသည့်နေ့မှာပင် ခေါင်းကိုက်ဝေဒနာခံစားရနိုင်ခြေ ပိုနည်းပါးသွားကြောင်း သိရသည်။

ထို့ပြင် Atogepant ဆေးဖြင့် ကုသမှု ခံယူထားသူများသည် ကုထုံးရယူပြီး ပထမသီတင်းပတ်လေးပတ်အတွင်း သီတင်းတစ်ပတ်လျှင် ခေါင်းကိုက်ဝေဒနာခံစားရမှုကြိမ်ရေ မူလကထက်ပိုနည်းပါးသွားသည်ကိုတွေ့ရကြောင်း အမေရိကန် သုတေသနပညာရှင်များက ပြောကြားသည်။

လက်ရှိအသုံးပြုနေသော ခေါင်းကိုက်ရောဂါဆေးအများအပြားမှာ လူနာအတွက် လိုအပ်သည့်ဆေးအချိန်အဆကို သိရှိရေးအတွက် အချိန်ယူရန်လိုအပ်ပြီး ဆေးအာနိသင်ကို အထိရောက်ဆုံးရယူရေးအတွက် သီတင်းပတ်နှင့်ချီ၍ သို့မဟုတ် လနှင့်ချီ၍ သုံးစွဲကြရကြောင်း သိရသည်။

သို့ဖြစ်ရာ Atogepant ဆေးသည် ခေါင်းကိုက်ရောဂါလူနာများအတွက် ထိရောက်သည့်ကုထုံးသစ်တစ်မျိုး ဖြစ်လာနိုင်ကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO

## ဦးနှောက်ကျန်းမာရေးထိန်းလိုသူ သက်ကြီးပိုင်းများ ကိုယ်ကာယလေ့ကျင့်ခန်းများကို များများလုပ်ပေးသင့်

နယူးယောက် ဒီဇင်ဘာ ၂၇

အသက်ရလာချိန်၌ ဦးနှောက်ကျန်းမာရေးကို ထိန်းထားလိုသူ သက်ကြီးပိုင်းများအနေဖြင့် ကိုယ်ကာယလေ့ကျင့်ခန်းများကို တတ်နိုင်သရွေ့ များများလုပ်ပေးသင့်ကြောင်း ဒီဇင်ဘာ ၂၆ ရက်သတင်းများအရ သိရသည်။

အသက်ရလာချိန် ကိုယ်ကာယကြံ့ခိုင်ကျန်းမာမှုသည် ဦးနှောက်ကျန်းမာရေးနှင့်လည်း ဆက်စပ်နေကြောင်း အမေရိကန်သုတေသနပညာရှင်များက ပြောကြားသည်။

လေ့ကျင့်ခန်းပြုလုပ်ချိန် နှလုံးနှင့်သွေးကြောများက ကြွက်သားများဆီသို့အောက်ဆီဂျင်ထိရောက်စွာပေးပို့နိုင်မှုသည် ဦးနှောက်စွမ်းဆောင်ရည်အပေါ် အပြုသဘောဆောင်သည့် အကျိုးသက်ရောက်မှုရှိကြောင်း သုတေသနပညာရှင်များက သုံးသပ်ထားသည်။

အမေရိကန် သုတေသနပညာရှင်များသည် အသက် ၆၅ နှစ်နှင့် ၈၀ ကြား သက်ကြီးပိုင်းဦးရေ ၆၅၀ ခန့်၏ ကိုယ်ကာယကြံ့ခိုင်သန်စွမ်းမှုနှင့် ဦးနှောက်ကျန်းမာရေးအခြေအနေတို့ကို နှိုင်းယှဉ်လေ့လာခဲ့ကြကြောင်း သိရသည်။

လေ့လာချက်မှ ပေါ်ထွက်လာသည့်ရလဒ်များအရ လေ့ကျင့်ခန်းပြုလုပ်သည့် သက်ကြီးပိုင်းများ၏ ဦးနှောက်စွမ်းဆောင်ရည်မှာ လေ့ကျင့်ခန်းမလုပ်သူများထက် ပို၍ထက်မြက်သည်ကို တွေ့ရကြောင်း သိရသည်။

အထူးသဖြင့် နှလုံးနှင့်သွေးကြောများက ကြွက်သားများထံ အောက်ဆီဂျင် အလုံအလောက်ပေးပို့နိုင်မှုကြောင့် ပေါ်ထွက်လာသည့် ဦးနှောက်ကျန်းမာရေးအကျိုးကျေးဇူးများကို အမျိုးသမီးများ၌ ပို၍ထင်ရှားစွာတွေ့ရကြောင်း သုတေသန ပညာရှင်များက ပြောကြားသည်။

Ref : Russia Today

Trs : KKO



## နိုင်ငံတကာ အားကစားသတင်းများ

# ပရီးမီးယားလိဂ်အိမ်ကွင်းသွင်းဂိုး ၁၀၀ ပြည့်သည့် ကစားသမားအဖြစ် ဆာလာဟ်မှတ်တမ်းဝင်

**လန်ဒန် ဒီဇင်ဘာ ၂၇**

လီဗာပူးအသင်းက လက်စတာအသင်းကို သုံးဂိုးတစ်ဂိုးဖြင့် အနိုင်ရခဲ့သည့်ပွဲစဉ်တွင် လီဗာပူးအသင်းအတွက် ဂိုးသွင်းယူခဲ့သည့် ဆာလာဟ်သည် အိမ်ကွင်းတွင် ပရီးမီးယားလိဂ်သွင်းဂိုး ၁၀၀ ပြည့်မြောက်ခဲ့ကြောင်း သိရသည်။

ပရီးမီးယားလိဂ် သမိုင်းတွင် အိမ်ကွင်းပွဲစဉ်များ၌ ပွဲအနည်းဆုံးနှင့် သွင်းဂိုး ၁၀၀ ပြည့်မြောက်သည့် ကစားသမားများမှာ တိုက်စစ်မှူး ဟောင်း အလန်ရှီးယားက ၉၁ ပွဲဖြင့် ပထမ၊ တိုက်စစ်မှူး ဟင်နရီက ၁၁၃ ပွဲဖြင့် ဒုတိယ၊ တိုက်စစ်မှူး အဂူရိုက ၁၂၅ ပွဲဖြင့် တတိယ၊ တိုက်စစ်မှူး ဆာလာဟ်က ၁၄၂ ပွဲဖြင့် စတုတ္ထမြောက် ကစားသမားအဖြစ် ရပ်တည်နိုင်ခဲ့သည်။

လက်ရှိတွင် ဆာလာဟ်သည် ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် သွင်းဂိုး ၁၆ ဂိုးနှင့် ဂိုးဖန်တီးမှု ၁၁ ကြိမ်ထိ ရှိလာခဲ့ကာ ပရီးမီးယားလိဂ်ရွှေဖိနပ်ဆုအတွက် ထိပ်ဆုံးမှ ဦးဆောင်လျက်ရှိသည်။

လီဗာပူးအသင်းသည် လက်စတာအသင်းနှင့်ပွဲစဉ်၌ ပွဲအစ ခြောက်မိနစ်တွင် လက်စတာအသင်း၏ ဦးဆောင်မှုကို ခံရသော်လည်း တိုက်စစ်မြှင့်တင်နိုင်ခဲ့သဖြင့် ပွဲချိန် ၄၅ မိနစ်တွင် ဂတ်ပို၊ ပွဲချိန် ၄၉ မိနစ်တွင် ကာတစ်ဂျုန်း၊ပွဲချိန် ၈၂ မိနစ်တွင် တိုက်စစ်မှူး ဆာလာဟ်တို့က ဦးဆောင်ဂိုးများ ဆက်တိုက်သွင်းယူနိုင်ခဲ့ပြီး သုံးဂိုးတစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။

ဘောက်ဆင်ဒေး ပွဲစဉ်များအပြီးတွင် လီဗာပူးအသင်းက ရမှတ် ၄၂ မှတ်ဖြင့် အဆင့် (၁)၊ ဖူလ်ဟမ်အသင်းကိုရှုံးနိမ့်ခဲ့သည့် ချဲလ်ဆီးအသင်းက ရမှတ် ၃၅ မှတ်ဖြင့် အဆင့်(၂)၊ စပါးအသင်းကိုအနိုင်ရခဲ့သည့် နော်တင်ဟမ်အသင်းက ရမှတ် ၃၄ မှတ်ဖြင့် အဆင့်(၃) နေရာ၌ ရပ်တည်နေကြောင်း သိရသည်။

**Ref : ESPN**
**Trs : ML**



# ပထမရာသီဝက်အတွင်း အဆိုးရွားဆုံး ဘောလုံးရာသီနှင့် စပါးအသင်းကြုံတွေ့

**လန်ဒန် ဒီဇင်ဘာ ၂၇**

စပါးအသင်းသည် ဘောက်ဆင်ဒေးပွဲစဉ်အဖြစ် ကစားခဲ့သည့် နော်တင်ဟမ်နှင့်ပွဲစဉ်တွင် တစ်ဂိုးဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့ပြီးနောက် ၁၆ နှစ်တာကာလအတွင်း ပထမရာသီဝက်ကာလလုံးတွင် အဆိုးရွားဆုံး ဘောလုံးရာသီနှင့် ကြုံတွေ့ခဲ့ရကြောင်း သိရသည်။

စပါးအသင်းသည် နော်တင်ဟမ်အသင်းကို ရှုံးနိမ့်ခဲ့ပြီးနောက် ပရီးမီးယားလိဂ် ၁၈ ပွဲကစားအပြီးတွင် ကိုးပွဲထိရှုံးနိမ့်သဖြင့် ရမှတ် ၂၅ မှတ်သာရရှိခဲ့ကာ အမှတ်ပေးဇယားအဆင့် (၁၁)နေရာတွင် ရောက်ရှိခဲ့သည့်အပြင် အဆင့်(၁၉)မှအစ်ဗစ်အသင်းနှင့် ရှုံးပွဲတူညီခဲ့သောကြောင့် ၂၀၀၈-၂၀၀၉ ဘောလုံးရာသီနောက်ပိုင်း အဆိုးရွားဆုံးဖြစ်ခဲ့ကြောင်းသိရသည်။

စပါးအသင်းသည် ၂၀၀၈-၂၀၀၉ ဘောလုံးရာသီက ရာသီဝက်အတွင်း ရမှတ် ၂၀ သာရရှိခဲ့သဖြင့် အသင်းသမိုင်းတွင် ရလဒ်အဆိုးရွားဆုံး ရာသီဝက်ဖြစ်ခဲ့ပြီး ယခုအခါ ရာသီဝက်ပြီးဆုံးရန် ဝုဗ်အသင်းနှင့် တစ်ပွဲကစားရမည်ဖြစ်သော်လည်း ၂၅ မှတ်သာရရှိခဲ့ပြီး ရလဒ်ပိုင်းကျဆင်းခဲ့သည်။

စပါးအသင်းသည် နော်တင်ဟမ်အသင်းကို အဝေးကွင်းတွင် ယှဉ်ပြိုင်ခဲ့ရသဖြင့် ပထမပိုင်း၌ နော်တင်ဟမ်အသင်း၏ဦးဆောင်မှုကိုခံခဲ့ရပြီး ဒုတိယပိုင်းတွင် ချေပဂိုးရရှိရန်ကြိုးပမ်းခဲ့ရာ နော်တင်ဟမ်အသင်း ခံစစ်ကစားပုံကောင်းမွန်မှုကြောင့် စပါးအသင်းတစ်ဂိုး ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့ကြောင်း သိရသည်။

**Ref : Goal.com**
**Trs : ML**

# နိုင်ငံတကာခြေစမ်းပွဲစဉ်နှင့်နိုင်ငံတကာပြိုင်ပွဲများအတွက် မြန်မာ့လက်ရွေးစင်အမျိုးသမီးအသင်း စခန်းသွင်းလေ့ကျင့်မှုများစတင်



**ရန်ကုန် ဒီဇင်ဘာ ၂၇**

နိုင်ငံတကာ ခြေစမ်းပွဲစဉ်များနှင့် ၂၀၂၅ အမျိုးသမီးအာဆီယံချန်ပီယံရှစ်ပြိုင်ပွဲတို့အတွက် ကြိုတင်ပြင်ဆင်သည့်အနေဖြင့် မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းသည် ယနေ့မှစတင်ပြီး ရန်ကုန်မြို့တွင် စခန်းသွင်းလေ့ကျင့်မှုများ စတင်ခဲ့ကြောင်း သိရသည်။

မြန်မာ့လက်ရွေးစင်အမျိုးသမီးအသင်းသည် လာမည့် ၂၀၂၅ ခုနှစ်အတွင်း ၂၀၂၅ အမျိုးသမီးအာဆီယံချန်ပီယံရှစ်ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင် ကစားသွားမည်ဖြစ်ပြီး အဆိုပါပြိုင်ပွဲမတိုင်မီ နိုင်ငံတကာခြေစမ်းပွဲစဉ်အဖြစ် အင်ဒိုနီးရှားအမျိုးသမီးအသင်းနှင့်ကစားသွားမည်ဖြစ်သည်။

မြန်မာ့လက်ရွေးစင်အမျိုးသမီးအသင်းသည် အင်ဒိုနီးရှားအမျိုးသမီးအသင်းနှင့် လာမည့် ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီ ၁၇ ရက်တွင် နိုင်ငံတကာ ခြေစမ်းပွဲစဉ်အဖြစ် ကစားသွားမည်ဖြစ်သည့်အတွက် ကြိုတင်ပြင်ဆင်ချိန်အပြည့်အဝရရှိရန်အတွက် လက်ရှိအချိန်ကတည်းက ပြင်ဆင်မှုများလုပ်ဆောင်နေခြင်းဖြစ်သည်။

မြန်မာ့လက်ရွေးစင်အမျိုးသမီးအသင်းသည် ယခုနှစ်အတွင်း နောက်ဆုံးကစားခဲ့သည့် နိုင်ငံတကာပွဲစဉ်အဖြစ် အောက်တိုဘာလအတွင်းက ဟောင်ကောင်အမျိုးသမီးအသင်းနှင့် ခြေစမ်းပွဲကစားခဲ့သည်။

မြန်မာ့လက်ရွေးစင်အမျိုးသမီးအသင်းဝင်ရောက်ကစားမည့် ၂၀၂၅ အမျိုးသမီး အာဆီယံချန်ပီယံရှစ်ပြိုင်ပွဲကို ၂၀၂၂ခုနှစ်က နောက်ဆုံးကျင်းပခဲ့ခြင်းဖြစ်ပြီး ကြားနှစ်များတွင်ကျင်းပနိုင်ခြင်းမရှိခဲ့ဘဲ လာမည့် ၂၀၂၅ ခုနှစ်မှသာပြန်လည်ကျင်းပသွားမည်ဖြစ်ကာ နောက်ဆုံးကျင်းပခဲ့သည့်ပြိုင်ပွဲတွင် ပထမဆုကို ဖိလစ်ပိုင်အသင်း၊ ဒုတိယဆုကို ထိုင်းအသင်း၊ တတိယဆုကို မြန်မာအသင်းနှင့် စတုတ္ထနေရာတွင် ဗီယက်နမ်အသင်းတို့က ရပ်တည်ခဲ့ပြီး အဆိုပါအသင်းလေးသင်းအနေဖြင့် ပြိုင်ပွဲကို တိုက်ရိုက်ဝင်ခွင့်ရရှိမည်ဖြစ်ကြောင်း သိရသည်။

**STA**

# MFF U-15 Boys League 2024-2025(ရန်ကုန်ဇုန်)ပြိုင်ပွဲကို ဒီဇင်ဘာ ၂၈ ရက်တွင် စတင်ကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၂၇**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်အနေဖြင့် လူငယ်မျိုးဆက်သစ်များ ဘောလုံးလှုပ်ရှားမှုများတွင် ပါဝင်လာရေး၊ ပြည်တွင်းလူငယ်ပြိုင်ပွဲများ စဉ်ဆက်မပြတ်ကျင်းပနိုင်ရေး၊ မျိုးဆက်သစ် လူငယ်ကစားသမားများပေါ်ထွက်လာရေး၊ FIFA၊ AFC၊ AFF လူငယ်ပြိုင်ပွဲများတွင် မြန်မာ့လက်ရွေးစင် လူငယ်အသင်းများ အောင်မြင်မှု ရရှိရေးအတွက် ရည်ရွယ်၍ ဖီဖာလမ်းညွှန်ချက်များနှင့်အညီ MFF U-15 Boys League 2024-2025နှစ်စဉ် ကျင်းပပေးလျက်ရှိနေပြီး MFF U-15 Boys League 2024-2025(ရန်ကုန်ဇုန်)ကို ဒီဇင်ဘာ ၂၈ ရက်မှ စတင်ပြီး ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

MFF U-15 Boys League 2024-2025(ရန်ကုန်ဇုန်)ကို ပြိုင်ပွဲဝင်အသင်း ၁၂ သင်းဖြင့် ကျင်းပသွားမည်ဖြစ်ပြီး အဖွင့်ပွဲစဉ်များကို ဒီဇင်ဘာ ၂၈ ရက်နှင့် ၂၉ ရက်တို့တွင် ရန်ကုန်မြို့ရှိ MFF Training Field 1 နှင့် 2 တွင် စတင်ကျင်းပသွားမည်ဖြစ်သည်။

MFF U-15 Boys League 2024-2025(ရန်ကုန်ဇုန်)ပြိုင်ပွဲ၌ ပြိုင်ပွဲဝင်အသင်းများအဖြစ် The Honour FCအသင်း၊ Mingalardon City FCအသင်း၊ Southern Yangon Star FCအသင်း၊ Burmese Youth FCအသင်း၊ Artharwady FC အသင်း၊ Golden Light United FCအသင်း၊ Mya Thida FCအသင်း၊ Mar Rein FCအသင်း၊ Yangon Taungzalatt FCအသင်း၊ Shwe Pyi Thar FCအသင်း၊ Yangon Focus FCအသင်း၊ Royal Yangon FC အသင်းတို့ ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

MFF U-15 Boys League 2024-2025(ရန်ကုန်ဇုန်)ပြိုင်ပွဲ အဖွင့်ပွဲစဉ်များအဖြစ် ဒီဇင်ဘာ ၂၈ ရက်တွင် Royal Yangon FC အသင်းနှင့် The Honour FCအသင်း၊ Mingalardon City FCအသင်းနှင့် Yangon Focus FCအသင်း၊ Shwe Pyi Thar FC အသင်းနှင့် Southern Yangon Star FCအသင်း၊ Burmese Youth FCအသင်းနှင့် Yangon Taungzalatt FCအသင်း၊ ဒီဇင်ဘာ ၂၉ ရက် တွင် Mar Rein FC အသင်းနှင့် Artharwady FC အသင်း၊Golden Light United FC အသင်းနှင့် Mya Thida FC အသင်းတို့ ကစားသွားမည်ဖြစ်ကြောင်း သိရသည်။

**STA**

# နယူးဇီလန်အားကစားလောက၏ ထိပ်တန်းဆုဖလားဖြစ်သည့် Lonsdale Cup ကို ဂေါက်သီးရိုက်မယ် လိုင်ဒီယာကို ဆွတ်ခူး

**ဝယ်လင်တန် ဒီဇင်ဘာ ၂၇**

နယူးဇီလန်အိုလံပစ်ကော်မတီသည် ယခုနှစ်အတွင်း ဂေါက်သီးရိုက်လောကတွင် အောင်မြင်မှုများရယူနိုင်ခဲ့သည့် နယူးဇီလန်ဂေါက်သီးရိုက်မယ် လိုင်ဒီယာကိုအား နယူးဇီလန်အားကစားလောက၏ ထိပ်တန်းဆုဖလားဖြစ်သည့် Lonsdale Cup ချီးမြှင့်ကာ ဂုဏ်ပြုပေးခဲ့ကြောင်း နယူးဇီလန်အိုလံပစ်ကော်မတီက ယနေ့တွင် ထုတ်ပြန်ခဲ့သည်။

Lonsdale Cup ဆုဖလားကို တစ်နှစ်တာ ကာလအတွင်း သက်ဆိုင်ရာ အားကစားကဏ္ဍအလိုက်မှ တစ်ဦးချင်းဖြစ်စေ၊ အသင်းလိုက်ဖြစ်စေ၊ အိုလံပစ်အားကစားပွဲတော်တွင်ဖြစ်စေ၊ ဓနသဟာယ အားကစားပွဲတော်တွင်ဖြစ်စေ အောင်မြင်မှုများရယူနိုင်ခဲ့သည့်အားကစားသမားများအနက် အောင်မြင်မှုအများဆုံးအားကစားသမားကို ရွေးချယ်ချီးမြှင့်ပေးသည့် ဆုဖလားဖြစ်သည်။

အိုလံပစ်အားကစားကော်မတီမှဘုတ်အဖွဲ့ဝင်တစ်ဦးဖြစ်သူ ဂလင်းစောရီက ကွင်းစတောင်းမြို့တွင် လိုင်ဒီယာကို ယနေ့တွင် ယင်းဆုကို ပေးအပ်ခဲ့ခြင်းဖြစ်သည်။

Lonsdale Cupကို နယူးဇီလန်အိုလံပစ်ကော်မတီက ၁၉၆၁ ခုနှစ်မှ စတင်ချီးမြှင့်ပေးခဲ့သည့်ဆုဖလားဖြစ်ပြီး နယူးဇီလန်အားကစားသမားတိုင်းအတွက် တန်ဖိုးထားရသည့် ဆုဖလားလည်းဖြစ်ကြောင်း သိရသည်။



**Ref : Xinhua**
**Trs : AZL**

# နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

## ရုရှားက လေကြောင်းရန်ကာကွယ်ရေး S-500 ဒုံးကျည်စနစ်သစ်တပ်ဆင်ထားသော ပထမဆုံးတပ်ရင်းကြီးကို ဖွဲ့စည်း



ရုရှားနိုင်ငံသည် S-500 Prometheus လေကြောင်းရန် ကာကွယ်ရေးဒုံးကျည် စနစ်တပ်ဆင်ထားသော ပထမဆုံးတပ်ရင်း ကြီးတစ်ခုကို ဖွဲ့စည်းနိုင်ခဲ့ပြီဖြစ်ကြောင်း ရုရှားတပ်မတော်စစ်ဦးစီးချုပ် ဗိုလ်ချုပ်ကြီး Valery Gerasimovက ကြေညာခဲ့သည်ဟု Army Recognition သတင်းဌာနက ဒီဇင်ဘာ ၂၅ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

S-500 သည် လေကြောင်းရန် ကာကွယ်ရေးနှင့် ဒုံးခွင်းဒုံးစွမ်းဆောင်ရည် များပေါင်းစပ်ထားသည့် မျိုးဆက်သစ်စနစ် ဖြစ်ပြီး ရုရှားနိုင်ငံ၏ လေကြောင်းရန် ကာကွယ်ရေးအတွက် သိသာထင်ရှားသော တိုးတက်ဖွံ့ဖြိုးမှုတစ်ရပ်လည်းဖြစ်ကြောင်း သိရသည်။

S-500 လေကြောင်းရန်ကာကွယ်ရေး ဒုံးကျည်စနစ်ကို အဓိကဖွဲ့စည်းပုံနှစ်ရပ် ဖြင့် တီထွင်ထုတ်လုပ်ထားခြင်းဖြစ်ပြီး တာဝေးလေကြောင်းရန်ကာကွယ်ရေးနှင့် ဒုံးကျည်ကာကွယ်ရေးအတွက်ရည်ရွယ်၍ ဒီဇိုင်းထုတ်ထားခြင်းဖြစ်သည်။ သို့သော် ဗိုလ်ချုပ်ကြီး Gerasimov က ယခုအချိန် ထိ S-500 လက်နက်စနစ်မည်မျှလွှဲပြောင်း ပေးအပ်နိုင်ခဲ့ကြောင်းကိုမူ အသေးစိတ် ပြောကြားထားခြင်းမရှိသကဲ့သို့ တိုက်ပွဲ ဝင်အသင့် ဖြန့်ကြက်ထားမှုများကိုလည်း ရှင်းရှင်းလင်းလင်း ပြောကြားထားခြင်းမရှိ သေးကြောင်း သိရသည်။

S-500 လက်နက်စနစ်သည် ရုရှား နိုင်ငံ၏ ကာကွယ်ရေးအနေအထားကို ပြောင်းလဲပစ်စေမည့် အဆင့်မြင့်စွမ်းအား စုတစ်ရပ်ဖြစ်သည်။ ၎င်းသည် ယခင် မျိုးဆက်များဖြစ်သော S-300 နှင့် S-400 လေကြောင်းရန်ကာကွယ်ရေး ဒုံးကျည် စနစ်တို့နှင့် နှိုင်းယှဉ်ပါက လေကြောင်း ခြိမ်းခြောက်မှုများကို ပိုမိုကျယ်ပြန့်စွာ တိုက်ပွဲဝင်နိုင်ရန် ဒီဇိုင်းထုတ်ထားသည်။ S-500 ၏ အထူးခြားဆုံးအဆင့်မြင့်တင်မှု များထဲမှတစ်ခုမှာ တိုက်ချင်းပစ် ပဲ့ထိန်း ဒုံးကျည်များ၊ အသံထက်မြန်သော ဟိုက်ပါဆောနစ်ဒုံးကျည်များနှင့် ပတ်လမ်း နိမ့် ပျံသန်းလှည့်ပတ်နေသော ဂြိုဟ်တု များကိုပင် ကြားဖြတ်ဟန့်တားနိုင်စွမ်းရှိ ခြင်းပင်ဖြစ်သည်။ S-300 နှင့် S-400 လက်နက်စနစ် နှစ်ခုစလုံးသည် ကြောက် မက်ဖွယ်ကောင်းသည့် လေကြောင်းရန် ကာကွယ်ရေး လက်နက်စနစ်များဖြစ် သော်လည်း S-500 သည် အကွာအဝေး နှင့် ပစ်မှတ်မျိုးစုံကို ဘက်စုံအသုံးပြု နိုင်မှုနှစ်ခုစလုံးအတွက် ခြေလှမ်းသစ် တစ်ရပ်ဖြစ်ပြီး ခေတ်မီအဆင့်မြင့် ဖြေရှင်း ချက်တစ်ရပ်ပင်ဖြစ်သည်။

S-500 သည် အရေးကြီးသောအချက် အတော်များများတွင် S-300 နှင့် S-400 တို့ထက် စွမ်းဆောင်ရည်သာလွန်ပြီး ပထမအချက်အနေဖြင့် S-500 သည် S-400 ၏ အကွာအဝေး ကီလိုမီတာ ၄၀၀၊ S-300 ၏ အကွာအဝေးစွမ်းရည်တို့နှင့် နှိုင်းယှဉ်ပါက ကီလိုမီတာ ၆၀၀ ထိ လေ ကြောင်းခြိမ်းခြောက်မှုများကို ပစ်မှတ် ထား တိုက်ခိုက်နိုင်သဖြင့် အကွာအဝေး စွမ်းဆောင်ရည် ပိုမိုမြင့်မားကောင်းမွန် သည်။ ဤအကွာအဝေးသည် S-500 လက်နက်စနစ်ကို ကြီးမားကျယ်ပြန့်စွာ လွှမ်းခြုံကာကွယ်ထားနိုင်စေပြီး အဆင့် မြင့် လေကြောင်းခြိမ်းခြောက်မှုများ အတွက် ကြောက်မက်ဖွယ်အဟန့်အတား တစ်ခုလည်းဖြစ်သည်။ S-400 လက်နက် စနစ်သည် ပဲ့ထိန်းဒုံးကျည်များနှင့် ပုံမှန် Aerodynamic လေကြောင်းပစ်မှတ်များ ကို တန်ပြန်တိုက်ခိုက်နိုင်စွမ်းရှိပြီး S-500 လက်နက်စနစ်သည် အသံထက်မြန်သော ဟိုက်ပါဆောနစ်ဒုံးကျည်များကို ကြား ဖြတ်ပစ်ချနိုင်ရန် အာရုံစိုက်လုပ်ဆောင် ထားခြင်းဖြစ်သည်။

S-500၏ နောက်ထပ်အရေးကြီးသော အားသာချက်မှာ ဂြိုဟ်တုတိုက်ဖျက်နိုင် စွမ်းပင် ဖြစ်သည်။ ၎င်းစနစ်သည် ကမ္ဘာ မြေပတ်လမ်းအနိမ့် ပျံသန်းနေသော ဂြိုဟ်တုများ (LEO) ကိုပစ်မှတ်ထားတိုက် ခိုက်နိုင်သည်ဟု သိရသည်။ S-500 အနေ ဖြင့် စွမ်းဆောင်ရည် မြင့်မားသောဒုံးကျည် ကာကွယ်ရေးစနစ်ဖြစ်ရုံသာမက ဆက် သွယ်ရေး၊ ထောက်လှမ်းရေးနှင့် မိုးလေ ဝသ ဂြိုဟ်တုများကဲ့သို့ အရေးကြီးသော အာကာသအခြေပြုပိုင်ဆိုင်မှုများ ရန်သူ များအသုံးပြုခွင့် မရနိုင်စေရန်အတွက် အစွမ်းထက်သည့် ကိရိယာတစ်ခုလည်း ဖြစ်ကြောင်း သိရသည်။

**Breaking News: Russia Forms First Regiment Equipped with New S-500 Prometheus Air Defense Missile System ကို ဘာသာပြန်ဆိုထားပါသည်။**

## ယူကရိန်း၏ လေကြောင်းရန်ကာကွယ်ရေးအဆင့်မြှင့်တင်ရန် ကန်ဒေါ်လာ ၃၀၃ သန်းတန် ပံ့ပိုးရေးအစီအစဉ်ကို ဒိန်းမတ် ထုတ်ပြန်ကြေညာ

ယူကရိန်းနိုင်ငံ၏ လေကြောင်းရန် ကာကွယ်ရေးကို အဆင့်မြှင့်တင်ရန် အတွက် အမေရိကန်ဒေါ်လာ ၃၀၃ သန်း တန် ပံ့ပိုးရေးအစီအစဉ်ကို ဒိန်းမတ်နိုင်ငံက ထုတ်ပြန်ကြေညာခဲ့ကြောင်း The Defense Post သတင်းဌာနက ဒီဇင်ဘာ ၂၄ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

အဆိုပါ ပံ့ပိုးရေးအစီအစဉ်သည် ယူကရိန်းနိုင်ငံ၏ လေကြောင်းရန် ကာကွယ်ရေးကို အားကောင်းလာစေရန် အတွက် ၂၃ ခုမြောက် စစ်ဘက်ဆိုင်ရာ အကူအညီပေးရေး အစီအစဉ်တစ်ရပ် လည်းဖြစ်ပြီး ဒိန်းမတ်ငွေကြေး ခရိုနာ ၂ ဒသမ ၁ ဘီလီယံတန်ဖိုးရှိကြောင်း သိရ သည်။ အဆိုပါအစီအစဉ်တွင် ယူကရိန်း နိုင်ငံ၏ အက်ဖ်-၁၆ တိုက်လေယာဉ်များ ကြံ့ခိုင်ထိန်းသိမ်းပြုပြင်ရန်အတွက် ရန်ပုံ ငွေတစ်ရပ်လည်း ပါဝင်မည်ဖြစ်သည်။ ယူကရိန်းနိုင်ငံအတွက် ရန်ပုံငွေနှင့် ဥရောပငြိမ်းချမ်းရေး အထောက်အကူပြု အဖွဲ့ အစည်းအပါအဝင် နိုင်ငံတကာ မိတ် ဖက်များမှတစ်ဆင့် အကူအညီများ ပေးအပ် သွားမည်ဟု ဒိန်းမတ်အစိုးရက ကြေညာခဲ့ သည်။ ထို့ပြင် ဒိန်းမတ်နိုင်ငံသည် ယူကရိန်းသို့ NATO ၏ အကူအညီကို ပံ့ပိုးရန်၊ တပ်ဖွဲ့ဝင်များ စေလွှတ်ပေးရန် နှင့် ယူကရိန်းအတွက် ဥရောပသမဂ္ဂ၏ စစ်ရေးပံ့ပိုးမှုတွင် ပါဝင်ဆောင်ရွက်နေ သည့် ဒိန်းမတ်နိုင်ငံမှ တပ်ဖွဲ့ဝင်များ အတွက် ရန်ပုံငွေတိုးမြှင့်ပေးသွားမည် ဖြစ်ကြောင်း သိရသည်။

"ယူကရိန်းရဲ့ အရေးတကြီး လိုအပ် ချက်တွေထဲက တစ်ခုဟာ ရုရှားဒုံးကျည် တွေနဲ့ ဒရုန်းတွေကို ခုခံကာကွယ်နိုင်စေဖို့ ဖြစ်ပါတယ်။ ဒါကြောင့် လေကြောင်းရန် ကာကွယ်ရေးအတွက် ပံ့ပိုးကူညီမှုတွေ ပိုပြီးဦးစားပေး လုပ်ဆောင်ခဲ့တာပါ" ဟု ဒိန်းမတ် ကာကွယ်ရေးဝန်ကြီး Troels Lund Poulsen က ပြောကြားခဲ့သည်။

တစ်ချိန်တည်းမှာပင် နယ်သာလန် နိုင်ငံနှင့်အတူ ဒိန်းမတ်သည် ယူကရိန်းထံ အက်ဖ်-၁၆ တိုက်လေယာဉ်များ ပံ့ပိုး ပေးအပ်ခြင်းနှင့် လေသူရဲများ လေ့ကျင့် သင်တန်းပေးခြင်းတို့ကို ဆောင်ရွက်ပေး လျက်ရှိသည်။ ယူကရိန်းနိုင်ငံသည် အမေ ရိကန်ထုတ် အက်ဖ်-၁၆ တိုက်လေယာဉ် များကို ဩဂုတ်လတွင် ပထမအသုတ် အဖြစ် လက်ခံရရှိခဲ့သည်။ ၎င်းမတိုင်မီ နှစ်လလောက်ကတည်းက ရုရှားတပ်ဖွဲ့ များ၏ လက်နက်ခဲယမ်းသိုလှောင်ရုံများ နှင့် အခြားအရေးပါသော အခြေခံ အဆောက်အအုံများကို အက်ဖ်-၁၆ များ အသုံးပြု၍ ပစ်မှတ်ထားတိုက်ခိုက်နိုင်ခွင့် ဒိန်းမတ်အစိုးရက ခွင့်ပြုပေးခဲ့သည်။



သို့သော်လည်း အရပ်သားများကိုအန္တရာယ် ဖြစ်စေနိုင်သည့် ရုရှားပိုင်နက်အတွင်းပိုင်း ပစ်မှတ်များကို တိုက်လေယာဉ်များ အသုံးပြုတိုက်ခိုက်ခြင်းအတွက်ကန့်သတ် ထိန်းချုပ်ထားဆဲဖြစ်ကြောင်း ဒိန်းမတ် နိုင်ငံခြားရေးဝန်ကြီး Lars Lokke Rasmussen က ပြောကြားခဲ့သည်။

ဒိန်းမတ်နိုင်ငံသည် ယူကရိန်းကို စစ်ရေးအကူအညီများ ကျယ်ကျယ် ပြန့်ပြန့် ပေးအပ်သွားနိုင်ရန် အခြားဥရောပ နိုင်ငံများ၊ မိတ်ဖက်အဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်လျက်ရှိသည်။ ယခုလ အစောပိုင်းတွင် ဒိန်းမတ်သည် ဆွီဒင်ထုတ် CV90 ခြေလျင်တိုက်ခိုက်ရေးယာဉ်များကို ယူကရိန်းသို့ပေးပို့ခဲ့ပြီး အမေရိကန် ဒေါ်လာ ၂၆၄ သန်း တန်ဖိုးရှိ နောက်ထပ် ယာဉ်များ ထုတ်လုပ်နိုင်ရေးအတွက် ငွေကြေးများ ပံ့ပိုးပေးသွားမည်ဟု ကတိ ပြုခဲ့သည်။ ထို့ပြင် ဒိန်းမတ်နိုင်ငံသည် ၂၀၂၂ ခုနှစ်မှ ၂၀၂၈ ခုနှစ်ထိ ယူကရိန်း နိုင်ငံကို စစ်ရေးအကူအညီပေးအပ်နိုင်ရန် အတွက် အမေရိကန်ဒေါ်လာ ၇ ဒသမ ၈ ဘီလီယံခန့် ခွဲဝေချထားပေးခဲ့ပြီးဖြစ် ကြောင်း သိရသည်။

**Denmark Unveils $303M Aid Package to Boost Ukrainian Air Defense ကို ဘာသာပြန်ဆိုထားပါသည်။**

**မင်းမျိုး**

# ပို၍သတိပြုဆင်ခြင်ရမည့် သတင်းတု၊ သတင်းမှားနှင့် အဆိပ်သင့်စာပေများအန္တရာယ်

မြို့ပြယဉ်ကျေးမှုများ ဖွံ့ဖြိုးလာခြင်းနှင့်အတူ တစ်ပါတည်းလိုက်ပါလာခြင်းသည် စာပေ၊ ရိုးရာယဉ်ကျေးမှု၊ ဂီတနှင့် သတင်းစကားဖြစ်သည်။ ၎င်းအရာများကိုပျံ့နှံ့စေခြင်းသည် စာပေနှင့် သတင်းစကားဖြစ်သည်။ စာပေသည် နိုင်ငံတစ်နိုင်ငံ၊ လူမျိုးတစ်မျိုး၏ အထွတ်အမြတ်တန်ဖိုးထားရသည့်အရာဖြစ်သည်နှင့်အညီ ထိုစာပေမှ သက်ဆိုင်ရာနယ်ပယ်များအလိုက် လေ့လာလိုသည့်အရာများကို ဆင့်ပွားသင်ယူလေ့လာရခြင်းဖြစ်သည်။ သို့ဖြစ်၍လည်း ပညာရွှေအိုးလူမခိုးဟု ဆိုရိုးရှိခဲ့ခြင်းဖြစ်သည်။ ထိုနည်းတူစွာပင် လူသားတို့အတွက် အကောင်း၊ အဆိုး၊ အကြောင်းအကျိုးတို့ကို မျှဝေခြင်းအတွက် သတင်းစကားသည် အရေးပါသည့်ကဏ္ဍတစ်ရပ်ဖြစ်လာသည်။ သို့ရာတွင် အဆိပ်အတောက်ကင်းသည့် သတင်းစကားနှင့် စာပေများဖြစ်ရန် လိုပေသည်။

**သတင်းနည်းပညာ**

သတင်းစကားသည် အရေးကြီးလာသည်နှင့်အညီ သတင်းနည်းပညာဖွံ့ဖြိုးရေးကို ပညာရှင်များက တီထွင်ဆန်းသစ်လာခဲ့ရာ ယနေ့အချိန်တွင် အမြင့်ဆုံးအချိန်သို့ရောက်ရှိနေပြီဟုပင် ဆိုနိုင်သည်။ လက်ကိုင်ဆက်သွယ်ရေးစက်မှ ရုပ်နှင့်အသံပါ တစ်ပါတည်းဖော်ပြလာနိုင်သည့် အီလက်ထရွန်နစ်စနစ်အမျိုးမျိုးကို အရှိန်အဟုန်ပြင်းပြင်းဖြင့် တီထွင်ခဲ့ကြသည်။ ထိုမှတစ်ဖန် လူတန်းစားအမျိုးမျိုး စိတ်ဝင်စားဖွယ်ရာ ဆော့ဖ်ဝဲအမျိုးမျိုးတီထွင်၍လည်း ပေါင်းစပ်လာခဲ့သည်။ တစ်ချိန်က လေလှိုင်းမှတစ်ဆင့် မိုင်ထောင်သောင်းချီအကွာအဝေးသို့ အသံဖြင့်ထုတ်လွှင့်ဖြန့်ဝေနိုင်ခဲ့ရာမှ ယနေ့အချိန်တွင် လေထဲ၌ အရုပ်နှင့်အသံကိုပါ လွှင့်တင်၊ ဖမ်းယူမှုပြုလုပ်နိုင်ခြင်းပင်ဖြစ်သည်။ ယုတ်စွအဆုံး အာကာသယာဉ်အတွင်းမှပင် ကမ္ဘာမြေပြင်သို့ အဆိုပါအချက်အလက်များကို အချိန်နှင့်တစ်ပြေးညီ ထုတ်လွှင့်နိုင်စွမ်းရှိနေပြီဖြစ်သည်။ သို့ဖြစ်၍လည်း မျက်မှောက်ခေတ် သတင်းစီးဆင်းမှုသည် အကန့်အသတ်မရှိဖြစ်လာသည်။ ပုံနှိပ်သတင်းထက် ဒစ်ဂျစ်တယ်သတင်းစီးဆင်းမှုသည် အလျင်မြန်ဆုံးဖြစ်လာသည်။

**သတင်းဖြင့်ထိုးနှက်မှု**

သတင်းကို ရည်ရွယ်ချက်အမျိုးမျိုး၊ အသွင်သဏ္ဍာန်အမျိုးမျိုးဖြင့် ထုတ်ဝေဖြန့်ချိလေ့ရှိသောကြောင့် သတင်းသည် မျက်မှောက်ခေတ်လူသားတို့အတွက် အရေးပါသည့်ကဏ္ဍတစ်ရပ်ဖြစ်လာသည်။ သတင်းတွင် မသိမဖြစ်သိရှိရန်လိုအပ်သောသတင်း၊ မိမိအလိုဆန္ဒကို ဖြည့်ဆည်းပေးသောသတင်း၊ တစ်ပါးသူအတွက် ဆန့်ကျင်ဘက်သက်ရောက်စေမည့်သတင်း စသည်ဖြင့် အမျိုးမျိုးရှိလာကြသည်။ ငယ်စဉ်က သင်ကြားခဲ့ရသည့် အင်္ဂလိပ်သင်ခန်းစာတစ်ခုတွင် မီးသည် သုံးတတ်လျှင်မိတ်ဆွေ၊ မသုံးတတ်လျှင် ရန်သူဖြစ်သည်။ ထိုနည်းတူစွာပင် သတင်းအပေါ် အမှား၊ အမှန် စိစစ်သုံးသပ်၊ လက်ခံနိုင်မှုသည်လည်း အလားတူသက်ရောက်မှုရှိလာနေသည်။ တစ်နည်းဆိုရပါက ကျင့်ဝတ်သိက္ခာရှိသည့် သတင်းမီဒီယာဌာနများက တင်ဆက်သည့် သတင်းများသည် ၎င်းတို့၏ စာနယ်ဇင်းကျင့်ဝတ်များနှင့်အညီ ရေးသားဖော်ပြလေ့ရှိပြီး အများပြည်သူအတွက် အန္တရာယ်မရှိပေ။ သို့ရာတွင် တရားဝင်သတင်းမီဒီယာဖြစ်သည့်တိုင် ကျင့်ဝတ်လိုက်နာခြင်းမရှိသော သတင်းဌာနများ၏ အချို့သောသတင်းဖော်ပြချက်များသည် ပရိသတ်အတွက် အကျိုးမရှိသည့်အပြင် လွန်စွာအန္တရာယ်ဖြစ်စေသည်။ အဓိကအားဖြင့် အင်တာနက်လူမှုကွန်ရက်များတွင် ကျင့်ဝတ်မရှိ၊ အတားအဆီးမရှိ၊ အကန့်အသတ်မရှိ နေ့စဉ်ဖော်ပြလျက်ရှိသောသတင်းများသည် ပရိသတ်အတွက် ဆင်ခြင်တုံတရားအပြည့်ဖြင့် ဖတ်ရှုလေ့လာရန် လိုအပ်လာသည်။ မည်သူမည်ဝါ၊ မည်သည့်နေရာမှ မသိသောသတင်းအကြောင်းအရာများသည် သတင်းအပေါ် ဝေဖန်စိစစ်နိုင်စွမ်းမရှိသူများအတွက် အန္တရာယ်ကြီးမားသော သက်ရောက်မှုကို ဖြစ်စေသည်။

အချို့သောသတင်းအတုများ၏ တင်ပြချက်များသည် အပြစ်ကင်းသည်ဟုထင်ရသော်လည်း အများအပြားသည် အန္တရာယ်ပင်ရှိနိုင်သည်။ သတင်းအတုများသည် လူတို့၏ ယုံကြည်ချက်၊ သဘောထားများ သို့မဟုတ် ခံယူချက်များကို ပြောင်းလဲရန်ဖန်တီးထားသောကြောင့် ၎င်းတို့သည် နောက်ဆုံးတွင် ပရိသတ်၏အပြုအမူကို ပြောင်းလဲစေမည်ဖြစ်သည်။ ၎င်းမှာ ဖတ်ရှုသူသည် သတင်းအတုများကို ယုံကြည်ခြင်း၏ ထောင်ချောက်ထဲသို့ ကျရောက်သွားပါက ၎င်း၏ယုံကြည်ချက်နှင့် ဆုံးဖြတ်ချက်များကို အခြားသူတစ်ဦး၏အစီအစဉ်ဖြင့် တွန်းအားပေးနေခြင်းကိုခံရမည်ဟု ဆိုလိုခြင်းဖြစ်သည်။

**❖ကျင့်ဝတ်သိက္ခာရှိသည့် သတင်းမီဒီယာဌာနများက တင်ဆက်သည့်သတင်းများသည် ၎င်းတို့၏ စာနယ်ဇင်းကျင့်ဝတ်များနှင့်အညီ ရေးသားဖော်ပြလေ့ရှိပြီး အများပြည်သူအတွက် အန္တရာယ်မရှိပေ။ သို့ရာတွင် တရားဝင်သတင်းမီဒီယာဖြစ်သည့်တိုင် ကျင့်ဝတ်လိုက်နာခြင်းမရှိသော သတင်းဌာနများ၏ အချို့သောသတင်းဖော်ပြချက်များသည် ပရိသတ်အတွက် အကျိုးမရှိသည့်အပြင် လွန်စွာအန္တရာယ်ဖြစ်စေသည်။ ❖**

သတင်းဌာနအချို့နှင့် မီဒီယာအချို့က ၎င်းတို့ အလိုရှိသည့်အရာကို ဦးစားပေး၍ဖော်ပြကြသည်။ လုပ်ကြံဇာတ်များဖန်တီး၍ ပရိသတ်ကိုဆွဲဆောင်ရန် ကြိုးပမ်းလျက်ရှိသည်။ ပင်လယ်ကွေ့စစ်ပွဲအတွင်းက ကမ္ဘာ့အထင်ကရ သတင်းဌာနကြီးများသည် စစ်ပွဲအတွင်း သတင်းထောက်များထည့်သွင်း၍ လိုအပ်သလို ရေးသားတည်းဖြတ်ရိုက်ကူး၍ ပစ်မှတ်ပရိသတ်နှင့် ကမ္ဘာသို့ဖြန့်ခဲ့ကြသည်။ ထိုစဉ်က အဆိုပါသတင်းဌာနကြီးများ၏ဖော်ပြချက်ကို ကမ္ဘာတစ်ဝန်းက အမှန်အဖြစ်ယူဆခဲ့ကြသည်။ ဆယ်စုနှစ်နှစ်ခုကြာမြင့်ချိန်တွင် အဆိုပါသတင်းများသည် အလိုရှိသည့်အတိုင်း လုပ်ကြံဖန်တီးမှု၊ လိုအပ်သလိုချဲ့ကားမှု၊ အမှန်တရားများကိုဖုံးကွယ်မှုတို့ ပေါ်ထွက်လာခဲ့သည်။ သို့သော်လည်း အမှန်တရားကိုသိမြင်လာချိန်တွင် အခါနှောင်းခဲ့ပြီဖြစ်သည်။ သို့ဖြစ်၍ သတင်းများနှင့်ပတ်သက်၍ ချင့်ချိန်တွက်ဆရန် အရေးကြီးလှပေသည်။

**အဆိပ်သင့်စာပေများ**

စာအုပ်စာပေလူ့မိတ်ဆွေဟူသည့် ဆောင်ပုဒ်ကို ငယ်စဉ်ကတည်းက နှစ်သက်သဘောကျခဲ့ပြီး မိမိဘဝတစ်လျှောက်တွင်လည်း အချိန်ရပါက စာဖတ်ခြင်းဖြင့်သာ ကုန်ဆုံးစေခဲ့သောကြောင့် အမှန်တကယ်မိတ်ဆွေတစ်ယောက်ကဲ့သို့ ဖြစ်စေရုံမက လျှောက်လှမ်းသည့်ဘဝတွင်လည်း များစွာအထောက်အကူဖြစ်စေခဲ့သည်။ သို့သော်လည်း စာအုပ်တိုင်းမဟုတ်သည်ကိုလည်း သတိပြုဆင်ခြင်ရန် လိုအပ်သည်။ အဌမတန်းတွင် စာစီစာကုံးပြိုင်ပွဲဝင်စဉ်က "မည်သည့်စာအုပ်မဆို အကျိုးမရှိသည့်စာအုပ်ဟူ၍မရှိ၊ စာဖတ်ရန်သာလိုသည်"ဟု ရေးသားခဲ့မှုကြောင့် မျှော်မှန်းချက်နှင့်လွဲချော်ခဲ့ရပြီး စာစစ်ဆရာကလည်း ထိုသို့ရေးသားမှုသည် မသင့်လျော်ကြောင်းနှင့် အချို့စာပေများသည် အဆိပ်အတောက်ဖြစ်စေကြောင်း ရှင်းပြခဲ့သည်။ ထိုစဉ်က စာအုပ်၊ စာပေများစွာလေ့လာခွင့်မရသောကြောင့် အဆိုပါအတိမ်အနက်ကို သတိပြုနိုင်ခဲ့ခြင်းမရှိပေ။ မျက်မှောက်ခေတ်တွင်ကား ၎င်းကို ရှင်းရှင်းလင်းလင်း မြင်တွေ့လာခဲ့သည်။

အကြောင်းကား အဆိပ်သင့်စာအုပ်များနှင့် အဆိပ်သင့်အယူအဆ၊ အရေးအသားများကို အချို့စာအုပ်များတွင်သာမက အွန်လိုင်းလူမှုကွန်ရက်များတွင် အကန့်အသတ်မဲ့အလွန်အကျွံပျံ့နှံ့နေခြင်းကြောင့်ဖြစ်သည်။ အချို့သောအကြောင်းအရာများသည် ပြည်ပနိုင်ငံများတွင် ဖြစ်ရိုးဖြစ်စဉ်ဖြစ်နေသည့်တိုင် အများနှင့်လိုက်လျောညီထွေမရှိသည့် အယူအဆ၊ အတွေးအခေါ်၊ ဘာသာတရား၊ ယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသော ရေးသားဖော်ပြမှုများသည် ဖတ်ရှုသူတစ်ဦးတစ်ယောက်အတွက်သာမက နိုင်ငံတော်အတွက်ပါ အန္တရာယ်ကြီးမားသည့် အယူအဆများဖြစ်နေသည်ကိုလည်း တွေ့ရသည်။ ထိုကဲ့သို့သောရေးသားဖော်ပြမှုများကို ဆင်ခြင်တုံတရားအပြည့်အဝမရှိသေးသည့်၊ အမှား၊ အမှန် ချင့်ချိန်နိုင်စွမ်းမရှိသေးသည့် လူငယ်လူရွယ်များ ဖတ်ရှုမိပါက လွန်စွာအန္တရာယ်ကြီးမားလှသည်။ အချို့သည် မီဒီယာအထောက်အကူပြုဆော့ဖ်ဝဲ၊ နည်းပညာတို့ကိုအသုံးချ၍ ထိုသို့သော လူငယ်ထု၊ ပရိသတ်တို့ကိုဆွဲဆောင်ရန် ရည်ရွယ်ချက်ရှိရှိ လုပ်ဆောင်လာကြသည်။

အချို့သည် ၎င်းတို့ဖတ်ရှုခဲ့သည့် စာအုပ်ပါ အကြောင်းအရာတစ်ခုတည်းကိုသာ ပုံသေစွဲမှတ်၍ လုပ်ဆောင်လာကြသည်။ တစ်ဦးချင်းလွတ်လပ်စွာ ရေးသားခွင့်၊ ပြောဆိုခွင့်ရှိသည်မှာ မှန်ကန်သော်လည်း မှန်ကန်သည့်အတွေးအခေါ်၊ အယူအဆများဖြစ်ရန် ချင့်ချိန်တွက်ဆရန်လိုအပ်သည်။

**အဆိပ်သင့်စာပေများအန္တရာယ်**

အဆိပ်သင့်စာပေများသည် ကမ္ဘာ့နိုင်ငံအချို့တွင်လည်း ပျံ့နှံ့လျက်ရှိနေသည်ကို တွေ့ရှိရသည်။ ပြည်ပတွင် အကျိုးမရှိသောစာပေများကို ငြီးငွေ့ဖွယ်စာပေများ၊ အချိန်ဖြုန်းသောစာပေများအဖြစ် ဖော်ပြပြီး အချို့ကိုမူ အန္တရာယ်ကြီးသည့်စာပေများအဖြစ် ဝေဖန်ကြသည်။ စာရေးသူနှင့် စာဖတ်သူကြား သဘောထားတိုက်ဆိုင်မှု ရှိခြင်း၊ မရှိခြင်းသည် အဓိကမဟုတ်၊ ဝိဝါဒကွဲပြားခြင်းသည် အဓိကမဟုတ်။ လူမှုအသိုက်အဝန်း သို့မဟုတ် အဆိပ်အတောက်ဖြစ်စေသည့် အကြောင်းအရာများ၊ သတင်းစကားများနှင့် အယူအဆများသွတ်သွင်းမှုမရှိစေရန်သည် အရေးကြီးလှပေသည်။ အနှောင့်အယှက်ဖြစ်စေပြီး အန္တရာယ်ဖြစ်နိုင်ခြေရှိသော အကြောင်းအရာများပါသည့် စာအုပ်များနှင့်ပတ်သက်လာလျှင် ပြဿနာက ပိုမိုရှုပ်ထွေးလာတတ်သည်။

ထိုကဲ့သို့သောစာအုပ်များသည် လူမဆန်သောအယူဝါဒကိုတွန်းအားပေးပြီး ကျွန်ုပ်တို့၏လူ့အဖွဲ့အစည်းအတွင်း ဘက်လိုက်မှုနှင့် ခွဲခြားဆက်ဆံမှုများကိုဖြစ်ပေါ်စေသဖြင့် အန္တရာယ်ကြီးမားပေသည်။ အချို့သည် ယဉ်ကျေးမှု သို့မဟုတ် လူမျိုးရေးပုံစံကို အခြေခံ၍ လူတစ်စုကိုမုန်းတီးခြင်း သို့မဟုတ် မကြိုက်ခြင်းဆီသို့ဦးတည်စေသော စာအုပ်သည် လူမျိုးရေးခွဲခြားသည့်စာအုပ်ဖြစ်သည်။ ထိုကဲ့သို့သောစာအုပ်များသည် ပြည်ပနိုင်ငံများတွင်လည်း ပျံ့နှံ့လျက်ရှိသည်ကို လေ့လာတွေ့ရှိရသည်။ အင်အားကြီးနိုင်ငံကြီးများ၌ပင် ထိုကဲ့သို့သောအန္တရာယ်များ ရင်ဆိုင်လာရသောကြောင့် သတိပေးတားမြစ်မှုများလုပ်ဆောင်လာကြသည်။ သာဓကအနေဖြင့် အင်ဒိုနီးရှားနိုင်ငံသည် ဆယ်ကျော်သက်များကို မိုဘိုင်းဖုန်းများဖြင့် အင်တာနက်သုံးစွဲမှုတရားဝင်တားမြစ်လာကြောင်း တွေ့ရှိရသည်။

**ဆင်ခြင်ရန်လိုအပ်လာ**

သတင်းနည်းပညာတိုးတက်မှုကြောင့် ပုံနှိပ်မီဒီယာထက် ဒစ်ဂျစ်တယ်မီဒီယာများအပေါ် လူသားတို့ ပိုမိုခုံမင်လာကြသည်။ စာအုပ်၊ စာပေများကိုဖတ်ရှုရမည့်အစား လျင်မြန်စွာသိရှိလွယ်သည့်၊ အသုံးပြုရန်လွယ်ကူသည့် မိုဘိုင်းဖုန်းနှင့် အင်တာနက်များကို ပိုမိုနှစ်သက်လာကြသည်။ ၎င်းအခြေအနေများအပေါ် ကောင်းစွာသိရှိကြသည့် မသမာသူအချို့သည် အခွင့်ကောင်းယူ၍ ဤပလက်ဖောင်းများမှတစ်ဆင့် သတင်းဖြန့်ဝေခြင်း၊ ဝါဒဖြန့်ခြင်း၊ စည်းရုံးလှုံ့ဆော်ခြင်းများကို လုပ်ဆောင်လာကြသည်။ အချို့နိုင်ငံများတွင် အကြမ်းဖက်အဖွဲ့များက လူသစ်စုဆောင်းမှုပြုလုပ်ရန် အင်တာနက်ကို အဓိကအသုံးပြုကြသည်ဟုဆိုသည်။ အင်တာနက်ဖြင့် ရန်ပုံငွေရှာဖွေကြသည်။ ဤသို့ဖြင့် ခြေရာခံလိုက်မှုကို ခက်ခဲစေသည်ဟု ဆိုသည်။

ဤသို့ဆိုလျှင် မိမိတို့သည် သတင်းအကြောင်းအရာများ၊ စာအုပ်၊ စာပေများကို သတိပြုရွေးချယ်ဖတ်ရှုရန် လိုအပ်သကဲ့သို့ မြင်တွေ့ကြားသိ၊ ဖတ်ရှုရသည့်သတင်းအချက်အလက်များကို သတိတရားနှင့် ဆင်ခြင်သုံးသပ်မှုပြုလုပ်ရန် လိုအပ်လှပေသည်။ အချို့ဖော်ပြချက်များသည် ဉာဏ်ရည်တုနည်းပညာကို အသုံးပြု၍ လုပ်ကြံဖန်တီးမှုများကြောင့် ဓာတ်ပုံများ၊ ဗီဒီယိုများကို မူရင်းပုံအတိုင်း တစ်ထပ်တည်းနီးပါးတူညီလာသည်ထိ လုပ်ဆောင်လာကြသည်ကို သတိပြုရမည်ဖြစ်သည်။ သို့ဖြစ်၍လည်း အစဉ်အမြဲသတိပြုလျက်ရှိသည့်သူများပင်လည်း တစ်ခါတစ်ရံ၌ ထင်ယောင်ထင်မှားဖြစ်ကြရသည်။ သို့ဖြစ်၍ ပြည်သူများအနေဖြင့် မိမိအပေါ်ထိခိုက်မှုမရှိစေရန်၊ အယူဝါဒလွဲမှားမှုမဖြစ်စေရန် အတားအဆီးမဲ့ပျံ့နှံ့လျက်ရှိသောသတင်းနှင့် အဆိပ်သင့်စာပေများကိုလည်း သတိပြုရှောင်ကြဉ်ဖတ်ရှုရုံမက ဆင်ခြင်သုံးသပ်ချင့်ချိန်ရန်လိုအပ်ကြောင်း အကြံပြုတိုက်တွန်းလိုက်ရပါသည်။

**ကိုးကား**


- www.thesaint.scot/post/bad-books-to-read-or-not-to-read
- www.multiculturalclassroom.com/blog/harmful-books
- www.elm.umaryland.edu/elm-stories/Elm-Stories-Content/The-Dangers-of-Fake-News.php


သန်းထွန်းဝင်း(အညာမြေ)

# ကျိုင်းတုံမြို့နယ် လွိုင်မွေဒေသတွင် စတုတ္ထအကြိမ် ချယ်ရီပန်းပွဲတော်ကို ၂၀၂၅ ခုနှစ် ဇန်နဝါရီလအတွင်း ကျင်းပပြုလုပ်သွားမည်



ကျိုင်းတုံ ဒီဇင်ဘာ ၂၇

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ် လွိုင်မွေဒေသတွင် စတုတ္ထအကြိမ် ချယ်ရီပန်းပွဲတော်ကို ၂၀၂၅ ခုနှစ် ဇန်နဝါရီလအတွင်း ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှု ဦးစီးဌာန (ရှမ်းပြည်နယ်)မှ သိရသည်။

အဆိုပါ ချယ်ရီပန်းပွဲတော်ကို ၂၀၂၂ ခုနှစ် ဇန်နဝါရီလတွင် ပထမအကြိမ် စတင်ကျင်းပပြုလုပ်ခဲ့ပြီး လာမည့် ၂၀၂၅ ခုနှစ်တွင် စတုတ္ထအကြိမ်အဖြစ် ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

"ချယ်ရီပန်းပွင့်တဲ့ကာလမှာ ပွဲတော်ကာလကို ငါးရက်သတ်မှတ်ပြီး ကျင်းပမှာဖြစ်ပါတယ်။ ပန်းပွင့်စုံတဲ့အချိန်ကို မှန်းရတာနဲ့ ပန်းပွင့်တဲ့ အနေအထားပေါ်မူတည်ပြီး ပြုလုပ်ရတာဖြစ်တဲ့အတွက် ပွဲတော်ကျင်းပမဲ့ရက်ကိုတော့ တိတိကျကျ မသတ်မှတ်ရသေးပါဘူး။ ဒါကြောင့် ဇန်နဝါရီလဆန်းပိုင်းလောက်မှာပဲ ကျင်းပသွားနိုင်မယ်ဆိုတာကို ပြောလို့ရပါသေးတယ်။ ဒီဒေသမှာ အင်္ဂလိပ်လက်ထက်က စိုက်ပျိုးခဲ့တဲ့ ချယ်ရီပန်းပင်တွေရှိသလို ခေတ်အဆက်ဆက် စီမံချက်နဲ့စိုက်ပျိုးထားတဲ့ ချယ်ရီပင်တွေကလဲ ရှိတာကြောင့် ချယ်ရီပန်းပွင့်ချိန်ဆို တစ်တောလုံးချယ်ရီပန်းတွေနဲ့ လွှမ်းခြုံနေတတ်ပါတယ်"ဟု ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန (ရှမ်းပြည်နယ်)မှ ညွှန်ကြားရေးမှူး ဦးထင်အောင်နိုင်က ပြောပြသည်။

အဆိုပါ ပန်းပွဲတော်တွင် ဒေသခံတိုင်းရင်းသားများ၏ ရိုးရာအကအလှများဖြင့် ဖျော်ဖြေပေးခြင်း၊ ဒေသခံတိုင်းရင်းသား အဆိုတော်များက တေးဂီတဖျော်ဖြေပေးခြင်းနှင့် ဒေသထွက်ကုန်ရောင်းချခြင်းများလည်းပါဝင်မည်ဖြစ်ကြောင်း ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန (ရှမ်းပြည်နယ်)မှ သိရသည်။

ASH

# နှစ်ဦးအလှူအဖြစ် ရုပ်ရှင်လောကသားများကို ဆန်၊ ဆီနှင့် စားသောက်ကုန်များ ပံ့ပိုးပေးမည့်အစီအစဉ်အတွက် သရုပ်ဆောင် နော်ဖေအယ်ထားက ငွေကျပ်သိန်း ၃၀ လှူဒါန်း

ရန်ကုန် ဒီဇင်ဘာ ၂၇

မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးက နှစ်သစ်ကူးကာလ နှစ်ဦးအလှူအဖြစ် ရုပ်ရှင်လောကသားများကို ဆန်၊ ဆီနှင့် စားသောက်ကုန်များ ပံ့ပိုးပေးမည့်အစီအစဉ်အတွက် ဒီဇင်ဘာ ၂၆ ရက်က သရုပ်ဆောင် နော်ဖေအယ်ထားက ငွေကျပ်သိန်း ၃၀ လှူဒါန်းခဲ့ကြောင်း မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးမှ ဒုတိယဥက္ကဋ္ဌ ဦးအေးကြူလေးက ပြောပြ၍ သိရသည်။

မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးက အစည်းအရုံးဝင် ရုပ်ရှင်လောကသားများကို နှစ်ဦးအလှူအဖြစ် ဆန်နှင့်စားသောက်ကုန်များကို ၂၀၂၅ ခုနှစ် ဇန်နဝါရီလအတွင်း ပံ့ပိုးပေးသွားမည်ဖြစ်ကြောင်း၊ ထိုကဲ့သို့ ပံ့ပိုးနိုင်ရန်အတွက် ရုပ်ရှင်လောကသားများနှင့် စေတနာရှင်၊ အလှူရှင်များက အလှူငွေများနှင့် စားသောက်ကုန်များကို လာရောက်လှူဒါန်းလျက်ရှိကြောင်း သိရသည်။




"မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးက ရုပ်ရှင်လောကသားတွေကို ၁၅ ကြိမ်မြောက်အဖြစ်နဲ့ နှစ်သစ်ကူး နှစ်ဦးအလှူအဖြစ် ဆန်နဲ့စားသောက်ကုန်တွေ ပံ့ပိုးပေးသွားမှာဖြစ်ပါတယ်။ ဒီအတွက် စေတနာရှင်၊ အလှူရှင်တွေကလဲ အလှူငွေတွေ လာရောက်လှူဒါန်းနေပါတယ်။ သရုပ်ဆောင်နော်ဖေအယ်ထားက အလှူငွေကျပ် သိန်း ၃၀ လှူဒါန်းခဲ့ပါတယ်"ဟု ဦးအေးကြူလေးက ပြောပြသည်။

ASH

# ၂၀၂၄ ခုနှစ် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုပေးပွဲအတွက် ရွှေကြိုမောင်မယ်များ နောက်ဆုံးအဆင့် ရွေးချယ်ပွဲကို ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၅ ရက်တွင် ကျင်းပမည်

ရန်ကုန် ဒီဇင်ဘာ ၂၇

နေပြည်တော်၌ ကျင်းပမည့် ၂၀၂၄ ခုနှစ် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုပေးပွဲအတွက် ရွှေကြိုမောင်မယ်များ နောက်ဆုံးအဆင့် ရွေးချယ်ပွဲကို ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၅ ရက်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးမှ သိရသည်။

အဆိုပါ မြန်မာ့ရုပ်ရှင်ထူးချွန်ဆုပေးပွဲအတွက် ရွှေကြိုမောင်မယ်များ ပဏာမလူတွေ့စစ်ဆေးခြင်းကို ဒီဇင်ဘာ ၁၅ ရက်က ပြုလုပ်ခဲ့ပြီး လာရောက်ရွေးချယ်ခံကြသည့် မောင်မယ်ဦးရေ၂၈၀ ကျော်အနက် မောင်မယ်ဦးရေ၉၀ ကိုပထမအဆင့်အဖြစ် လည်းကောင်း၊ ဒီဇင်ဘာ ၂၂ ရက်က မောင်မယ်ဦးရေ၉၀ အနက် မောင်မယ် ၅၅ ဦးကို ဒုတိယအဆင့်အဖြစ်လည်းကောင်း ရွေးချယ်ခဲ့ကြောင်း သိရသည်။

"ပဏာမအဆင့် မောင်မယ် ၂၈၀ ကနေ ပထမအဆင့် မောင်မယ် အယောက် ၉၀၊ အဲဒီကနေ ဒုတိယအဆင့် မောင်မယ် ၅၅ ယောက် ရွေးချယ်ထားပါတယ်။ ရွှေကြိုအမျိုးသား ၂၅ ယောက်နဲ့ ရွှေကြိုအမျိုးသမီး အယောက် ၃၀ ဖြစ်ပါတယ်။ အဲဒီထဲက လာမဲ့ ဇန်နဝါရီ၅ရက်မှာ မောင်မယ်အယောက် ၂၀ လောက်အပြီးသတ်ရွေးချယ်မှာဖြစ်ပါတယ်"ဟု မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး ဒုတိယဥက္ကဋ္ဌ ဦးအေးကြူလေးက ပြောပြသည်။

အဆိုပါ နောက်ဆုံးအဆင့် ဝင်ရောက် ယှဉ်ပြိုင်ခွင့်ရသည့် ရွှေကြို မောင်မယ်များအနေဖြင့် TikTok တွင် Trend ဖြစ်သည့် အကြောင်းအရာများအနက် မိမိနှစ်သက်သည့် အကြောင်းအရာ တစ်ခုကို ရွေးချယ်ရိုက်ကူးထားသော TikTok Video ကို ရွှေကြိုရွေးချယ်ရေးအဖွဲ့၏ Telegram သို့ ပေးပို့ရမည်ဖြစ်ကြောင်း၊ ထို့ပြင် ကျပန်းဇာတ်ကောင်စရိုက်များဖြင့် ယှဉ်ပြိုင်ရမည်ဖြစ်ပြီး ဗဟုသုတ ကျပန်းမေးခွန်းများ ဖြေကြားရမည်ဖြစ်ကြောင်း သိရသည်။ ASH

# Masters of the Universe ဇာတ်ကား၌ မင်းသား ဂျရက်တ်လီတို ပါဝင်သရုပ်ဆောင်မည်

နယူးယောက် ဒီဇင်ဘာ ၂၇

Amazon MGM စတူဒီယို၏ Masters of the Universe ဇာတ်ကားတွင် မင်းသား ဂျရက်တ်လီတိုက Skeletor ဇာတ်ကောင်နေရာတွင် ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း ဒီဇင်ဘာ ၂၆ ရက်သတင်းများအရ သိရသည်။

Masters of the Universe ဇာတ်ကားတွင် ဂျရက်တ်လီတိုသည် မင်းသား ဆမ်စီဗီဆင်၊ ဟက်တာ ဂွန်ဆင်၊ ကိုဂျိုအက်တာတို့နှင့်အတူ သရုပ်ဆောင်ရမည်ဖြစ်ကြောင်း သိရသည်။

Masters of the Universe ဇာတ်ကား၌ ဗီလိန်ဇာတ်ကောင်လေးဦးပါဝင်မည်ဖြစ်ရာ မင်းသား ဂျရက်တ်လီတို၏ Skeletor ဇာတ်ကောင်လည်း အပါအဝင်ဖြစ်ကြောင်း သိရသည်။

Masters of the Universe ဇာတ်ကားကို ဒါရိုက်တာ ထရာဗစ် ဒိုက်က တာဝန်ယူရိုက်ကူးမည်ဖြစ်ပြီး ဇာတ်ညွှန်းကို ဇာတ်ညွှန်းရေးဆရာ ခရစ်ဘတ္တလာက ရေးသားပေးမည်ဖြစ်သည်။

လက်ရှိအချိန်တွင် Masters of the Universe ဇာတ်ကား၏ ဇာတ်လမ်းဇာတ်အိမ် အသေးစိတ်ကို မသိရသေးပေ။

သို့ရာတွင် ၎င်းဇာတ်ကားကို ၂၀၂၆ ခုနှစ် ဇွန် ၆ ရက်တွင် ရုံတင်ပြသရန် Amazon MGM က စီစဉ်ထားကြောင်း သိရသည်။

Ref : Sputnik News
Trs : KKO





# Moana-2 ဇာတ်ကား၏ ကမ္ဘာတစ်ဝန်းဝင်ငွေ အမေရိကန်ဒေါ်လာ သန်း ၈၀၀ ကျော်ထိရှိ

နယူးယောက် ဒီဇင်ဘာ ၂၇

ဒစ္စနီးရုပ်ရှင်ကုမ္ပဏီက ရိုက်ကူးထုတ်လုပ်ထားသည့် Moana-2 ဇာတ်ကား၏ ကမ္ဘာတစ်ဝန်းဝင်ငွေမှာ အမေရိကန်ဒေါ်လာသန်း ၈၀၀ ကျော်ထိ ရှိလာပြီဖြစ်ကြောင်း ဒီဇင်ဘာ ၂၆ ရက် သတင်းများအရ သိရသည်။

စတင်ရုံတင်ပြီး တစ်လမပြည့်မီမှာပင် Moana-2 ဇာတ်ကား၏ ကမ္ဘာတစ်ဝန်းဝင်ငွေမှာ အမေရိကန် ဒေါ်လာသန်း ၈၀၀ ကို ကျော်လွန်ခဲ့ခြင်းဖြစ်သည်။


ဒစ္စနီးကုမ္ပဏီသည် Moana-2 ကွန်ပျူတာ အင်နီမေးရှင်းဇာတ်ကားကို ယခုနှစ် နိုဝင်ဘာ ၂၈ ရက်တွင် စတင်ရုံတင်ပြသခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အထက်ပါဝင်ငွေအတိုင်းအဆကြောင့် Moana-2 ဇာတ်ကားသည် ၂၀၂၄ ခုနှစ်၏ ဝင်ငွေအကောင်းဆုံး ဇာတ်ကားအဖြစ် မှတ်တမ်းဝင်ခဲ့သည်။

Moana-2 ဇာတ်ကားသည် Moana(2016) ဇာတ်ကား၏ နောက်ဆက်တွဲဇာတ်ကားဖြစ်ပြီး ဒါရိုက်တာ ဂျေဆင်ဟန်းနှင့် ဒါနာ လီဒေါ်မီလာတို့က ရိုက်ကူးပေးထားကြောင်း သိရသည်။

၎င်းဇာတ်ကားတွင် မင်းသား ဒွေးဂျွန်ဆင်နှင့်မင်းသမီး အော်လီအီဘရာမယ်ဟိုတို့က အသံဖြင့် ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။

Ref : Russia Today
Trs : KKO



# Passing-out Parade of 22nd Intake and 9th Intake (Female) of Military Institute of Nursing and Paramedical Sciences held, honorary dinner hosted



Vice-Senior General Soe Win takes the salute of the trainee companies at the Passing-out Parade of 22nd Intake and 9th Intake (Female) of Military Institute of Nursing and Paramedical Sciences.

**Nay Pyi Taw December 27**

The Passing-out Parade of the 22nd Intake and the 9th Intake (Female) of Military Institute of Nursing and Paramedical Sciences was held at the parade ground of MINP in Yangon this morning. On behalf of Chairman of State Administration Council Commander-in-Chief of Defence Services Senior General Thadoe Maha Thray Sithu Thadoe Thiri Thudhamma Min Aung Hlaing, Vice Chairman of SAC Deputy Commander-in-Chief of Defence Services Commander-in-Chief (Army) Vice-Senior General Thiri Pyanchi Maha Thray Sithu Soe Win delivered an address.

Also present together with the Vice-Senior General were wife Daw Than Than Nwe, Commander-in-Chief (Navy) Admiral Zeya Kyawhtin Htain Win and wife, Commander-in-Chief (Air) General Zeya Kyawhtin Sithu Tun Aung and wife, union level officials and wives, senior military officers from Office of Commander-in-Chief and wives, the Yangon Region chief minister and wife, the Yangon Command commander, the MINP commandant, officials of Yangon Station, parents and guardians of the trainees, officer instructors and faculty members of the academic wing and training wing of MINP, and guests.

The Vice-Senior General took the salute of the trainee companies and inspected the flag bearer troops and graduate trainee companies. Then, the graduate trainee companies saluted the Vice-Senior General through slow-march past and quick-march past.

Afterwards, the Vice-Senior General presented Best Trainee Award to Trainee Hsu Myat Yadana, Excellent Award in Training to Trainee Su Pon Chit, and Excellent Award in Studies to Trainee Shwe Zin Min Tun of the 9th Intake of the institute.

In his address, the Vice-Senior General said today is an honorable day, as Passing-out Parade of the 22th Intake and the 9th Intake (Female) of Military Institute of Nursing and Paramedical Sciences was held and a new generation has joined the military medical corps.

The MINP is constantly training and bringing about nurses and pharmacists required for the Tatmadaw with the goal of generating physically and intellectually able nurses and pharmacists who will safeguard Our Three Main National Causes.

The MINP had so far produced B.N.Sc, B.Pharm, B.Med Tech, Dip in M.Ed, M.N.Sc, M.Pharm, M.Med Tech, Ph.D (Nursing), and Ph.D (Medical Imaging) holders, totaling 5573.

Alumni are now serving their duties in military hospitals, medical battalions and units, effectively applying their medical knowledge and dutifully providing their services to the best of their intellectual and physical ability in shouldering any kind of task as reliable medics for the State and Tatmdaw. Their deeds are acknowledged.



Dignitaries attending the Passing-out Parade of 22nd Intake and 9th Intake (Female) of Military Institute of Nursing and Paramedical Sciences.

The MINP will reach its silver jubilee on 24 February 2025. As nurses, the main force of the medical corps, need military knowledge and will have to shoulder duties at different levels, Defence Services Institute of Nursing was set up on 24 February 2000 and a course on B.N.Sc was launched.

In providing healthcare services for soldiers, families and the public, the role of pharmacists in pharmaceutical formulation, diagnosis and rehabilitation has become important, in addition to the role of doctors and nurses. Hence, the Defence Services Institute of Nursing was upgraded to the Military Institute of Nursing and Paramedical Sciences in 2002. B.N.Sc was opened in 2014 to bring about female nurses. Since its founding, the MINP has accomplished its missions. It is an honour for the institute.

In accord with the slogan, “goodwill and kindness ensures safety” nurses must provide healthcare services to patients with kindness. Basically, nurses already have kindness. As they are discharging extraordinary duty they must apply their knowledge in developing their spirit of kindness.

To become an outstanding nurse capable of providing adequate healthcare to patients, it is essential to possess two key qualities: personal skills and professional expertise. You should strive to cultivate the qualities of a good nurse, such as empathy, patience, adaptability, flexibility, effective communication, and the ability to handle patients' stress skillfully and effectively.


According to the World Health Organization, a drug is defined as a substance used for diagnosing, preventing, treating, or providing certain benefits to humans and animals. The training of pharmacists to effectively perform their responsibilities: formulating, manufacturing, storing, and distributing safe, effective, and high-quality medicines: focuses on key subjects, including traditional pharmacology, medicinal chemistry, pharmaceutical formulation, pharmacology, and pharmaceutical laboratory testing.

Studying and understanding modern Western medicine is essential, as the state is actively striving to advance the traditional medicine sector in line with contemporary developments and integrate it into public healthcare. Therefore, it is crucial to continue studying and learning about herbal medicine, which is widely utilized both internationally and domestically, and to collaborate with traditional medicine experts to deliver healthcare services.



Vice-Senior General Soe Win meets outstanding trainees.

See Page 13



Vice-Senior General Soe Win greets graduate trainees at graduation dinner for the 22nd Intake and the 9th Intake (Female) of Military Institute of Nursing and Paramedical Sciences.

*From Page 12*

Pharmacists are tasked with the knowledge of formulating medicines, ensuring the proper use of medications, conducting quality tests on medicines, developing and manufacturing new medicines, ensuring military personnel, their families, and the public have access to adequate supplies of medicines, ensuring medicines are distributed correctly, preserving medications to prevent spoilage, and contributing to the development of the traditional medicine industry. Therefore, graduates of pharmaceutical science must effectively apply the fundamental principles of pharmaceutical science they have learned and ensure the public receives the highest quality of care.

Additionally, other medical professionals, such as laboratory technicians, X-ray technicians, and physical fitness trainers, must continue to enhance their skills to ensure accurate diagnostics and deliver comprehensive healthcare tailored to their specific areas of expertise. You must continue to conduct research in your specialized fields and collaborate with other medical departments to ensure the delivery of comprehensive care for the benefit of patients.

In carrying out public healthcare activities, including treatment, diagnosis, prevention, health promotion, and rehabilitation, as responsible citizens and medical personnel, it is essential to approach healthcare with sincerity, regardless of identities.

Throughout the history of the medical corps, nurses and medical personnel have consistently shouldered the responsibilities of care and medical protection on the battlefield with remarkable physical and mental resilience. They have carried out their national defense, security, and operational duties with courage, loyalty, and responsibility. As a result, they have been awarded honorary military certificates of merit and received battlefield promotions and rank advancements. This is also a source of pride for the mother university and the instructors who trained them. You must take pride in these achievements and uphold these traditions, striving to become outstanding medical personnel who uphold the honor of your mother university.

As military personnel, since your role is to dedicate your lives to protecting and caring for one another on the battlefield, only through loyalty to each other, your superiors, and your subordinates can trust be established and tasks be successfully carried out. Therefore, we must firmly uphold and adhere to the 60 Rules of Soldier's Code of Conduct, and strive to lead our lives as role models of ethical behavior and disciplined conduct.

Nurses and medical professionals play a critical role within the Tatmadaw medical corps, and it is imperative that they consistently enhance their qualifications in their respective medical fields while adhering strictly to the 9 Nursing Pledges.

Members of the armed forces, who are currently fulfilling national defense responsibilities, must ensure unity and cohesion both within and outside the military to effectively carry out their duties in all sectors. At this time, when both domestic and foreign destructive forces are attempting to disrupt the military's unity through various means, it is vital for armed forces personnel to stand together in solidarity, shoulder to shoulder, and back to back. This unity is as important as life itself. If all members of the armed forces and their families share the same understanding, vision, beliefs, and convictions, the unity within the Tatmadaw will remain eternally strong and steadfast.

Additionally, it is important to understand that protecting and safeguarding the lives, homes, and property of the people, providing healthcare, and offering assistance during natural disasters are all part of the outreach efforts of the Tatmadaw. When performing duties in various assigned areas, armed forces personnel must thoroughly understand the local conditions and specific information relevant to the region. Collaboration with local military units and communities, fostering unity, mutual support, and cooperation, is essential. Through these efforts, the Tatmadaw aims to effectively contribute to the nation's development and the success of public health initiatives. These objectives should be carried out with a strong emphasis on mutual respect and collaboration.

Our Tatmadaw is a highly organized and disciplined military, trained to adhere to commands with absolute obedience. Military discipline serves as the backbone of the armed forces, and as individuals who have embraced the soldier's life, members must not only respect and follow military laws and regulations but also uphold and comply with civil laws. Being disciplined soldiers and healthcare professionals, it is especially crucial to maintain exemplary moral character. Moreover, as members of the medical corps and hospital units who may need to engage alongside infantry units on the battlefield, it is essential to nurture a sense of camaraderie, compassion, and unwavering loyalty.

To become an excellent soldier with strong morale, discipline, and competence, the most critical aspects are proficiency in military strategy, administrative capability, and organizational skills. Each soldier must strive to master these three core competencies. Therefore, by excelling in these skills and embodying the five fundamental qualities, soldiers must live and act in a manner that earns the trust and reliance of the nation and the military. It is emphasized that nurses and medical professionals on whom the state and the Tatmadaw should aim to become exemplary soldiers who uphold these standards.

With the motto "compassion, kindness, safety" in mind, nurses are encouraged to strive to embody the ethics, mindset, and capabilities required to be exemplary caregivers. They must effectively apply the solid foundational knowledge they possess in medical science to conduct accurate practices and research, providing protection and care for the people to the best of their abilities. Nurses are urged to respect and take pride in their abilities, preserve good traditions, and uphold the honor of their alma mater while living and acting as exemplary soldiers. They should continuously work towards the advancement of their respective nursing and medical professions and faithfully adhere to the nine ethical principles of nursing. In addition to being disciplined members of the armed forces, they must cultivate a spirit of compassion, camaraderie, and loyalty, ensuring they become trusted and reliable medical professionals for both the nation and the military.

Afterwards, the Vice-Senior General received a salute from the military graduation companies and departed from the military parade. Following the parade, the Vice-Senior General met with outstanding trainees at the headquarters parlour of Military Institute of Nursing and Paramedical Sciences. He delivered a speech to honor their achievements.

In the evening, Vice-Senior General Soe Win, along with his entourage, attended the graduation dinner ceremony for the 22nd Intake and the 9th Intake (Female) of Military Institute of Nursing and Paramedical Sciences. They joined the graduates and attendees in celebrating the event and shared the honorary dinner together.

After the dinner, the Vice-Senior General and party enjoyed a performance by the Honorary Military Band of the Military Nursing and Medical Sciences University. He then presented cash awards to the participants.

Later, the Vice-Senior General and party, together with the graduating nurses, attended an honorary entertainment program presented by the Myawady Music Band under the supervision of the Public Relations and Psychological Warfare Directorate at the ceremonial hall.

100



Graduation dinner for the 22nd Intake and the 9th Intake (Female) of Military Institute of Nursing and Paramedical Sciences in progress.

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Vice Chairman of State Administration Council Deputy Commander-in-Chief of Defence Services Commander-in-Chief (Army) Vice-Senior General Soe Win delivers address to trainees of People's Military Service at local training school in Pathein, visits patients receiving treatments at hospital



Vice-Senior General Soe Win greets trainees of People's Military Service at local training school in Pathein.

**Nay Pyi Taw December 27**

Vice Chairman of State Administration Council Deputy Commander-in-Chief of Defence Services Commander-in-Chief (Army) Vice-Senior General Soe Win went to trainees of People's Military Service at a local training school in Pathein, Ayeyarwady Region, and delivered an address to them.

Also present at the meeting were Member of the SAC Union Minister for Defence General Maung Maung Aye, Commander-in-Chief (Navy) Admiral Htein Win, Commander-in-Chief General Tun Aung, the chief minister of Ayeyarwady Region, senior officers from the Office of the Commander-in-Chief of Defence Services, the commander of the South-West Command and officials.

First, SAC Member Union Minister for Defence General Maung Maung Aye delivered an address on enactment and exercise of People's Military Service Laws not only in Myanmar but also in other countries, responsibility of every citizen to protect their country in every sovereign states, enrollment of recruits in accordance with the law by systematically selecting qualified ones and by forming recruit teams, the needs to protect the country by deftly applying military tactics taught at the training school in battlefields and to be loyal to the country by keeping high morale and fitness.

Then, the Vice-Senior General delivered an address saying as defence services personnel are those who have taken the four pledges by touching the state flag, they are required to be loyal to the country and the Tatmadaw, their comrades, their family. Being loyal to the country amounts to performing assigned duties successfully. Being loyal to comrades or the spirit of camaraderie means loving kindness, attachment and allegiance among comrades. Being loyal to families refers to keeping the reputation of families, not burdening the people and avoiding the acts that will damage the interests of the people.

Those who consider themselves as defence services personnel, they are good and precious citizens who perform state's and the Tatmadaw's duties round-the-clock. Therefore, they are required to keep their reputation by observing ethics and discipline of a defence services personnel forever.

As defence services personnel, they are required to perform assigned duties responsibly. Moreover, they must follow three As by always practicing military tactics taught at the training school, always maintain military awareness and always be combat ready. They must fight against enemies by following the Bs such as bravely advancing, bravely attacking and bravely defeating enemies. A total of six batches of people's military service have been successfully conducted so far and good citizens are now performing duties responsibly in battalions and units they are assigned to. It can proudly be seen that defence services personnel who completed people's military service training were able to fetch honorary bravery awards within a very short period.

After graduating from the training, while serving in the respective battalions and units, they must go and apply the military skills taught by the training school and also follow the rules about how people should do and should not do. Whether assigned or not, they need to make full use of the military skills they have learned, he said.

People who entered the service from all walks of life, but now wear the same uniform and they have been trained to have the same color, thoughts, beliefs and philosophy according to the training institutes. They are good citizens who are trusted by the state and the Tatmadaw, and who are able to fulfill any responsibility given to them with pride in their military life. They need to behave as heroes that the family respects and values, he added.

After the meeting, Vice Chairman of the State Administration Council, Deputy Commander-in-Chief of the Defence Services, Commander-in-Chief (Army) Vice-Senior General Soe Win presented honorariums to the trainees and greeted them warmly.

Next, the Vice-Senior General and the members arrived at the local military hospital and were greeted by the hospital superintendent and officials.

After that, the Vice-Senior General and the members visited officers and other ranks who are receiving medical treatment at the hospital individually and inquired about the conditions of disease, medical treatment conditions, and health improvement conditions, before giving them food and honorariums.

After that, the Vice Chairman awarded cash prizes for the health workers who are serving at the hospital and the officials accepted. After that, the Vice-Senior General and the members toured the hospital and fulfilled the requirements.



Vice-Senior General Soe Win presents gift to a patient.

In addition, the Vice-Senior General met the family members and greeted them in a friendly manner according to the residential housing units, and provide food and rewards, as well as support and reward money to feed nutritious supplements for preschool children.

Similarly, Commander-in-Chief (Navy) Admiral Htein Win, Commander-in-Chief (Air) Gen. Tun Aung, and senior military officers visited the battalions and units according to the relevant command, met with family members, and coordinated the necessary arrangements. 100



Vice-Senior General Soe Win provides food for Tatmadaw families.

# The message sent by Chairman of the State Administration Council Prime Minister of the Republic of the Union of Myanmar Senior General Thadoe Maha Thray Sithu Thadoe Thiri Thudhamma Min Aung Hlaing to the ceremony to mark the 50th Anniversary (Golden Jubilee) Arkha National Day

**Esteemed Arkha ethnic people brethren,**

I would like to extend my best wishes for the physical and mental well-being of all the national race people of the Union residing in Myanmar together with Arkha ethnic people on the 50th Anniversary (Golden Jubilee) Arkha National Day which falls on 28 December 2024, today.

The Arkha National Day, which began in 1975 under the leadership of the Akha ethnic group's leaders, has since been celebrated annually with unity by various Arkha communities. This celebration has continued to grow in scale and success, and now, it has reached the significant milestone of its 50th anniversary. I am deeply honoured to have the opportunity to express my joy at this National Day event, where the unity, stability, peace, and prosperity of the Arhka people are being showcased.

The Arkha people have been residing together in unity with the indigenous ethnic groups of Myanmar, particularly in the Shan State (East), since the early 11th century, when they first settled and established their presence in the region. They have done so with a spirit of cooperation and a sense of national unity based on the Union spirit. While the Arkha people primarily follow their native Arkhazan religion, like other ethnic groups in the area, they also adhere to Buddhism and Christianity. They live peacefully under the guidance of their respective religious teachings. Regarding Arkha literature, it is noteworthy that, since 2008, the Arkha ethnic group has successfully developed their own literature. This accomplishment highlights the efforts and dedication of the Arkha people to preserve and promote their cultural heritage. The Arkha people take pride in maintaining their clothing, culture, language, and traditional customs, just as they weave and wear their own garments. It is noteworthy that they continue to preserve these cultural elements to prevent them from fading away. According to their beliefs, traditional customs, and rituals, the Arkha people celebrate seasonally traditional festivals, where they joyfully participate alongside people of all ethnicities.

The Arkha people have collaborated with the Tatmadaw throughout generations to maintain regional peace, stability and the rule of law. As a result, the region where the Arkha people reside, Shan State (East), has seen notable progress and development in various sectors, including economy, society, education, and healthcare. As a testament to the advancement in education, we now see Arkha individuals actively and commendably serving in various roles within the country's defence, education, healthcare, and administrative sectors, as Tatmadaw members and civil servants. Given that the Arkha people inhabit border areas adjacent to neighbouring countries such as China, Laos, and Thailand, they play a vital role in fostering goodwill and friendship between the peoples of these nations. By ensuring border stability and promoting border trade and development, they contribute significantly to the progress and growth of the nation on one hand.

Since assuming the responsibilities of the State, the State Administration Council has prioritized the interests of the nation and its people. It has established visions, the Roadmap, and objecties aimed at achieving equitable, comprehensive development across the country. Regarding the ending of armed conflicts which are occurring in certain regions of the country, initiatives have been extended to resolve these political issues through political means and dialogue. However, it has been observed that some ethnic armed groups, turning a blind eye to their regional and ethnic interests, continue to engage in acts of terrorism persistently. As the Arkha people have collaborated and aligned with the path taken by the government, they have witnessed improvements and progress in their socio-economic lives. Therefore, the Arkha people must continue to maintain their cooperation with the government, ensuring regional stability and peace while fostering development in various socio-economic sectors. They should work towards further enhancing the benefits for their region and their community.

As the Arkha people, we have already made significant contributions to the history of our nation and region that can be remembered as milestones, and we believe we will continue to make such contributions. Furthermore, as the Arkha people, we strive to preserve and protect our deeply rooted history, traditions, customs, and cultural heritage to ensure they are not lost. Through occasions like this National Day, we aim to showcase the unity of the Arkha people, elevate our pride, and actively work towards the betterment of our nation and region. On the occasion of the 50th Anniversary (Golden Jubilee) of the Arkha National Day, I send this message with pride and joy, encouraging all Arkha people to unite and contribute to these noble efforts for serving the interests of the State and the region.

**Senior General Thadoe Maha Thray Sithu**
**Thadoe Thiri Thudhamma Min Aung Hlaing**
**Chairman, State Administration Council, Prime Minister**

# S. Korea's new acting president vows stable management of state affairs

**Seoul December 27**

Minister of Economy and Finance Choi Sang-mok, who doubles as deputy prime minister for economic affairs, vowed the stable management of state affairs on Friday after becoming a new acting president following the impeachment of Prime Minister Han Duck-soo.

Choi said in a statement that it would be of utmost significance to minimize the confusion of state affairs, pledging to do his best to stabilize the management.

The acting president stressed the importance of solid security, unshakable economy and stable public order, saying he felt heavy responsibility for the current situation.

He instructed civil servants to fulfill responsibilities in their respective positions without negligence to overcome the current difficulties.

The motion to impeach Han was passed in the National Assembly earlier in the day as Han, who had served as an acting president following President Yoon Suk-yeol's impeachment, refrained from appointing three constitutional court justices who will fill vacancies on the nine-member bench for Yoon's impeachment trial.

It was the first time in the country's modern history that an impeachment motion against an acting president was put to a vote and passed in the National Assembly.

The impeachment motion against Yoon was passed in the National Assembly on Dec. 14 and was delivered to the constitutional court to deliberate it for up to 180 days, during which Yoon's presidential power is suspended.

Yoon, who was named by investigative agencies as a suspect on insurrection charge, declared an emergency martial law on the night of Dec. 3, but it was revoked by the National Assembly hours later.

Xinhua

# German president dissolves parliament, snap elections due in Feb.

**Berlin December 27**

German President Frank-Walter Steinmeier on Friday dissolved the Bundestag, the lower house of parliament, paving the way for early federal elections.

Steinmeier announced in Berlin that the snap elections will be held on Feb. 23, as previously agreed by major political parties.

This announcement came after Chancellor Olaf Scholz lost a vote of confidence in the Bundestag on Dec. 16. Scholz recommended the Bundestag's dissolution after the confidence vote.

In November, Scholz lost the majority in the parliament after Finance Minister Christian Lindner and other ministers from the Free Democratic Party left the ruling coalition due to lasting disagreements over tax allocation, economic stimulus measures, and investment funding.

On Friday, Steinmeier stressed that a capable government with a reliable parliamentary majority is needed during these challenging times. He said that new elections are the appropriate course of action for the country's benefit.

Highlighting challenges such as economic uncertainties, regional conflicts, immigration issues, and climate change, the president urged politicians to focus on finding solutions to these pressing matters.

Under Germany's Basic Law, the president can dissolve the parliament at the request of the chancellor, following a failed vote of confidence.

A recent public opinion survey showed declining support for Scholz's Social Democratic Party. According to this Monday's RTL/ntv trend barometer conducted by the Forsa Institute, the conservative union of CDU/CSU has gained one percentage point in approval rating from a week earlier, reaching 31 percent support. The far-right AfD remains in second place with 19 percent support. However, the ruling Social Democratic Party has dropped one point to 16 percent.

Xinhua



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်ကိုယ်စား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး သီရိပျံချီ မဟာသရေစည်သူစိုးဝင်း ကျောင်းဆင်းတပ်ခွဲများကို စစ်ဆေးစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး သီရိပျံချီ မဟာသရေစည်သူစိုးဝင်းက တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ် အမျိုးသမီးသူနာပြုနှင့် ဆေးဘက်ပညာသိပ္ပံဘွဲ့ သင်တန်းအမှတ်စဉ်(၉)မှ အကောင်းဆုံးသင်တန်းသူဆုရရှိသူ သင်တန်းသူ ဆုမြတ်ရတနာအား ဆုပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး သီရိပျံချီ မဟာသရေစည်သူစိုးဝင်းက တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ် အမျိုးသမီးသူနာပြုနှင့် ဆေးဘက်ပညာသိပ္ပံဘွဲ့ သင်တန်းအမှတ်စဉ်(၉)မှ လေ့ကျင့်ရေးထူးချွန်ဆုရရှိသူ သင်တန်းသူ ဆုပုံချစ်အား ဆုပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး သီရိပျံချီ မဟာသရေစည်သူစိုးဝင်းက တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ် အမျိုးသမီးသူနာပြုနှင့် ဆေးဘက်ပညာသိပ္ပံဘွဲ့ သင်တန်းအမှတ်စဉ်(၉)မှ စာပေထူးချွန်ဆုရရှိသူ သင်တန်းသူ ရွှေစင်မင်းထွန်းအား ဆုပေးအပ်ချီးမြှင့်စဉ်။

❑ ရှေ့ဖုံးမှအဆက်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)ဒုတိယဗိုလ်ချုပ်မှူးကြီး သီရိပျံချီ မဟာသရေစည်သူစိုးဝင်း တက်ရောက်မိန့်ခွန်းပြောကြားသည်။

အဆိုပါအခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကာကွယ်ရေးဦးစီချုပ်(ကြည်း)နှင့်အတူ ဇနီး ဒေါ်သန်းသန်းနွယ်၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)ဗိုလ်ချုပ်ကြီး ဇေယျကျော်ထင်ထိန်ဝင်းနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ဇေယျကျော်ထင် စည်သူထွန်းအောင်နှင့်ဇနီး၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များနှင့်ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်ဇနီး၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ တပ်မတော်သူနာပြုနှင့်ဆေးဘက်ပညာတက္ကသိုလ်ကျောင်းအုပ်ကြီး၊ ရန်ကုန်တပ်နယ်မှ တာဝန်ရှိသူများ၊ ကျောင်းဆင်း သင်တန်းသား၊ သင်တန်းသူများ၏မိဘအုပ်ထိန်းသူများ၊ တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ်စာပေဌာနနှင့် လေ့ကျင့်ရေးဌာနတို့မှ နည်းပြအရာရှိများနှင့် ဆရာ၊ဆရာမများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက် ကြသည်။



တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ် သူနာပြုနှင့် ဆေးဘက်ပညာသိပ္ပံဘွဲ့သင်တန်း အမှတ်စဉ်(၂၂)နှင့် အမျိုးသမီးသူနာပြုနှင့် ဆေးဘက်ပညာသိပ္ပံဘွဲ့ သင်တန်းအမှတ်စဉ်(၉) သင်တန်းဆင်းဂုဏ်ပြုစစ်ရေးပြအခမ်းအနားသို့ တက်ရောက်လာကြသည့် ဧည့်သည်တော်များကို တွေ့ရစဉ်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး သီရိပျံချီ မဟာသရေစည်သူစိုးဝင်းက သင်တန်းဆင်းတပ်ခွဲများ၏ အလေးပြုခြင်းကိုခံယူပြီးနောက် အလံတော်အဖွဲ့နှင့် ကျောင်းဆင်းတပ်ခွဲများအား စစ်ဆေးသည်။ ၎င်းနောက် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား ကျောင်းဆင်းတပ်ခွဲများက အနှေးလျှောက်၊အမြန်လျှောက်ဖြင့် ချီတက်အလေးပြုကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး သီရိပျံချီ မဟာသရေစည်သူစိုးဝင်းသည် တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ် အမျိုးသမီးသူနာပြုနှင့်ဆေးဘက်ပညာသိပ္ပံဘွဲ့ သင်တန်းအမှတ်စဉ်(၉)မှ အကောင်းဆုံးသင်တန်းသူဆုရရှိသူ သင်တန်းသူ ဆုမြတ်ရတနာ၊ လေ့ကျင့်ရေးထူးချွန်ဆုရရှိသူ သင်တန်းသူ စုပုံချစ်နှင့်စာပေထူးချွန်ဆုရရှိသူသင်တန်းသူ ရွှေစင်မင်းထွန်းတို့ကို ဆုများပေးအပ်ချီးမြှင့်သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်ကိုယ်စား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး သီရိပျံချီ မဟာသရေစည်သူစိုးဝင်းက မိန့်ခွန်းပြောကြားရာတွင် ယနေ့သည် သူနာပြုနှင့်ဆေးဘက်ပညာသိပ္ပံဘွဲ့သင်တန်းအမှတ်စဉ်(၂၂)နှင့် အမျိုးသမီးသူနာပြုနှင့် ဆေးဘက်ပညာသိပ္ပံဘွဲ့သင်တန်း အမှတ်စဉ်(၉)တို့၏ သင်တန်းဆင်းသည့်နေ့ဖြစ်ပြီး တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့အတွက် မျိုးဆက်သစ်များ ထပ်မံမွေးထုတ်ပေးလိုက်သည့်ဂုဏ်ယူဝမ်းမြောက်ဖွယ်ရာ နေ့တစ်နေ့လည်းဖြစ်ကြောင်း။

တပ်မတော်သူနာပြုနှင့်ဆေးဘက်ပညာတက္ကသိုလ်အနေဖြင့်**“ဒွိတာဝန်အရေးသုံးပါးကို ကာကွယ်မည့် အမျိုးသားတပ်မတော်အတွက်လိုအပ်သောလက်ရုံးရည်၊နှလုံးရည်ပြည့်ဝသည့်သူနာပြုများ၊ဆေးဝါးကျွမ်းကျင်သူများနှင့် ဆေးဘက်ပညာသည်များမွေးထုတ်ပေးရန်”**ဆိုသည့်ရည်ရွယ်ချက်နှင့်အညီ သူနာပြုများနှင့်ဆေးဘက်ပညာသည်များကို စဉ်ဆက်မပြတ် သင်ကြားလေ့ကျင့်မွေးထုတ်ပေးလျက်ရှိကြောင်း။

ထိုသို့ သင်ကြားလေ့ကျင့်မွေးထုတ်ပေးရာတွင် ယနေ့အချိန်ထိ သူနာပြုသိပ္ပံဘွဲ့၊ ဆေးဝါးကျွမ်းကျင်မှုသိပ္ပံဘွဲ့၊ ဆေးဘက်ဆိုင်ရာနည်းပညာသိပ္ပံဘွဲ့၊ ဆေးပညာသင်ကြားရေးဘွဲ့လွန်ဒီပလိုမာဘွဲ့၊ သူနာပြုမဟာသိပ္ပံဘွဲ့၊ ဆေးဝါးမဟာသိပ္ပံဘွဲ့၊ ဆေးဘက်ဆိုင်ရာနည်းပညာမဟာသိပ္ပံဘွဲ့၊ သူနာပြုပါရဂူဘွဲ့၊ဆေးဘက်ဆိုင်ရာဓာတ်မှန်နှင့် ပုံရိပ်ဖော်နည်းပညာ ပါရဂူဘွဲ့ရရှိသူ စုစုပေါင်း ၅၅၇၃ ဦးကို လေ့ကျင့်မွေးထုတ်ပေးနိုင်ခဲ့ပြီးဖြစ်ကြောင်း။

အမိတက္ကသိုလ်က လေ့ကျင့်သင်ကြားမွေးထုတ်ပေးလိုက်သည့် သူနာပြုများနှင့် ဆေးဘက်ပညာသည်များသည် လက်တွေ့နယ်ပယ်ဖြစ်သည့် တပ်မတော်ဆေးရုံ၊ ဆေးတပ်ရင်းတပ်ဖွဲ့များတွင် သက်ဆိုင်ရာဆေးဘက်ပညာရပ်များကို ထိရောက်စွာအသုံးချပြီး နိုင်ငံတော်နှင့် တပ်မတော်က ယုံကြည်အားကိုးရသည့် ဆေးဝန်ထမ်းတပ်ဖွဲ့ဝင်များအဖြစ် ပေးအပ်လာသည့်မည်သည့်

**စွမ်းရည်သုံးရပ်ထက်မြက်ပြီး အခြေခံအရည်အချင်း ငါးပါးနှင့် ပြည့်စုံအောင် နေထိုင်ပြုမူကျင့်ကြံကာ နိုင်ငံတော်နှင့်တပ်မတော်က အားကိုးအားထားပြုရသည့် သူနာပြုနှင့် ဆေးဘက်ပညာသည် စစ်သည်တော်ကောင်းများဖြစ်အောင် ကြိုးပမ်းသွားကြရန် အလေးထားမှာကြားလို. . .**

များနှင့်ပြည်သူလူထုကို ကျန်းမာရေးစောင့်ရှောက်မှုပေးရာတွင် ဆရာဝန်များ၊ သူနာပြုများသာမက ဆေးဝါးဖော်စပ်ခြင်း၊ ရောဂါရှာဖွေခြင်းနှင့်ပြန်လည်ထူထောင်ခြင်းတို့အတွက် ဆေးဘက်ပညာသည်များ၏ အခန်းကဏ္ဍကလည်း အရေးပါလာခြင်းကြောင့် ၂၀၀၂ ခုနှစ်တွင် တပ်မတော်သူနာပြုနှင့်ဆေးဘက်ပညာတက္ကသိုလ် (Military Institute of Nursing and Paramedical Sciences)အဖြစ် ပြောင်းလဲတိုးချဲ့ပြင်ဆင်ဖွဲ့စည်းခဲ့ကြောင်း၊ ထို့ပြင် အမျိုးသမီးသူနာပြုများ မွေးထုတ်ပေးနိုင်ရေးအတွက် အမျိုးသမီး သူနာပြုသိပ္ပံဘွဲ့သင်တန်းများကို ၂၀၁၄ ခုနှစ်တွင် တိုးချဲ့ဖွင့်လှစ်သင်ကြားလေ့ကျင့်ပေးနိုင်ခဲ့ကြောင်း၊ တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ်သည် စတင်ဖွင့်လှစ်စဉ်ကပင် ယနေ့ထိတိုင်အောင်ပေးအပ်ထားသည့်ရည်မှန်းချက်





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး သီရိပျံ့ချီ မဟာသရေစည်သူစိုးဝင်း ထူးချွန်ဆုရရှိကြသည့် သင်တန်းသူများအားတွေ့ဆုံ၍ ဂုဏ်ပြုအမှာစကားပြောကြားစဉ်။

တာဝန်မျိုးကိုမဆို သူနာပြုကျင့်ဝတ်များနှင့်အညီ ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ ကျေပွန်စွာထမ်းဆောင်လျက်ရှိကြောင်းကိုလည်း အသိအမှတ်ပြုပြောကြားလိုကြောင်း။

တပ်မတော်သူနာပြုနှင့်ဆေးဘက်ပညာတက္ကသိုလ်တည်ထောင်ခဲ့သည်မှာ လာမည့် ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီ ၂၄ ရက်တွင်၂၅ နှစ်ပြည့်မြောက်ပြီး ငွေရတုနှစ်ပတ်လည်တိုင်တော့မည်ဖြစ်ကြောင်း၊ဆေးဝန်ထမ်းတပ်ဖွဲ့၏အဓိကအင်အားစုကြီးဖြစ်သည့် သူနာပြုတပ်ဖွဲ့ဝင်များသည် စစ်ပညာတတ်မြောက်ပြီး ဆင့်ကဲဆင့်ကဲရာထူးတာဝန်များကို ထမ်းဆောင်နိုင်ရန် လိုအပ်ခြင်းကြောင့် သူနာပြုတက္ကသိုလ် (Defence Services Institute of Nursing)ကို ၂၀၀၀ ပြည့်နှစ် ဖေဖော်ဝါရီ ၂၄ ရက်တွင် စတင်ဖွဲ့စည်းတည်ထောင်ခဲ့ပြီး အမျိုးသားသူနာပြုသိပ္ပံဘွဲ့သင်တန်းများကို ဖွင့်လှစ်သင်ကြားပေးခဲ့ကြောင်း။

တပ်မတော်သားများ၊မိသားစုဝင်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး သီရိပျံ့ချီ မဟာသရေစည်သူစိုးဝင်း၏ဇနီး ဒေါ်သန်းသန်းနွယ် တပ်မတော်သူနာပြုနှင့်ဆေးဘက်ပညာတက္ကသိုလ်သူနာပြုနှင့် ဆေးဘက်ပညာသိပ္ပံဘွဲ့ သင်တန်းအမှတ်စဉ်(၂၂)နှင့် အမျိုးသမီးသူနာပြုနှင့် ဆေးဘက်ပညာသိပ္ပံဘွဲ့ သင်တန်းအမှတ်စဉ်(၉) သင်တန်းဆင်းဂုဏ်ပြုစစ်ရေးပြအခမ်းအနားသို့ တက်ရောက်စဉ်။

တာဝန်များကို ကျေပွန်အောင်မြင်အောင် ထမ်းဆောင်နိုင်ခဲ့သည်ကို ဂုဏ်ယူဖွယ်ရာတွေ့မြင်ရမည်ပင်ဖြစ်ကြောင်း။

**“စေတနာအကြင်နာ ဘေးကင်းကွာ”** ဆိုသည့်ဆောင်ပုဒ်နှင့်အညီ သူနာပြုများအနေဖြင့် လူနာများကိုပြုစုစောင့်ရှောက်မှုပေးရာတွင် အကြင်နာတရားအပြည့်အဝထားရှိရန် လိုအပ်ကြောင်း၊ ထို့ကြောင့် သာမန်တာဝန်ထမ်းဆောင်နေမှုဆိုသည်ထက် သူနာပြုစုမှုအတတ်ပညာနှင့်ပေါင်းစပ်ပြီး မိမိတို့ထံတွင် အခြေခံရှိပြီးသားဖြစ်သည့် ကြင်နာမှုစိတ်ဓာတ်ကို ပိုမိုရင့်ကျက်ခိုင်မာစေရန် လေ့ကျင့်မွေးမြူသွားကြရမည်ဖြစ်ကြောင်း။

လူနာများအတွက် ပြည့်စုံလုံလောက်သည့် ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်သော ထူးချွန်ထက်မြက်သည့် သူနာပြုကောင်းတစ်ဦး ဖြစ်လာစေရန်အတွက် ကိုယ်ပိုင်အရည်အချင်းများနှင့် သက်မွေးလုပ်ငန်းဆိုင်ရာ ကျွမ်းကျင်မှုအရည်အချင်းများဆိုသည့် **စာမျက်နှာ ၁၈ သို့**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး သီရိပျံ့ချီ မဟာသရေစည်သူစိုးဝင်းအား ကျောင်းဆင်းတပ်ခွဲများက အနေးလျှောက်၊ အမြန်လျှောက်ဖြင့် ချီတက်အလေးပြုစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ် သူနာပြုနှင့် ဆေးဘက်ပညာသိပ္ပံဘွဲ့ သင်တန်းအမှတ်စဉ်(၂၂)နှင့် အမျိုးသမီးသူနာပြုနှင့် ဆေးဘက်ပညာသိပ္ပံဘွဲ့ သင်တန်းအမှတ်စဉ်(၉) သင်တန်းဆင်းဂုဏ်ပြုညစာစားပွဲအခမ်းအနားတွင် သင်တန်းဆင်းသူနာပြုများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်စဉ်။

**စာမျက်နှာ ၁၇ မှအဆက်**

အင်္ဂါရပ်နှစ်ခုနှင့် ပြည့်စုံနေရန်လည်းလိုအပ်ကြောင်း၊ စာနာမှုနှင့်ကရုဏာတရားရှိမှု၊ စိတ်ရှည်သည်းခံနိုင်မှု၊လိုက်လျောညီထွေရှိပြီး ပြောင်းလွယ်ပြင်လွယ်နိုင်မှု၊ ထိရောက်စွာ ပြောဆိုဆက်ဆံနိုင်မှုနှင့်လူနာများ၏ စိတ်ဖိစီးမှုကို ကောင်းမွန်ကျွမ်းကျင်စွာ ကိုင်တွယ်ဖြေရှင်းနိုင်မှုစသည့် သူနာပြုကောင်းတစ်ဦး၏ ရှိသင့်ရှိအပ်သည့် ကိုယ်ရည်ကိုယ်သွေးများ ပြည့်စုံနေရန် ကြိုးစား လုပ်ဆောင်သွားရမည် ဖြစ်ကြောင်း။

ကမ္ဘာ့ကျန်းမာရေး အဖွဲ့ကြီး၏ အဓိပ္ပာယ်ဖွင့်ဆိုချက်များအရ လူနှင့် တိရစ္ဆာန်တို့အတွက် ရောဂါရှာဖွေရန်၊ ကာကွယ်ရန်၊ ကုသရန်နှင့်အကျိုးသက်ရောက်မှုတစ်ခုခုဖြစ်စေရန်အတွက် အသုံးပြုသည့်ပစ္စည်းကို ဆေးဝါးအဖြစ် သတ်မှတ်ခဲ့ကြကြောင်း၊ ဘေးကင်းသော၊ အာနိသင်ရှိသော၊ အရည်အသွေးပြည့်မီသော ဆေးဝါးများဖော်စပ်ရေး၊ ထုတ်လုပ်ရေး၊ သိုလှောင်သိမ်းဆည်းရေးနှင့် ပြည်သူလူထုထံသို့ဖြန့်ဝေရေးစသည့် လုပ်ငန်းတာဝန်များကို အောင်အောင်မြင်မြင် ထမ်းဆောင်နိုင်ရန်အတွက် ဆေးဝါး ကျွမ်းကျင်သူများကိုလည်း သင်ကြားလေ့ကျင့် မွေးထုတ်ပေးလျက်ရှိရာတွင် ပရဆေးဗေဒ၊ဆေးဝါးဘက်ဆိုင်ရာဓာတုဗေဒ၊ ဆေးဝါး ဖော်စပ်ရေး၊ ဆေးဝါးဗေဒ၊ ဆေးဝါးဘက် ဆိုင်ရာ ဓာတ်ခွဲစမ်းသပ်ခြင်း ဘာသာရပ်များကို အဓိကသင်ကြားပေးလျက်ရှိကြောင်း။

ခေတ်မီဆန်းသစ်သည့် အနောက်တိုင်းဆေးဝါးများနှင့်ပတ်သက်သည့် ပညာရပ်များကိုလည်း ဆည်းပူးသင်ကြားရမည်ဖြစ်သကဲ့သို့ နိုင်ငံတော်အနေဖြင့် တိုင်းရင်းဆေးကဏ္ဍကိုလည်း ခေတ်နှင့်အညီ ဖွံ့ဖြိုးတိုးတက်ပြီး ပြည်သူလူထု၏ကျန်းမာရေးစောင့်ရှောက်မှုများတွင် တိုင်းရင်းဆေးပညာနှင့်ပါဝင်အားဖြည့်နိုင်ရန် အလေးထားဆောင်ရွက်လျက်ရှိခြင်းကြောင့် လေ့လာသင်ယူရန်လိုအပ်ကြောင်း၊ ထို့ကြောင့် နိုင်ငံတကာနှင့်ပြည်တွင်းတွင်ပါ အသုံးတွင်ကျယ်လာသည့် ဆေးဖက်ဝင်နွယ်မြက်သစ်ပင်တို့အကြောင်း (Herbal Medicine) ကိုလည်းမျက်ခြည် မပြတ်ဆည်းပူးလေ့လာပြီး တိုင်းရင်းဆေးပညာရှင်များနှင့်အတူ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်း။

ဆေးဝါး ကျွမ်းကျင်သူများအနေဖြင့် ဆေးဝါးဖော်စပ်သည့် ပညာ၊ ဆေးဝါးများ မှန်ကန်စွာအသုံးပြုရေး၊ ဆေးဝါးများ အရည်အသွေးပြည့်မီမှု ရှိ၊မရှိ စစ်ဆေးစမ်းသပ်ရေး၊ ဆေးဝါးအသစ်များ တီထွင်ထုတ်လုပ်ရေး၊ တပ်မတော်သားများ၊ မိသားစုဝင်များနှင့်ပြည်သူလူထုတို့ဆေးဝါးလုံလောက်စွာရရှိရေး၊ သုံးစွဲသူလက်ဝယ်သို့ ဆေးဝါးများ မှန်ကန်စွာရောက်ရှိရေး၊ ဆေးဝါးများမပျက်စီးအောင် ထိန်းသိမ်းစောင့်ရှောက်ရေးနှင့် တိုင်းရင်းဆေးဝါး ထုတ်လုပ်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်လာအောင် ဆောင်ရွက်ပေးရေး စသည့် လုပ်ငန်းတာဝန်များကို ထမ်းဆောင်ကြရသူများပင်ဖြစ်ကြောင်း၊ထို့ကြောင့် ဆေးဝါးကျွမ်းကျင်မှု သိပ္ပံဘွဲ့ရသူများအနေဖြင့် အလိုက် သုတေသနလုပ်ငန်းများကို ဆက်လက် ဆောင်ရွက်နေရမည့်အပြင် လူနာများ၏ ကောင်းကျိုးအတွက် အခြားသော ဆေးပညာရပ်ဌာနများနှင့် ပူးပေါင်းဆောင်ရွက်ကာ ပြီးပြည့်စုံသည့် ပြုစုကုသမှုများ ဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း။

ပြည်သူလူထု၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်သည့်နေရာတွင် ပြုစုကုသရေး၊ရောဂါရှာဖွေရေး၊ တားဆီးကာကွယ်ရေး၊ ကျန်းမာရေးမြှင့်တင်ပေးရေးနှင့် ပြန်လည်သန်စွမ်းရေးဆိုသည့် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းစဉ်များကို နိုင်ငံ့သားကောင်းဆေးဝန်ထမ်းတပ်ဖွဲ့ဝင်များပီပီ ကျေးသား၊ ရင်သားမခွဲခြားဘဲ စိတ်ရင်းစေတနာမှန်နှင့် ဆောင်ရွက်ပေးသွားကြရန်လိုကြောင်း။

ဆေးဝန်ထမ်းတပ်ဖွဲ့၏ သမိုင်းကြောင်းတစ်လျှောက်တွင် သူနာပြုနှင့်ဆေးဝန်ထမ်းတပ်ဖွဲ့ဝင်များသည် ပြုစုကုသစောင့်ရှောက်ရေးနှင့်စစ်မြေပြင်ဆေးအကာအကွယ်ပေးရေးတာဝန်များကို ကိုယ်ရောစိတ်ပါ စွမ်းစွမ်းတမံထမ်းရွက်ခဲ့ကြသည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်ကာကွယ်ရေး၊ လုံခြုံရေးနှင့်စစ်ဆင်ရေးတာဝန်များကို ရဲစွမ်းသတ္တိအပြည့်နှင့် သစ္စာရှိရှိ၊တာဝန်သိသိ ကျေပွန်စွာထမ်းဆောင်ခဲ့ကြသဖြင့် စစ်ဘက်စွမ်းရည်ဆိုင်ရာ ဂုဏ်ထူးဆောင်လက်မှတ်များချီးမြှင့်ခံရခြင်း၊ စစ်မြေပြင်ရာထူးတိုးခြင်းနှင့် အဆင့်တိုးမြှင့်ခြင်းများကိုလည်း ထိုက်ထိုက်တန်တန်ရရှိခဲ့ကြသည့်အတွက် အမိတက္ကသိုလ်နှင့် လေ့ကျင့်သင်ကြားပေးလိုက်သည့် နည်းပြများအတွက်လည်း ဂုဏ်ယူဖွယ်ရာဖြစ်ကြောင်း၊ ထိုသို့စွမ်းဆောင်နိုင်မှုများကို လေးစားအားကျဂုဏ်ယူစိတ်နှင့် မိမိတို့ကိုယ်တိုင်လည်း ကြိုးစားကြရမည်ဖြစ်သကဲ့သို့ အစဉ်အလာကောင်းများကို ထိန်းသိမ်းပြီး အမိကျောင်းတော်ကြီး၏ဂုဏ်ကို မြှင့်တင်ပေးနိုင်သည့် ဆေးဝန်ထမ်းတပ်ဖွဲ့ဝင် စစ်သည်တော်ကောင်းများဖြစ်အောင် ပြုမူကျင့်ကြံနေထိုင်သွားကြရမည်ဖြစ်ကြောင်း။

တပ်မတော်သားများ ဖြစ်သည်နှင့်အညီ စစ်မြေပြင်တွင် တစ်ဦးနှင့်တစ်ဦး အပြန်အလှန် အသက်ပေးကာကွယ်စောင့်ရှောက်ကြရသည့်သူများ ဖြစ်ခြင်းကြောင့် အချင်းချင်းနှင့် အထက်အောက်သစ္စာစောင့်သိမှသာလျှင် အပြန်အလှန်ယုံကြည်မှုကို တည်ဆောက်ရယူနိုင်မှာဖြစ်ပြီး လုပ်ငန်းကိစ္စအဝဝကို အောင်မြင်အောင် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် စစ်သည်တော်ကျင့်ဝတ်အပါးခြောက်ဆယ်ကို ခါးဝတ်ပုဆိုးကဲ့သို့ မြဲမြံအောင်စောင့်ထိန်းလိုက်နာပြီး ကျင့်ဝတ်စည်းကမ်းအရာတွင် စံနမူနာပြဖြစ်အောင် ကြိုးစားကျင့်ကြံ နေထိုင်သွားကြရန် လိုကြောင်း။

သူနာပြုတပ်ဖွဲ့ဝင်များနှင့် ဆေးဘက်ပညာသည်များသည် တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့အတွက် မရှိမဖြစ်အရေးပါသော အခန်းကဏ္ဍကပါဝင်နေသည်ဖြစ်၍ မိမိတို့သက်ဆိုင်ရာ ဆေးဘက်ပညာရပ်နယ်ပယ်အလိုက် အစဉ်တိုးတက်အရည်အချင်းပြည့်ဝအောင် ကြိုးစားလုပ်ဆောင်သွားကြရန်လိုအပ်သလို သူနာပြုအဓိဋ္ဌာန်ကတိသစ္စာ ကိုးချက်ကိုလည်း အလေးထားလိုက်နာ စောင့်ထိန်းသွားကြရန်လိုကြောင်း။

နိုင်ငံတော် ကာကွယ်ရေးလုပ်ငန်းတာဝန်များကို ထမ်းဆောင်နေရသည့် တပ်မတော်သားများသည် ကျရာအခန်းကဏ္ဍများတွင် တာဝန်ကျေပွန်စွာထမ်းရွက်နိုင်ရန်အတွက် တပ်တွင်း၊တပ်ပြင် စည်းလုံးညီညွတ်ရေး ပြည့်ဝခိုင်မာနေရန် အထူးလိုအပ်ကြောင်း၊ ယနေ့အချိန်အခါတွင် တပ်တွင်းစည်းလုံး ညီညွတ်မှုပျက်ပြားစေရန်ရည်ရွယ်ပြီး **စာမျက်နှာ ၁၈ သို့**




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ်၊အဖွဲ့ဝင်များက သင်တန်းဆင်းသူနာပြုများ၊ ညစာစားပွဲ တက်ရောက်လာကြသူများနှင့်အတူ ဂုဏ်ပြုညစာကို အတူတကွသုံးဆောင်ကြစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ်၊ အဖွဲ့ဝင်များက တပ်မတော်သူနာပြုနှင့်ဆေးဘက်ပညာတက္ကသိုလ် ဂုဏ်ပြုစစ်တီးဝိုင်း၏ ဂုဏ်ပြုတီးမှုတ်မှုအားကြည့်ရှုအားပေးစဉ်။

မိမိတို့ တတ်ကျွမ်းနားလည်ထားသည့် ဆေးဝါးကျွမ်းကျင်မှုဆိုင်ရာ အခြေခံကောင်းများကို ကောင်းမွန်မှန်ကန်စွာ အသုံးချပြီး ပြည်သူလူထုအတွက် တတ်စွမ်းနိုင်သည့်ဘက်မှ ကာကွယ်စောင့်ရှောက်မှုများ ဆောင်ရွက်ပေးသွားကြရမည်ဖြစ်ကြောင်း။

ထို့ပြင် အခြားဆေးဘက်ပညာသည်များဖြစ်သည့် ဓာတ်ခွဲကျွမ်းကျင်သူများ၊ ဓာတ်မှန်ပုံရိပ်ဖော်ကျွမ်းကျင်သူများ၊ ခန္ဓာသန်စွမ်းမှု လေ့ကျင့်ပေးရေးကျွမ်းကျင်သူများအနေဖြင့်လည်း မိမိတို့အထူးပြုကျွမ်းကျင်ပညာရပ်များအလိုက် လူနာများအပေါ်ကုသမှုပေးရာတွင် မှန်ကန်ထိရောက်မှုရှိသည့် စစ်ဆေးဖော်ထုတ်မှုများနှင့်ကောင်းမွန်ပြည့်စုံသည့် ကျန်းမာရေး ပြုစုစောင့်ရှောက်ကုသမှုများပေးနိုင်ရန်အတွက် စဉ်ဆက်မပြတ်လေ့လာဆည်းပူးနေရမည်ဖြစ်ကြောင်း၊ မိမိတို့ တတ်ကျွမ်းထားသည့် အထူးပြုပညာရပ်






နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ်၊ အဖွဲ့ဝင်များက ကျောင်းဆင်းသူနာပြုများနှင့်အတူ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံးကွပ်ကဲမှုအောက် မြဝတီတေးဂီတအဖွဲ့၏ ဂုဏ်ပြုဖျော်ဖြေတင်ဆက်မှုများကို ကြည့်ရှုအားပေးစဉ်။

**စာမျက်နှာ ၁၈ မှအဆက်**

ပြည်တွင်းပြည်ပအဖျက်သမား အင်အားစုများသည် နည်းလမ်းပေါင်းစုံနှင့် ထိုးနှက်တိုက်ခိုက်နေချိန်ဖြစ်၍ တပ်မတော်သားများအနေဖြင့် ကျောချင်းကပ်ရင်ချင်းအပ်သည့် စည်းလုံးညီညွတ်မှုရှိရေးသည် အသက်တမျှ အရေးကြီးကြောင်း၊ တပ်မတော်သားများနှင့် မိသားစုဝင်များအားလုံးအကြားတွင် အသိတူ၊ အမြင်တူ၊ ယုံကြည်ချက်၊ ခံယူချက်များတူမည်ဆိုပါက တပ်တွင်းစည်းလုံးညီညွတ်မှုသည် ထာဝရခိုင်မြဲနေမည်ဖြစ်ကြောင်း။

ထို့ပြင် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယစောင့်ရှောက်ပေးခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း၊ သဘာဝဘေးအန္တရာယ်များကျရောက်ချိန်တွင် ကူညီထောက်ပံ့ပေးခြင်းများသည် တပ်ပြင်စည်းရုံးရေးကို ဆောင်ရွက်နေခြင်းဖြစ်သည်ကို နားလည်သဘောပေါက်ထားကြရမည်ဖြစ်ကြောင်း၊ မိမိတို့တာဝန်ကျရာနယ်မြေအသီးသီးကို ရောက်ရှိချိန်တွင် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နယ်မြေလုံခြုံရေး လုပ်ငန်းစဉ်များဆောင်ရွက်သည့်အခါ မိမိတို့တာဝန်ထမ်းဆောင်ရမည့်နယ်မြေအလိုက်ဒေသ၏အခြေအနေ၊ ဒေသဆိုင်ရာ အချက်အလက်များကို အသေးစိတ်သိရှိထားရန် လိုအပ်ကြောင်း၊ နယ်မြေခံတပ်ဖွဲ့များနှင့် ဒေသခံများ တစ်သားတည်းဖြစ်အောင် စည်းရုံးဆောင်ရွက်ပြီး အပြန်အလှန်ရိုင်းပင်းကူညီခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်းတို့ဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ထိရောက်အောင်မြင်အောင် ဆောင်ရွက်သွားကြရန် အလေးထားမှာကြားလိုကြောင်း။

မိမိတို့တပ်မတော်သည် စစ်စည်းကမ်းကိုအခြေခံပြီး အမိန့်နာခံတတ်မှုရှိအောင် လေ့ကျင့်ပေးထားသည့် ကျစ်လျစ်သိပ်သည်းစွာဖွဲ့စည်းထားသော တပ်မတော်တစ်ရပ်ဖြစ်ကြောင်း၊ စစ်စည်းကမ်းသည် တပ်မတော်အတွက် အဓိကကျောရိုးမဏ္ဍိုင်ဖြစ်သကဲ့သို့ စစ်သည်တော်ဘဝကို ခံယူထားကြသူများဖြစ်၍ စစ်ဘက်ဥပဒေနှင့် စစ်စည်းကမ်းများကိုသာမက နယ်ဘက်ဥပဒေများကိုလည်း လေးစားလိုက်နာကြရမည်ဖြစ်ကြောင်း၊ စည်းစနစ်ရှိသည့် တပ်မတော်သား ကောင်းများအဖြစ်သာမက သူနာပြုနှင့်ဆေးဘက်ပညာသည်များဖြစ်သည့်အတွက် ကိုယ်ကျင့်သိက္ခာနှင့်ပတ်သက်လာပါက သာမန်ထက်ပိုပြီး စောင့်ထိန်းကြရန်လိုအပ်ကြောင်း၊ ထို့ပြင် ဆေးရုံ၊ ဆေးတပ်ဖွဲ့များအပြင် စစ်မြေပြင်တွင် ခြေလျင်တပ်ဖွဲ့များနှင့်အတူ တိုက်ပွဲဝင်သွားရမည်ဖြစ်ခြင်းကြောင့် ရဲဘော်စိတ်ဆိုသည့် မေတ္တာတရား၊ သံယောဇဉ်တရားနှင့် သစ္စာစောင့်သိမှုတရားတို့ကို ကောင်းစွာထားရှိ မွေးမြူသွားကြရမည်ဖြစ်ကြောင်း။

စိတ်ဓာတ်၊ စည်းကမ်းကောင်းမွန်ပြီး အရည်အချင်းပြည့်ဝသည့် စစ်သည်တော်ကောင်းတစ်ဦး ဖြစ်လာစေရန်အတွက် အရေးအကြီးဆုံးအချက်သည် စစ်ရေးစွမ်းရည်၊ အုပ်ချုပ်ရေးစွမ်းရည်နှင့်စည်းရုံးရေးစွမ်းရည်ဆိုသည့် စွမ်းရည်သုံးရပ်နှင့်ပြည့်စုံနေအောင် စစ်သည်တစ်ဦးချင်းစီကဖြည့်ဆည်းလေ့ကျင့်နေရမှာဖြစ်ကြောင်း၊ ထို့ကြောင့် **စွမ်းရည်သုံးရပ်ထက်မြက်ပြီး အခြေခံအရည်အချင်း ငါးပါးနှင့် ပြည့်စုံအောင်နေထိုင်ပြုမူကျင့်ကြံကာ နိုင်ငံတော်နှင့်တပ်မတော်က အားကိုးအားထားပြုရသည့် သူနာပြုနှင့်ဆေးဘက်ပညာသည် စစ်သည်တော်ကောင်း များဖြစ်အောင် ကြိုးပမ်းသွားကြရန် အလေးထားမှာကြားလိုကြောင်း။**

**“စေတနာ၊ အကြင်နာ၊ ဘေးကင်းကွာ”** ဆိုသည့် ဆောင်ပုဒ်ကိုနှလုံးသွင်းပြီး သူနာပြုကောင်းတစ်ဦးတွင်ရှိရမည့် ကျင့်ဝတ်၊ စိတ်ဓာတ်နှင့် အရည်အချင်းပြည့်ဝသူများဖြစ်အောင် ကြိုးစားကျင့်ကြံနေထိုင်သွားကြရန်၊ မိမိတို့တတ်ကျွမ်းနားလည်ထားသည့် ဆေးဘက်ပညာရပ်ဆိုင်ရာအခြေခံကောင်းများကို ကောင်းမွန်မှန်ကန်စွာ အသုံးချပြီး သုတေသနပြုရှာဖွေထုတ်လုပ်ခြင်းဖြင့် ပြည်သူလူထုအတွက် တတ်စွမ်းနိုင်သည့်ဘက်ကနေကာကွယ်စောင့်ရှောက်မှုဆောင်ရွက်ပေးသွားကြရန်၊ သူနာပြုတပ်ဖွဲ့ဝင်များ၏စွမ်းဆောင်နိုင်မှုများကို လေးစားအားကျ ဂုဏ်ယူစိတ်နှင့် ကြိုးစားကြရမည်ဖြစ်သကဲ့သို့ သမိုင်းအစဉ်အလာကောင်းများကိုထိန်းသိမ်းပြီး အမိကျောင်းတော်ကြီး၏ဂုဏ်ကို မြှင့်တင်ပေးနိုင်သည့် စစ်သည်တော်ကောင်းများအဖြစ် ပြုမူကျင့်ကြံ နေထိုင်သွားကြရန်၊ သက်ဆိုင်ရာ သူနာပြုနှင့်ဆေးဘက်ပညာရပ် နယ်ပယ်အလိုက် အစဉ်တိုးတက်အောင် ကြိုးစားလုပ်ဆောင်သွားကြပြီး သူနာပြုအခိဋ္ဌာန် ကတိသစ္စာ ကိုးချက်ကိုလည်း အလေးထားလိုက်နာစောင့်ထိန်းသွားကြရန်၊ စည်းစနစ်ရှိသည့် တပ်မတော်သားကောင်းများအဖြစ်သာမက ရဲဘော်စိတ်ဆိုသည့် မေတ္တာတရား၊ သံယောဇဉ်တရားနှင့် သစ္စာစောင့်သိမှုတရားတို့ကို ကောင်းစွာမွေးမြူထားရှိပြီး နိုင်ငံတော်နှင့်တပ်မတော်က အားထားရသည့်သူနာပြုနှင့် ဆေးဘက်ပညာသည်ကောင်းများ ဖြစ်အောင် ကြိုးစားလုပ်ဆောင်သွားကြရန်လိုကြောင်းဖြင့် တိုက်တွန်းပြောကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး သီရိပျံချီ မဟာသရေစည်သူစိုးဝင်းသည် ကျောင်းဆင်းတပ်ခွဲများ၏ အလေးပြုခြင်းကိုခံယူပြီးနောက် စစ်ရေးပြအခမ်းအနားမှ ပြန်လည်ထွက်ခွာသည်။ စစ်ရေးပြအခမ်းအနားအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး သီရိပျံချီ မဟာသရေစည်သူစိုးဝင်းသည် တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ် ကျောင်းဌာနချုပ်ဧည့်ခန်းမ၌ ထူးချွန်ဆုရရှိကြသည့် သင်တန်းသူများအားတွေ့ဆုံ၍ ဂုဏ်ပြုအမှာစကားပြောကြားသည်။

ညပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့်အဖွဲ့ဝင်များသည် သူနာပြုနှင့်ဆေးဘက်ပညာသိပ္ပံဘွဲ့သင်တန်းအမှတ်စဉ်(၂၂)နှင့် အမျိုးသမီးသူနာပြုနှင့်ဆေးဘက်ပညာသိပ္ပံဘွဲ့ သင်တန်းအမှတ်စဉ်(၉) သင်တန်းဆင်းဂုဏ်ပြုညစာစားပွဲအခမ်းအနားသို့ တက်ရောက်ချီးမြှင့်ပြီး သင်တန်းဆင်းသူနာပြုများ၊ ညစာစားပွဲ တက်ရောက်လာကြသူများနှင့်အတူ ဂုဏ်ပြုညစာကို အတူတကွသုံးဆောင်ကြသည်။

ညစာသုံးဆောင်အပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) နှင့်အဖွဲ့ဝင်များသည် တပ်မတော်သူနာပြုနှင့်ဆေးဘက်ပညာတက္ကသိုလ် ဂုဏ်ပြုစစ်တီးဝိုင်း၏ ဂုဏ်ပြုတီးမှုတ်မှုအားကြည့်ရှုအားပေးပြီး ချီးမြှင့်ငွေများပေးအပ်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့် အဖွဲ့ဝင်များသည် ကျောင်းဆင်းသူနာပြုများနှင့်အတူ သဘင်ဆောင်၌ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံးကွပ်ကဲမှုအောက်မြဝတီတေးဂီတအဖွဲ့၏ ဂုဏ်ပြုဖျော်ဖြေတင်ဆက်မှုများကို ကြည့်ရှုအားပေးခဲ့ကြကြောင်း သတင်းရရှိသည်။ (၅၀၁)

# တပ်မတော်ဆေးရုံများ၌ တက်ရောက်ဆေးကုသမှုခံယူနေသူများကို သွားရောက်ကြည့်ရှုအားပေး



နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးမင်း ဆေးကုသမှု ခံယူနေသူများကို ရင်းရင်းနှီးနှီးမေးမြန်း အားပေးစကား ပြောကြားပြီး အာဟာရဖြည့် စားသောက်ဖွယ်ရာ များနှင့် ချီးမြှင့်ငွေများ ပေးအပ်စဉ်။

**နေပြည်တော် ဒီဇင်ဘာ ၂၇**

နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ်ရှိ တပ်မတော်ဆေးရုံကြီး(ခုတင်-၁၀၀၀)၊ ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့ရှိ နယ်မြေခံဆေးတပ်ရင်း၊ မွန်ပြည်နယ် မော်လမြိုင်မြို့ရှိ တပ်မတော်ဆေးရုံ၊ တနင်္သာရီတိုင်းဒေသကြီး ကလိန်အောင်မြို့ရှိ တပ်မတော်ဆေးရုံ၊ စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့ရှိ တပ်မတော်ဆေးရုံနှင့် ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ရှိ တပ်မတော်ဆေးရုံတို့၌ တက်ရောက် ကုသမှုခံယူလျက်ရှိသော အရာရှိ၊ စစ်သည်၊ မိသားစုများ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများကို ယနေ့တွင် သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှု၊ ဆေးဝါးကုသပေးထားမှုနှင့် ကျန်းမာရေးတိုးတက်ကောင်းမွန်မှု အခြေအနေများကို မေးမြန်းအားပေးစကားပြောကြားပြီး အာဟာရဖြည့် စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများ ပေးအပ်သည်။

ထို့နောက် တိုင်းမှူးများနှင့် တာဝန်ရှိသူများသည် ဆေးရုံများအတွင်း လှည့်လည်ကြည့်ရှု၍ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ပြည်သူ့စစ်မှုထမ်းသင်တန်းသားများအတွက် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်စဉ်။

☆ ကျောဖုံးမှအဆက်

ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးထိန်ဝင်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးထွန်းအောင်၊ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမောင်မောင်အေးက အမှာစကားပြောကြားရာတွင် ပြည်သူ့စစ်မှုထမ်းဥပဒေသည် မြန်မာနိုင်ငံတစ်နိုင်ငံတွင်သာမက နိုင်ငံတကာတွင်လည်း ပြဋ္ဌာန်းကျင့်သုံးလျက်သည့်အခြေအနေများ၊အချုပ်အခြာအာဏာပိုင်ဆိုင်သည့်နိုင်ငံတိုင်းတွင် မိမိနိုင်ငံကို ကာကွယ်ရန် နိုင်ငံသားတိုင်းတွင် တာဝန်ရှိသည့်အခြေအနေများ၊ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များအနေဖြင့် သတ်မှတ်ပြဋ္ဌာန်းထားသည့် ဥပဒေသတ်မှတ်ချက်များနှင့်အညီ အကျုံးဝင်သူများကိုသာ စနစ်တကျရွေးချယ်ဆောင်ရွက်လျက်ရှိသည့်အခြေအနေများ၊ သင်တန်းမှ လေ့ကျင့်သင်ကြားပေးထားသည့် စစ်အတတ်ပညာများကို လက်တွေ့စစ်မြေပြင်တွင်ကျွမ်းကျင်ပိုင်နိုင်စွာအသုံးချပြီး နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်ရန် လိုအပ်သည့်အခြေအနေများ၊ နိုင်ငံတော်အပေါ် သစ္စာရှိရန်၊ စိတ်ဓာတ်ကောင်းမွန်ရန်နှင့် ကျန်းမာကြံ့ခိုင်မှုရှိအောင် နေထိုင်သွားကြရန် လိုအပ်သည့်အခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)က အမှာစကားပြောကြားရာတွင် စစ်သည်များသည် နိုင်ငံတော်အလံကို မိမိလက်ဖြင့် ကိုယ်တိုင်ထိတွေ့ပြီး သစ္စာ လေးချက်ကို ရွတ်ဆိုထားသည့် တပ်မတော်သားများ ဖြစ်သည်နှင့်အညီ နိုင်ငံတော်နှင့်တပ်မတော်အပေါ် သစ္စာစောင့်သိရန်၊ မိမိရဲဘော်ရဲဘက်များအပေါ် သစ္စာစောင့်သိရန်၊ မိမိ မိသားစုများအပေါ် သစ္စာစောင့်သိရန်လိုကြောင်း၊ နိုင်ငံတော်အပေါ်သစ္စာစောင့်သိခြင်းသည် ပေးအပ်သည့်တာဝန်များအပေါ် ကျေပွန်အောင်မြင်စွာ ထမ်းဆောင်ခြင်းပင်ဖြစ်ကြောင်း၊ မိမိရဲဘော်များအပေါ် သစ္စာစောင့်သိခြင်းသည် ရဲဘော်စိတ်ဖြစ်သည့်ရဲဘော်အချင်းချင်းအပေါ်တွင်ထားရှိသည့် မေတ္တာတရား၊ သံယောဇဉ်တရား၊သစ္စာစောင့်သိမှုတရားပင်ဖြစ်ကြောင်း၊ မိသားစုအပေါ်သစ္စာစောင့်သိခြင်းမှာ မိမိကြောင့် မိမိ မိသားစုဂုဏ်သိက္ခာမကျအောင်၊မိမိကြောင့် ပြည်သူများဝန်ထုပ်ဝန်ပိုးမဖြစ်စေရန်နှင့်ပြည်သူများထိခိုက်နစ်နာမှုမရှိအောင် ပြုမူဆက်ဆံနေထိုင်ခြင်းပင်ဖြစ်ကြောင်း။

တပ်မတော်သားတစ်ဦး ဖြစ်သည်နှင့်အညီ ပေးအပ်လာသည့်တာဝန်များအပေါ် ကျေပွန်အောင် ထမ်းဆောင်သွားကြရန်လိုကြောင်း၊ ထို့ပြင်လေ့ကျင့်သင်ကြားပေးလိုက်သည့်စစ်အတတ်ပညာများကိုလည်း အမြဲတမ်းလေ့ကျင့်ရမည်၊အမြဲတမ်းစစ်ရေးသတိရှိရမည်၊အမြဲတမ်းတိုက်ပွဲဝင်အသင့်ဖြစ်ရမည်ဆိုသည့် မြဲ(၃)မြဲနှင့်အညီ အမြဲမပြတ်လေ့လာလေ့ကျင့်လိုက်နာသွားကြရန်နှင့် ရဲရဲတက်၊ရဲရဲတိုက်၊ရဲရဲချေမှုန်းဆိုသည့် ရဲ(၃)ရဲအတိုင်း ရန်သူကို ချေမှုန်းတိုက်ခိုက်ရမည်ဖြစ်ကြောင်း၊ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၆)ထိ အောင်မြင်စွာဖွင့်လှစ်သင်ကြားလေ့ကျင့်ပေးခဲ့ပြီး သင်တန်းဆင်း နိုင်ငံ့သားကောင်းများအနေဖြင့် တာဝန်ကျရာ တပ်ရင်း၊ တပ်ဖွဲ့များတွင် တာဝန်ကိုကျေပွန်စွာထမ်းဆောင်လျက်ရှိကြကြောင်း၊ အဆိုပါပြည်သူ့စစ်မှုထမ်းသင်တန်းဆင်းများအနက်မှ အချိန်

တပ်မတော်သားအဖြစ် ခံယူထားပြီးဖြစ်သည့်သူများသည် နိုင်ငံတော်နှင့် တပ်မတော်တာဝန်များကို ၂၄ နာရီတာဝန်ထမ်းဆောင်နေကြသည့် နိုင်ငံ့သားကောင်းရတနာများဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတစ်ဦးချင်းရရှိပိုင်ဆိုင်ထားသည့် ဂုဏ်သိက္ခာကို မကျဆင်းအောင်၊ မဆုံးရှုံးအောင် တပ်မတော်သားတစ်ဦး၏ ကျင့်ဝတ်စည်းကမ်းများကို အမြဲထိန်းသိမ်းစောင့်ရှောက်သွားရန်လိုကြောင်း။

တိုအတွင်း နိုင်ငံတော်က ချီးမြှင့်ပေးအပ်သည့်စွမ်းရည်သတ္တိဆိုင်ရာဂုဏ်ထူးဆောင်ဘွဲ့များရရှိခဲ့ကြသည်ကိုလည်း ဂုဏ်ယူဖွယ်ရာတွေ့ရှိရကြောင်း။

သင်တန်းဆင်းပြီးနောက် သက်ဆိုင်ရာတပ်ရင်း၊ တပ်ဖွဲ့အသီးသီးတွင် တာဝန်ထမ်းဆောင်ကြရာတွင်လည်း သင်တန်းကျောင်းက သင်ကြားပေးလိုက်သည့် စစ်အတတ်ပညာများကို လက်တွေ့အသုံးချသွားကြရန်နှင့် ဆောင်ရန်၊ ရှောင်ရန် အချက်များကိုလည်း လိုက်နာသွားကြရမည်ဖြစ်ကြောင်း၊ တာဝန်ပေးသည်ဖြစ်စေ၊ မပေးသည်ဖြစ်စေ သင်ကြားတတ်မြောက်ထားသည့်စစ်ပညာများကို အပြည့်အဝအသုံးချသွားကြရန်လိုကြောင်း။

အလွှာပေါင်းစုံမှ ဝင်ရောက်တာဝန်ထမ်းဆောင်လာကြသူများဖြစ်သော်လည်း ယခုအခါ တူညီသောယူနီဖောင်းကို ဝတ်ဆင်၍ သင်တန်းကျောင်းများအလိုက် အရောင်အသွေးတူ၊ အတွေးအမြင်၊ ယုံကြည်ချက်၊ ခံယူချက်တူညီအောင် လေ့ကျင့်ပေးလိုက်ပြီဖြစ်၍ တပ်မတော်သားဘဝကို ဂုဏ်ယူစွာဖြင့် ပေးအပ်လာသည့်မည်သည့်တာဝန်မျိုးကိုမဆို ကျေပွန်စွာထမ်းဆောင်နိုင်သော နိုင်ငံတော်နှင့် တပ်မတော်က ယုံကြည်အားကိုးရသည့် နိုင်ငံ့သားကောင်းရတနာများ၊ မိသားစုကလေးစားတန်ဖိုးထားရသည့်သူရဲကောင်းများအဖြစ် ကျင့်ကြံနေထိုင်သွားကြရန်လိုကြောင်းဖြင့် မှာကြားသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းသည် ပြည်သူ့စစ်မှုထမ်းသင်တန်းသားများအတွက် ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်ခဲ့ပြီး ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

စာမျက်နှာ ၂၁ သို့



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ရဲမေ၊ မိသားစုဝင်များအား ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်အားပေးစကားပြောကြားစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ဆေးကုသမှုခံယူနေသူတစ်ဦး၏ ကျန်းမာရေးတိုးတက်ကောင်းမွန်မှုအခြေအနေများကို ရင်းရင်းနှီးနှီးမေးမြန်းအားပေးစကားပြောကြားစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ဆေးရုံတွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် ကျန်းမာရေးဝန်ထမ်းများအတွက် ချီးမြှင့်ငွေများကို ပေးအပ်ရာ တာဝန်ရှိသူတစ်ဦးက လက်ခံရယူစဉ်။



ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးထိန်ဝင်း တပ်ရင်း၊ တပ်ဖွဲ့များတွင် ကြည့်ရှုစစ်ဆေးစဉ်။



ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးထွန်းအောင် တပ်ရင်း၊ တပ်ဖွဲ့များတွင် ကြည့်ရှုစစ်ဆေးစဉ်။

**စာမျက်နှာ ၂၀ မှအဆက်**

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့်အဖွဲ့ဝင်များသည် နယ်မြေခံတပ်မတော်ဆေးရုံသို့ ရောက်ရှိကြရာ ဆေးရုံအုပ်ကြီးနှင့်တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့် အဖွဲ့ဝင်များသည် ဆေးရုံတွင် တက်ရောက်ဆေးကုသမှုခံယူလျက်ရှိသည့် အရာရှိ၊ စစ်သည်များအား တစ်ဦးချင်းလိုက်လံကြည့်ရှု၍ ရောဂါဖြစ်ပွားမှုအခြေအနေများ၊ဆေးဝါးကုသပေးထားမှုအခြေအနေများနှင့်ကျန်းမာရေးတိုးတက်ကောင်းမွန်လာမှု အခြေအနေများအား ရင်းရင်းနှီးနှီး လိုက်လံမေးမြန်းအားပေးစကားပြောကြားပြီး စားသောက်ဖွယ်ရာများနှင့် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)သည် ဆေးရုံတွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် ကျန်းမာရေးဝန်ထမ်းများအတွက် ချီးမြှင့်ငွေများကို ပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူခဲ့သည်။ ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့်အဖွဲ့ဝင်များသည် ဆေးရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

**❖ တပ်မတော်သားဘဝကို ဂုဏ်ယူစွာဖြင့် ပေးအပ်လာသည့် မည်သည့်တာဝန်မျိုးကိုမဆို ကျေပွန်စွာထမ်းဆောင်နိုင်သော နိုင်ငံတော်နှင့်တပ်မတော်က ယုံကြည်အားကိုးရသည့် နိုင်ငံ့သားကောင်းရတနာများ၊ မိသားစုက လေးစားတန်ဖိုးထားရသည့် သူ့ရဲကောင်းများအဖြစ် ကျင့်ကြံနေထိုင်သွားကြရန်လို…**

ထို့ပြင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)သည် တပ်နယ်အတွင်း မော်တော်ယာဉ်များဖြင့် လိုက်လံကြည့်ရှုစစ်ဆေးပြီး ရဲမေ၊ မိသားစုဝင်များကို အိမ်ထောင်သည် လိုင်းခန်းများအလိုက် ရင်းရင်းနှီးနှီး လိုက်လံတွေ့ဆုံနှုတ်ဆက်အားပေးစကားပြောကြားပြီး စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများပေးအပ်ခြင်းနှင့် မူကြိုကလေးငယ်များအတွက် အာဟာရဖြည့် ဖြည့်စွက်စာများ တိုက်ကျွေးနိုင်ရန် ချီးမြှင့်ငွေများပေးအပ်သည်။

အလားတူ ခရီးစဉ်တွင် လိုက်ပါလာသည့် ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးထိန်ဝင်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးထွန်းအောင်နှင့် တပ်မတော်အရာရှိကြီးများသည် သက်ဆိုင်ရာကွပ်ကဲမှုအလိုက် တပ်ရင်း၊ တပ်ဖွဲ့များသို့ လိုက်လံကြည့်ရှုစစ်ဆေးပြီး မိသားစုဝင်များနှင့်တွေ့ဆုံကာ လိုအပ်သည်များပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (မြဝ)

# တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ်၏ (၂၉)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၂၇**

တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ်၏ (၂၉)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားကို ယနေ့နေ့လယ်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ၌ကျင်းပရာ တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ် ကျောင်းအုပ်ကြီး ဗိုလ်မှူးချုပ်ဝင်းဗိုလ်နှင့် ပညာရေးအဖွဲ့ဝင်များ စုံညီစွာတက်ရောက်ကြသည်။




တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ်၏ (၂၉)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနား ကျင်းပစဉ်။

အစီအစဉ်အရ တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ် ကျောင်းအုပ်ကြီးနှင့် ပညာရေးအဖွဲ့ဝင်များသည် ပညာရေးအဖွဲ့အစည်းအဝေးကျင်းပပြီး ဘွဲ့နှင်းသဘင်ခန်းမသို့ ဝင်ရောက်ကာ သတ်မှတ်နေရာများတွင် နေရာယူကြပြီးနောက် မြန်မာ့ဆိုင်းတူရိယာအဖွဲ့က နိုင်ငံတော်သီချင်းတီးမှုတ်ကာ ဘွဲ့နှင်းသဘင်အခမ်းအနားကို ဖွင့်လှစ်သည်။ထို့နောက် ကျောင်းအုပ်ကြီးက ဘွဲ့နှင်းသဘင်ကျင်းပကြောင်း ကြေညာပြီး ဘွဲ့ယူမည့်သူများအား ကတိသစ္စာခံယူစေခြင်း၊ဘာသာရပ်ဆိုင်ရာဌာနများက ဘွဲ့ယူမည့်သူများအား ပါမောက္ခချုပ်ထံသို့ ပို့ဆောင်ခြင်းတို့ကို အစီအစဉ်အတိုင်း ဆောင်ရွက်ကြသည်။

ဆက်လက်၍ ပါမောက္ခချုပ်က သူနာပြုသိပ္ပံဘွဲ့၊ ဆေးဝါးကျွမ်းကျင်မှုသိပ္ပံဘွဲ့၊ ဆေးဘက်ဆိုင်ရာ နည်းပညာဘွဲ့(ဓာတ်ခွဲနည်းပညာ၊ ဓာတ်မှန်နှင့် ပုံရိပ်ဖော်နည်းပညာ၊ ခန္ဓာသန်စွမ်းမှုနည်းပညာ)ရရှိသူတို့ကို ဘွဲ့လက်မှတ်များ ချီးမြှင့်အပ်နှင်းသည်။ ထို့နောက် ကျောင်းအုပ်ကြီးက ဘွဲ့ရသူများအား ဘွဲ့များနှင့်လျော်ညီသော အဆောင်အယောင်အမှတ်လက္ခဏာဖြစ်သည့် ဝတ်ရုံများကို ဝတ်ဆင်ခွင့်ပြုခဲ့ပြီး ဘွဲ့နှင်းသဘင်မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးသည်။

ထို့နောက် ကျောင်းအုပ်ကြီးက ဘွဲ့နှင်းသဘင်မိန့်ခွန်း ပြောကြားပြီးနောက် အခမ်းအနားကို ရုပ်သိမ်းကြောင်းကြေညာကာ တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ် ကျောင်းအုပ်ကြီးနှင့် ပညာရေးအဖွဲ့ဝင်များသည် ဘွဲ့နှင်းသဘင်ခန်းမမှ ပြန်လည်ထွက်ခွာသွားကြသည်။

တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ်အနေဖြင့် ၂၀၀၃ ခုနှစ်မှ စတင်၍ ဘွဲ့နှင်းသဘင်အခမ်းအနားအား ကျင်းပပြုလုပ်ခဲ့ပြီး သူနာပြုပါရဂူဘွဲ့၊ ဆေးပညာသင်ကြားရေး ဘွဲ့လွန်ဒီပလိုမာ၊ သူနာပြုမဟာသိပ္ပံဘွဲ့၊ ဆေးဝါးမဟာသိပ္ပံဘွဲ့နှင့် ဆေးဘက်ဆိုင်ရာ နည်းပညာမဟာသိပ္ပံဘွဲ့၊ သူနာပြုသိပ္ပံဘွဲ့ (ပေါင်းကူး)၊ ဆေးဘက်ဆိုင်ရာ အသံလွှန်လှိုင်းဖြင့် ရောဂါရှာဖွေခြင်းနည်းပညာဒီပလိုမာ၊အထူးကြပ်မတ်သူနာပြုစုမှုဒီပလိုမာ၊ ခွဲစိတ်ခန်းသူနာပြုစုမှုဒီပလိုမာ၊ သူနာပြုသိပ္ပံဘွဲ့၊ ဆေးဝါးကျွမ်းကျင်မှုသိပ္ပံဘွဲ့၊ ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့ရရှိသူတို့ကို ဘွဲ့များအပ်နှင်းပေးအပ်ခဲ့သည်။

တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ်ရှိ စာပေသင်ကြားရေးဆိုင်ရာအရာရှိများ နိုင်ငံတကာအဆင့်မီ အတတ်ပညာများရရှိရေးအတွက် ပြည်ပသင်တန်းများ တက်ရောက်စေလွှတ်ခဲ့ရာ သူနာပြုပါရဂူဘွဲ့နှင့်သူနာပြုမဟာသိပ္ပံဘွဲ့အတွက် ၁၉၉၈ ခုနှစ်၊ ၁၉၉၉ ခုနှစ်နှင့်၂၀၀၁ ခုနှစ်တို့တွင် ဩစတြေးလျနိုင်ငံ La Trobe တက္ကသိုလ်သို့လည်းကောင်း၊၂၀၂၂ ခုနှစ်တွင် သူနာပြုပါရဂူဘွဲ့အတွက် ထိုင်းနိုင်ငံ Burapha University သို့လည်းကောင်း စေလွှတ်ပညာသင်ကြားစေခဲ့သည်။

အလားတူ တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ်မှ သင်တန်းဆင်းအထက်တန်းသူနာပြုများကို တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် လက်တွေ့သူနာပြုစုမှုသင်တန်းသို့လည်းကောင်း၊ စင်ကာပူနိုင်ငံ National University Hospital တွင် နှလုံးရောဂါအထူးကြပ်မတ်ကုသမှုသင်တန်းသို့လည်းကောင်း၊ ထိုင်းနိုင်ငံ Ching Mai University နှင့် Mahidol University တို့တွင် သူနာပြုမဟာသိပ္ပံဘွဲ့နှင့် ဆေးဝါးမဟာသိပ္ပံဘွဲ့သင်တန်းများသို့လည်းကောင်း၊ အင်ဒိုနီးရှားနိုင်ငံ University of Airlangga Mulyorejo Surabaya တက္ကသိုလ်တွင် သူနာပြုမဟာသိပ္ပံဘွဲ့သင်တန်းသို့လည်းကောင်း ပညာတော်သင်စေလွှတ်ကာ တက်ရောက်အောင်မြင်ခဲ့ပြီးဖြစ်ကြောင်း သတင်းရရှိသည်။ (မြဝ)

# တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ် သူနာပြုနှင့် ဆေးဘက်ပညာသိပ္ပံဘွဲ့သင်တန်းအမှတ်စဉ်(၂၂)နှင့် အမျိုးသမီးသူနာပြုနှင့် ဆေးဘက်ပညာသိပ္ပံဘွဲ့သင်တန်းအမှတ်စဉ်(၉)တို့မှ သင်တန်းဆင်း သင်တန်းသား၊ သင်တန်းသူများကို ဆေးဝန်ထမ်းတာဝန်ခန့်အပ်ခြင်းအခမ်းအနား ကျင်းပ





ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးမင်းဦး ကျောင်းဆင်း သင်တန်းသား၊ သင်တန်းသူ တစ်ဦးချင်းစီကို ဆေးဝန်ထမ်းတာဝန်ခန့်အပ်လွှာများ ပေးအပ်စဉ်။

**နေပြည်တော် ဒီဇင်ဘာ ၂၇**

တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ် သူနာပြုနှင့် ဆေးဘက်ပညာသိပ္ပံဘွဲ့သင်တန်း အမှတ်စဉ်(၂၂)နှင့် အမျိုးသမီးသူနာပြုနှင့် ဆေးဘက်ပညာသိပ္ပံဘွဲ့သင်တန်းအမှတ်စဉ်(၉)တို့မှ သင်တန်းဆင်း သင်တန်းသား၊ သင်တန်းသူများအား ဆေးဝန်ထမ်းတာဝန်ခန့်အပ်ခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပရာ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးမင်းဦး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ် ကျောင်းအုပ်ကြီး ဗိုလ်မှူးချုပ်ဂင်းဗိုလ်နှင့် ကျောင်းဆင်း သင်တန်းသား၊သင်တန်းသူများ တက်ရောက်ကြသည်။

အခမ်းအနားအစီအစဉ်အရ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးမင်းဦး၊ တပ်မတော် အရာရှိကြီးများနှင့် တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ် ကျောင်းအုပ်ကြီးတို့သည် စင်မြင့်ထက်တွင် နေရာယူကြပြီးနောက် ဒုတိယဗိုလ်ချုပ်ကြီးစိုးမင်းဦးက ကျောင်းဆင်း သင်တန်းသား၊ သင်တန်းသူ တစ်ဦးချင်းစီကို ဆေးဝန်ထမ်း တာဝန်ခန့်အပ်လွှာများ ပေးအပ်သည်။

ဆေးဝန်ထမ်းတာဝန်ခန့်အပ်လွှာများ ပေးအပ်ပြီးနောက် စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးမင်းဦးက အမှာစကား ပြောကြားပြီး အခမ်းအနားကိုရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ (၅၀၁)

---

## သဝဏ်လွှာမှအဆက်

တည်ငြိမ်အေးချမ်းမှု၊ သာယာဝပြောမှုတို့ကိုဖော်ပြခွင့်ရသည့် အမျိုးသားနေ့အခမ်းအနားတွင် မိမိအနေဖြင့် ဝမ်းမြောက်ကြောင်းသဝဏ်လွှာ ပေးပို့ခွင့်ရသည့်အတွက်လည်း များစွာဂုဏ်ယူမိပါသည်။

အာခါလူမျိုးတို့အနေဖြင့် မြန်မာနိုင်ငံ ရှမ်းပြည်နယ်(အရှေ့ပိုင်း)ဒေသများသို့ ဝင်ရောက်အခြေချနေထိုင်ခဲ့သည့် ၁၁ ရာစုအစောပိုင်းအချိန်ကာလများမှစ၍ ဒေသခံတိုင်းရင်းသားလူမျိုးများနှင့် အေးအတူပူအမျှစိတ်ဓာတ်ဖြင့် ပြည်ထောင်စုစိတ်ဓာတ်ကိုအရင်းခံကာ စည်းလုံးညီညွတ်စွာနေထိုင်ခဲ့သည်ကို တွေ့ရှိရပါသည်။ အာခါလူမျိုးတို့အနေဖြင့် ပင်ရင်းဘာသာဖြစ်သော အာခါဇန်းဘာသာအပြင် ဒေသခံအခြားတိုင်းရင်းသားများနည်းတူ ဗုဒ္ဓဘာသာနှင့် ခရစ်ယာန်ဘာသာတို့ကို ကိုးကွယ်လျက်ရှိပြီး ဘာသာတရား၏ အဆုံးအမများအောက်တွင် အေးချမ်းစွာနေထိုင်လျက်ရှိကြပါသည်။ အာခါစာပေနှင့်ပတ်သက်၍လည်း ၂၀၀၈ ခုနှစ်မှစတင်၍ တစ်ခုတည်းသော အာခါအမျိုးသားစာပေကို ဖော်ဆောင်နိုင်ခဲ့သည်ကို တွေ့ရှိရသောကြောင့် အာခါလူမျိုးတို့၏ ကြိုးပမ်းအားထုတ်မှုကို ဖော်ပြနိုင်ခဲ့ပါသည်။ အာခါလူမျိုးများသည် မိမိတို့၏အဝတ်အထည်များကို ကိုယ်တိုင်ရက်လုပ်ဝတ်ဆင်ကြသကဲ့သို့ မိမိတို့၏ ယဉ်ကျေးမှု၊ ဘာသာစကား၊ ရိုးရာဓလေ့ထုံးတမ်းတို့ မပျောက်ပျက်အောင် ထိန်းသိမ်းလျက်ရှိသည်ကို ဂုဏ်ယူဖွယ်တွေ့ရှိရပါသည်။ အာခါလူမျိုးတို့၏ ကိုးကွယ်ယုံကြည်မှု၊ ရိုးရာယဉ်ကျေးမှုနှင့် ဓလေ့ထုံးတမ်းများအရ ရာသီအလိုက်ကျင်းပပြုလုပ်သည့် ထုံးတမ်းအစဉ်အလာပွဲများနှင့် လူမျိုးဘာသာမရွေး အာခါတိုင်းရင်းသားတို့နှင့်အတူတကွ ပျော်ရွှင်စွာပါဝင်ဆင်နွှဲနိုင်သော ပွဲတော်များ ကျင်းပလျက်ရှိသည်ကိုလည်း သိရှိရပါသည်။

အာခါလူမျိုးတို့အနေဖြင့် ခေတ်အဆက်ဆက်တွင် ဒေသတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် တပ်မတော်နှင့်ပူးပေါင်းဆောင်ရွက်ခဲ့ပါသည်။ ထို့ကြောင့် အာခါလူမျိုးတို့နေထိုင်ရာ ရှမ်းပြည်နယ်(အရှေ့ပိုင်း)ဒေသသည် စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးစသည့်ကဏ္ဍအသီးသီးတွင် ဖွံ့ဖြိုးတိုးတက်မြင့်မားနေသည်ကို တွေ့ရှိရပါသည်။ ပညာရေးကဏ္ဍတိုးတက်မှု၏ရလဒ်အဖြစ် ယခုအခါ နိုင်ငံတော်၏ ကာကွယ်ရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် အုပ်ချုပ်ရေးနယ်ပယ်အသီးသီးတွင် အာခါလူမျိုး တပ်မတော်သားများ၊ ပြည်သူ့ဝန်ထမ်းများအနေဖြင့် ကျရာတာဝန်များကို ကျေပွန်စွာထမ်းဆောင်နေကြသည်ကို ဂုဏ်ယူဖွယ်တွေ့မြင်ရပါသည်။ အာခါလူမျိုးတို့အနေဖြင့် မြန်မာနိုင်ငံ၏ အိမ်နီးချင်းနိုင်ငံများဖြစ်သော တရုတ်၊ လာအို၊ ထိုင်း စသည်တို့နှင့် နယ်နိမိတ်ထိစပ်နေသော နယ်စပ်ဒေသများတွင် နေထိုင်လျက်ရှိသောကြောင့် နှစ်နိုင်ငံပြည်သူများအကြား ချစ်ကြည်ရင်းနှီးမှုကို တည်ဆောက်ပြီး နယ်စပ်ဒေသတည်ငြိမ်ရေး၊ နယ်စပ်ဒေသကုန်သွယ်ရေးလုပ်ငန်းများ တိုးတက်ကောင်းမွန်ခြင်းမှတစ်ဆင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကို တစ်ဖက်တစ်လမ်းမှ ဝိုင်းဝန်းဆောင်ရွက်ပေးကြရမည်ဖြစ်ပါသည်။

> **အာခါလူမျိုးတို့အနေဖြင့် နိုင်ငံတော်အစိုးရနှင့် ပူးပေါင်းဆောင်ရွက်နေမှုများကို ဆက်လက်ထိန်းသိမ်းကာ ဒေသတည်ငြိမ်အေးချမ်းရေးနှင့် လူမှုစီးပွားကဏ္ဍအသီးသီးတွင် ဖွံ့ဖြိုးတိုးတက်ရေးကို ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်ပြီး မိမိတို့ဒေသနှင့် လူမျိုးအကျိုးကို ပိုမိုမြှင့်တင်ပေးနိုင်ရေး ဆောင်ရွက်သွားကြရမည်ဖြစ်...**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတော်တာဝန်ကို စတင်ထမ်းဆောင်ချိန်မှစ၍ နိုင်ငံတော်နှင့် ပြည်သူတို့၏အကျိုးကို ရှေးရှုကာ ရည်မှန်းချက်များ၊ ရှေ့လုပ်ငန်းစဉ်များ၊ ဦးတည်ချက်များ ချမှတ်ပြီး နိုင်ငံတစ်ဝန်းလုံး အကြားအလပ်မရှိ ဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။ နိုင်ငံတော်အတွင်း ဒေသအချို့တွင် ဖြစ်ပွားနေသော လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းရေးအတွက်လည်း နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းလမ်းဖြင့် ဖြေရှင်းရန်နှင့် တွေ့ဆုံဆွေးနွေးရေးနည်းလမ်းများဖြင့် ဖြေရှင်းရန် ဖိတ်ခေါ်ထားရှိပြီးဖြစ်ပါသည်။ သို့သော် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အချို့အနေဖြင့် မိမိဒေသနှင့် မိမိလူမျိုးအကျိုးကို မျက်ကွယ်ပြုကာ အကြမ်းဖက်လုပ်ရပ်များကို တစိုက်မတ်မတ် ဆက်လက်ဆောင်ရွက်နေသည်ကို တွေ့မြင်နေရပါသည်။ အာခါလူမျိုးတို့အနေဖြင့် နိုင်ငံတော်အစိုးရ လျှောက်လှမ်းနေသည့် လမ်းကြောင်းအတိုင်းလိုက်ပါ၍ ပူးပေါင်းဆောင်ရွက်ခဲ့သောကြောင့် မိမိတို့၏ လူမှုစီးပွားဘဝများ မြင့်မားတိုးတက်လာသည်ကို တွေ့ရှိခဲ့ရပြီးဖြစ်ပါသည်။ ထို့ကြောင့် **အာခါလူမျိုးတို့အနေဖြင့် နိုင်ငံတော်အစိုးရနှင့်ပူးပေါင်းဆောင်ရွက်နေမှုများကို ဆက်လက်ထိန်းသိမ်းကာ ဒေသတည်ငြိမ်အေးချမ်းရေးနှင့် လူမှုစီးပွားကဏ္ဍအသီးသီးတွင် ဖွံ့ဖြိုးတိုးတက်ရေးကို ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်ပြီး မိမိတို့ဒေသနှင့် လူမျိုးအကျိုးကို ပိုမိုမြှင့်တင်ပေးနိုင်ရေး ဆောင်ရွက်သွားကြရမည်ဖြစ်**ပါသည်။

အာခါလူမျိုးတို့အနေဖြင့် နိုင်ငံတော်နှင့် ဒေသအတွက် မှတ်ကျောက်တင်ခံနိုင်သော သမိုင်းမှတ်တမ်းကောင်းများကို ရေးထိုးခဲ့ကြပြီးဖြစ်သကဲ့သို့ ဆက်လက်ရေးထိုးနိုင်ရေး ကြိုးပမ်းကြလိမ့်မည်ဟု ယုံကြည်ပါသည်။ ထို့ပြင် အာခါလူမျိုးတို့အနေဖြင့် မိမိတို့တွင် ခိုင်ခိုင်မာမာရှိပြီးဖြစ်သော သမိုင်းအစဉ်အလာ၊ ရိုးရာ၊ ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းများကို မပျောက်ပျက်အောင် လက်ဆင့်ကမ်းကာကွယ်စောင့်ရှောက်ရင်း ယခုကဲ့သို့ အမျိုးသားနေ့များမှတစ်ဆင့် အာခါလူမျိုးတို့၏ စည်းလုံးညီညွတ်မှုများကို ဖော်ထုတ်ပြသကာ အာခါလူမျိုးတို့၏ဂုဏ်ကိုမြှင့်တင်နိုင်ကြပြီး နိုင်ငံတော်နှင့် ဒေသကောင်းကျိုးကို ရွက်ဆောင်နိုင်သူများဖြစ်အောင် ကြိုးပမ်းအားထုတ်ကြပါရန် တိုက်တွန်းရင်း နှစ် ၅၀ ပြည့် ရွှေရတုအာခါအမျိုးသားနေ့ကို ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့အပ်ပါသည်။

ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ
သတိုးသီရိသုဓမ္မမင်းအောင်လှိုင်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ
နိုင်ငံတော်ဝန်ကြီးချုပ်

---

**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုကို နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့အစည်းအဝေး(၂၀၂၄)ကျင်းပ




**နေပြည်တော် ဒီဇင်ဘာ ၂၇**

အကြမ်းဖက်မှုတိုက်ဖျက်ရေး ဗဟိုအဖွဲ့အစည်းအဝေး(၂၀၂၄)ကို ယနေ့ မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ် အရိန္ဒမာခန်းမ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ဗဟိုအဖွဲ့ဒုတိယဥက္ကဋ္ဌများ၊ အဖွဲ့ဝင်များ၊ လုပ်ငန်းကော်မတီနှင့် လုပ်ငန်းအဖွဲ့များမှ ဥက္ကဋ္ဌများနှင့်အတွင်းရေးမှူးများ၊ အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ရဲချုပ်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်မှ ရဲအရာရှိကြီးများ၊ နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ်ရဲတပ်ဖွဲ့များမှ ရဲတပ်ဖွဲ့မှူးများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဗဟိုအဖွဲ့ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးက အကြမ်းဖက်မှုလှိုင်းများ၏ နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေးနှင့် ပထဝီနိုင်ငံရေးတို့အပေါ် သက်ရောက်မှု၊ နည်းပညာများတိုးတက်လာမှုနှင့်အတူ အကြမ်းဖက်အုပ်စုများ၏ နည်းဗျူဟာများ ပြောင်းလဲလာမှု၊ ဒရုန်းများနှင့်စပ်လျဉ်း၍ ကုလသမဂ္ဂလုံခြုံရေးကောင်စီ ဆုံးဖြတ်ချက်များ၊ အကြမ်းဖက်မှုတိုက်ဖျက်ရေးတွင် AIနည်းပညာအသုံးဝင်မှု၊အကြမ်းဖက်မှု၊ မူးယစ်ဆေးဝါး၊ ငွေကြေးခဝါချမှု၊ လက်နက်မှောင်ခိုမှုတို့အကြား အပြန်အလှန်ဆက်စပ်နေမှု၊ နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေး၏ အရေးပါမှု၊ နိုင်ငံအဆင့် အကြမ်းဖက်မှုတိုက်ဖျက်ရေးဆိုင်ရာမဟာဗျူဟာ ရေးဆွဲအကောင်အထည်ဖော်ရန် ပြင်ဆင်နေမှုတို့နှင့်စပ်လျဉ်း၍ ပြောကြားသည်။

ဆက်လက်၍ အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်နှင့် နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင်တို့က ဆွေးနွေးပြောကြားသည်။

ယင်းနောက် အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့ အတွင်းရေးမှူး မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဒုတိယရဲဗိုလ်ချုပ်ကြီး ဝင်းဇော်မိုးက အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့၏ လုပ်ငန်းတာဝန်များကို အကောင်အထည်ဖော် ဆောင်ရွက်နေမှု၊ အကြမ်းဖက်အုပ်စုများက ကျူးလွန်ခဲ့သော အကြမ်းဖက်မှုကြောင့် အပြစ်မဲ့ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှုနှင့် နိုင်ငံတော်ပိုင်၊ ပုဂ္ဂလိကပိုင်ပစ္စည်းများ ပျက်စီးဆုံးရှုံးမှု၊ အကြမ်းဖက်မှုတိုက်ဖျက်ရေးဆောင်ရွက်စဉ် အကြမ်းဖက်သမားများက အသုံးပြုခဲ့သည့် လက်နက်ခဲယမ်းများ သိမ်းဆည်းရမိမှု၊ အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေ၊ နည်းဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်ခဲ့မှု၊ အကြမ်းဖက်အုပ်စုများနှင့် ယင်းတို့၏လက်အောက်ခံအဖွဲ့များက ကျူးလွန်ခဲ့သည့် အကြမ်းဖက်မှုများနှင့်စပ်လျဉ်း၍ နိုင်ငံတကာသို့ သတင်းဖလှယ်ဆောင်ရွက်ခဲ့မှု၊ အကြမ်းဖက်မှုတားဆီးကာကွယ်ရေးနှင့် တိုက်ဖျက်ရေးဆိုင်ရာ ရန်ပုံငွေရရှိသုံးစွဲမှု၊ ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူများကို ဆုကြေးငွေထောက်ပံ့ပေးအပ်နိုင်မှုတို့ကို ရှင်းလင်းတင်ပြသည်။

ထို့နောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ် နိုင်ငံဖြတ်ကျော်မှုခင်းဌာနကြီး ဌာနကြီးမှူး ရဲမှူးချုပ်ကျော်ဇေယျက အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေနှင့်အညီ အကြမ်းဖက်သမား သို့မဟုတ် အကြမ်းဖက်အုပ်စုပိုင်ပစ္စည်းများနှင့် ရန်ပုံငွေများကို ထိန်းချုပ်ရန် အမိန့်ထုတ်ပြန်နိုင်ရေး၊ ငွေကြေးဝန်ဆောင်မှု၊ ငွေကြေးလွှဲပြောင်းမှုတို့ကို မည်သူမျှမပြုလုပ်ရန်တားမြစ်နိုင်ရေးဆောင်ရွက်ပြီးစီးမှုအခြေအနေ၊ဥပဒေ၊ နည်းဥပဒေများနှင့်အညီ လုပ်ငန်းအဖွဲ့များ ပြန်လည်ပြင်ဆင်မှု၊ National Counter Terrorism Strategy ရေးဆွဲအကောင်အထည်ဖော်သွားရန် ပြင်ဆင်နေမှုတို့ကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့ အဖွဲ့ဝင်များ၊ သက်ဆိုင်ရာလုပ်ငန်းကော်မတီဥက္ကဋ္ဌများ၊ လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများနှင့် အဖွဲ့ဝင်များက မိမိတို့သက်ဆိုင်ရာလုပ်ငန်းတာဝန်များနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြခြင်း၊ အကြံပြုတင်ပြခြင်းများ ဆောင်ရွက်ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဗဟိုအဖွဲ့ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးက အစည်းအဝေးတွင် မှတ်တမ်းတင်ခဲ့သည့် အချက်များ၊အတည်ပြုပေးခဲ့သည့်အချက်များ၊ ခွင့်ပြုပေးခဲ့သည့်အချက်များကို သက်ဆိုင်ရာ လုပ်ငန်းကော်မတီများ၊ လုပ်ငန်းအဖွဲ့များက လုပ်ထုံးလုပ်နည်းနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်ရေး၊အကြမ်းဖက်မှုမူးယစ်ဆေးဝါး၊ငွေကြေးခဝါချမှု၊ လက်နက်မှောင်ခိုမှုတို့အကြား ဆက်စပ်နေမှုကို အမြဲမပြတ်လေ့လာသုံးသပ်ပြီး အကြမ်းဖက်မှုများကို ခေတ်နှင့်အညီ တိုက်ဖျက်နိုင်ရေး၊ နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုအခန်းကဏ္ဍမြှင့်တင်ရေး၊ အကြမ်းဖက်မှုများ၏ ဖြစ်စဉ်အမှန်ကို နိုင်ငံတကာက သိရှိစေရန်ဆောင်ရွက်ရေး၊ အကြမ်းဖက်မှုတိုက်ဖျက်ရေး၊ အစွန်းရောက်ဝါဒနှင့် အကြမ်းဖက်မှုတားဆီးကာကွယ်ရေးနှင့် တိုက်ဖျက်ရေးရန်ပုံငွေကို လုပ်ထုံးလုပ်နည်းနှင့်အညီ စနစ်တကျအသုံးပြုရေး၊အကြမ်းဖက်မှုကျူးလွန်နိုင်ရန် ငွေကြေးထောက်ပံ့မှု၊ အကြမ်းဖက်အုပ်စုများနှင့် ဆက်နွှယ်နေသော ငွေကြေးစီးဆင်းမှုများကို စုံစမ်းထောက်လှမ်းဖော်ထုတ်ရေး၊တားမြစ်ထိန်းချုပ်နိုင်ရေးတို့နှင့် စပ်လျဉ်း၍ဆွေးနွေးပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# သာယာဝတီခရိုင်အတွင်း အောင်မြင်စွာဆောင်ရွက်လျက်ရှိသော စိုက်ပျိုးရေးနှင့် ဒေသဖွံ့ဖြိုးလုပ်ငန်းများ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင် ကွင်းဆင်းကြည့်ရှုအားပေး

**ပဲခူး ဒီဇင်ဘာ ၂၇**

နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်သည် ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့်အတူ ယနေ့နံနက်ပိုင်းတွင် သာယာဝတီခရိုင်အတွင်း အောင်မြင်စွာဆောင်ရွက်လျက်ရှိသော စိုက်ပျိုးရေးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ကွင်းဆင်းကြည့်ရှုအားပေးသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်သည် လက်ပံတန်း-မိုးညိုကားလမ်းတစ်လျှောက် လမ်းဘေးဝဲယာရှိ အောင်မြင်ဖြစ်ထွန်းနေသော မတ်ပဲစိုက်ခင်းရိတ်သိမ်းနေမှုများကို ကွင်းဆင်းကြည့်ရှုသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင်သည် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အတူ လက်ပံတန်းမြို့နယ် ဖောခိပင်ကျေးရွာအုပ်စု ချောင်းဆုံကျေးရွာ၌ ဒေသခံတောင်သူလယ်သမားများနှင့် တွေ့ဆုံ၍ ရင်းရင်းနှီးနှီးနှုတ်ခွန်းဆက်စကားပြောကြားပြီး ဒေသခံတောင်သူများကတိုင်းဒေသကြီးအစိုးရအဖွဲ့၏မျိုးကောင်းမျိုးသန့်ပြောင်းလဲပေးမှုကြောင့် မတ်ပဲပန်းတိုင်အထွက်နှုန်း ကျော်လွန်ထွက်ရှိမှုနှင့် သီးခြားလိုအပ်ချက်များကို တင်ပြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က သီးထပ်စွမ်းအားတိုးတက်စေရေးအတွက် စိုက်ပျိုးရေရရှိရေးနှင့် သီးခြားလိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးပြီး သွင်းအားစုများ ချီးမြှင့်ပေးအပ်သည်။

ယင်းနောက် လက်ပံတန်းမြို့နယ် အုန်းကုန်းကျေးရွာထိပ်၌ ရောဝတီမြစ်ရေတိုက်စားမှုကြောင့် မူလရေကာတာဟောင်း ပေ ၁၅၀ ခန့် ပြိုကျပျက်စီးခဲ့မှုနှင့် ယာယီထိန်းသိမ်းဆောင်ရွက်ထားရှိမှုကို ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး အုန်းကုန်းကျေးရွာ သရက်တောဘုန်းတော်ကြီးကျောင်း ဦးစီးပဓာန နာယကဆရာတော်အား သွားရောက်ဖူးမြော်၍ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။



ဆက်လက်၍ အုတ်ဖိုမြို့နယ် အညာတန်းကျေးရွာ၌ ဂမုန်းချောင်းပေါ်တွင် တိုင်းဒေသကြီးအစိုးရအဖွဲ့အစီအစဉ်ဖြင့် ရေဒလက်(Water Wheel) တပ်ဆင်၍ ရေပေးဝေထားရှိမှုကြောင့် အောင်မြင်ဖြစ်ထွန်းနေသော ဟင်းသီးဟင်းရွက် ၅၆ ဧက စိုက်ခင်းကို ကွင်းဆင်းကြည့်ရှုအားပေးပြီး ဒေသခံတောင်သူများနှင့် တွေ့ဆုံ၍ သွင်းအားစုများ ချီးမြှင့်ပေးအပ်ကာ ဟင်းသီးဟင်းရွက်စိုက်ခင်းကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

| | |
|---|---|
| **အကြမ်းဖက်မှု ပပျောက်ရေးအတွက် ပြည်သူသို့အသိပေးနှိုးဆော်ချက်** | ၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDFအမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။<br>၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDFအကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။<br>၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကိုကာကွယ်ပေးခြင်းဖြစ်သည်။ |

# စိုက်ပျိုးရေးနှင့်မွေးမြူရေးဖွံ့ဖြိုးရေးကော်မရှင်၏ ပထမအကြိမ် အစည်းအဝေးကျင်းပ



**နေပြည်တော် ဒီဇင်ဘာ ၂၇**

စိုက်ပျိုးရေးနှင့်မွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကို အရှိန်အဟုန်မြှင့် ဆောင်ရွက်နိုင်ရန်အတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက အမိန့်အမှတ်၊ ၅၆ / ၂၀၂၄ ဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့သည့် စိုက်ပျိုးရေးနှင့်မွေးမြူရေးဖွံ့ဖြိုးရေးကော်မရှင်၏ ပထမအကြိမ်အစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ စိုက်ပျိုးရေးနှင့် မွေးမြူရေး ဖွံ့ဖြိုးရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးညိုစောနှင့် ကော်မရှင်အဖွဲ့ဝင်များတက်ရောက်ကြပြီး တိုင်းဒေသကြီး၊ ပြည်နယ်ဝန်ကြီးချုပ်များနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးများ၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) မှတာဝန်ရှိသူများက အွန်လိုင်းစနစ်ဖြင့် တက်ရောက်ကြသည်။

အစည်းအဝေးတွင် ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးညိုစောက စိုက်ပျိုးရေးနှင့် မွေးမြူရေးဖွံ့ဖြိုးရေးကော်မရှင်ကို မြန်မာနိုင်ငံ၏ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများနှင့် စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များကို ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရန်၊ စားရေရိက္ခာဖူလုံရေးနှင့် ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝတိုးတက်စေရန်၊ စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များဖြင့် ပြည်တွင်းဖူလုံပြီး ပိုလျှံသည်များကို ပြည်ပသို့ တင်ပို့နိုင်ရေးနှင့် ဈေးကွက်ဝေစုရရှိရေးကိုဖော်ဆောင်ရန်၊ သဘာဝပတ်ဝန်းကျင်ကို ထိခိုက်မှုမရှိစေသော ရေရှည်တည်တံ့သည့် စိုက်ပျိုးမွေးမြူရေးစနစ်များကို ဖော်ဆောင်ရန်၊ လယ်ယာကဏ္ဍနှင့် ဆက်စပ်လုပ်ငန်းများတွင် ပြည်တွင်း၊ပြည်ပရင်းနှီးမြှုပ်နှံမှုများ မြှင့်တင်နိုင်ရန် ရည်ရွယ်ချက်များဖြင့် ဖွဲ့စည်းခဲ့ပြီး ကော်မရှင်၏ရည်ရွယ်ချက်ကောင်းများကို အခြေခံပြီး လုပ်ငန်းတာဝန်များ ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

ကော်မရှင်အနေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သောမူဝါဒများ ချမှတ်ခြင်း၊ လယ်ယာ သားငါးထုတ်ကုန်များ ထုတ်လုပ်မှုမြှင့်တင်၍ ပြည်ပပို့ကုန် တိုးမြှင့်ရေးအတွက် လိုအပ်သောမူဝါဒများချမှတ်ခြင်း၊ လယ်ယာကဏ္ဍနှင့် ဆက်စပ်လုပ်ငန်းများတွင် ပြည်တွင်း ပြည်ပ ရင်းနှီးမြှုပ်နှံမှုများ မြှင့်တင်နိုင်ရေးအတွက် ဆွဲဆောင်နိုင်သည့် မူဝါဒများ ချမှတ်ခြင်း၊ လယ်ယာစီးပွား (Agri-business) ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် အဘက်ဘက်မှ ကြိုးစားဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ နိုင်ငံ၏ အဓိကစီးပွားရေးလုပ်ငန်းဖြစ်သည့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ တိုင်းပြည်၏စီးပွားရေးလည်း မြင့်မားတိုးတက်လာမည်ဖြစ်ပါကြောင်း၊ နှစ်စဉ် တိုးတက်လာသည့် နိုင်ငံ့လူဦးရေ၏ စားဝတ်နေရေးအတွက် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကိုလည်း တိုးချဲ့လုပ်ကိုင်ကြရမည်ဖြစ်ပါကြောင်း။

သီးနှံများအထွက်နှုန်းကောင်းမွန်ရေးအတွက် မျိုး၊မြေ၊ရေ၊နည်း ကောင်းမွန်ရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ တစ်ဖက်ကလည်း Agro Base Industry နိုင်ငံဖြစ်အောင် စိုက်ပျိုးရေးကို အခြေခံသည့် စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ကြောင်း၊ သီးနှံများ ပန်းတိုင်အထွက်နှုန်းရရှိရေးကိုလည်း သုတေသနလုပ်ငန်းများ အကြိမ်ကြိမ် ဆောင်ရွက်ပြီးလည်းဖြစ်ကြောင်း၊ မြန်မာနိုင်ငံတွင် နွေစပါး ဧကသုံးသန်းခန့်၊ မိုးစပါးဧက ၁၅ သန်းခန့် စုစုပေါင်း စပါးစိုက် ဧက ၁၈ သန်းခန့်ရှိကာ သီးထပ်စွမ်းအားတိုးတက်အောင် ထပ်မံဆောင်ရွက်နိုင်မည်ဆိုပါက တစ်နှစ်လျှင် ဧကသန်း ၃၀ ကျော်ခန့် စိုက်ပျိုးနိုင်မည်ဖြစ်ပါကြောင်း၊ စပါးထွက်ရှိမှု ၂၀၀ရာခိုင်နှုန်းဖြစ်၍ နိုင်ငံတော်အတွက် ဆန်စပါးဖူလုံရေးနှင့် ပြည်ပပို့ကုန်တိုးမြှင့်ရေးအတွက် တိုးတက်ကောင်းမွန်လာမည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးကဏ္ဍအနေဖြင့် နိုင်ငံတော်အစိုးရ၏ စီမံလမ်းညွှန်မှုဖြစ်သော အဓိကသီးနှံများ ပန်းတိုင်အထွက်ရရှိရေး၊ သီးထပ်စွမ်းအားတိုးတက်စေရေး၊ ကိန်းဂဏန်းအချက်အလက်များ မှန်ကန်စေရေး တို့အတွက် အထူးအလေးထားဆောင်ရွက်ရမည်ဖြစ်ပါကြောင်း။

မွေးမြူရေးကဏ္ဍအနေဖြင့် ကြက်၊ ဝက်၊ ဆိတ်၊ ငါး၊ နို့စားနွား၊ အသားစားနွားများ တိုးချဲ့မွေးမြူရေးအတွက် လိုအပ်သော နည်းပညာ၊ မျိုး၊ တိရစ္ဆာန်အစာနှင့် သားပေါက်ထုတ်လုပ်ခြင်းတို့ကိုလည်း ပြည်တွင်း၌ လုံလောက်အောင် ဆောင်ရွက်နိုင်ရမည်ဖြစ်ပါကြောင်း၊ သမားရိုးကျ မွေးမြူခြင်းမှ လှောင်မွေးစနစ်၊ ရိတ်ကျွေးစနစ်ထိ ပြောင်းလဲဆောင်ရွက်နိုင်ရန် လက်ရှိဖော်ထုတ်ပြီးသည့် မွေးမြူရေးဇုန်များကို စနစ်တကျ အဆင့်မြှင့်တင်ခြင်းနှင့် မွေးမြူရေးဇုန်အသစ်များ ထပ်မံဖော်ထုတ်ဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ပါကြောင်း။

စိုက်ပျိုးမွေးမြူရေးထွက်ကုန်များကို တန်ဖိုးမြင့်ထုတ်ကုန်များအဖြစ် ထုတ်လုပ်နိုင်ရေးကိုလည်း သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပူးပေါင်းဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ တန်ဖိုးမြင့်ထုတ်ကုန်များ ထုတ်လုပ်ပေးသော အသေးစား၊အငယ်စားနှင့်အလတ်စားကုန်ထုတ်လုပ်မှု (MSMEs) များအတွက် အဓိကအခြေခံလျှပ်စစ်မီး ရရှိရေး၊ နေရောင်ခြည်စွမ်းအင်သုံး ဆိုလာစနစ်အသုံးပြုနိုင်ရေးကိုလည်း ဆောင်ရွက်ပေးရန်လိုအပ်မည်ဖြစ်ကြောင်း၊ တိုးတက်လျက်ရှိသည့် စက်မှုနိုင်ငံကြီးများ၌ပင် MSMEs များမှတိုးတက်အောင် ဆောင်ရွက်ခြင်းဖြစ်သည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း၊ MSMEs လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရ၊ ပုဂ္ဂလိကနှင့် ပြည်သူများအကြား ပူးပေါင်းဆောင်ရွက်ခြင်းများမြှင့်တင်သွားနိုင်ရန် သက်ဆိုင်ရာဝန်ကြီးဌာနများကို တိုက်တွန်းပြောကြားလိုကြောင်း။

တိုးတက်ထုတ်လုပ်လိုက်သည့် သီးနှံ၊ သားငါးများ ဈေးကွက်ရရှိရေးကို စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်တို့က ပူးပေါင်းဆောင်ရွက်ပေးရမည်ဖြစ်ပါကြောင်း၊ ထို့အတူ ပုဂ္ဂလိကလုပ်ငန်းရှင်များအနေဖြင့် ကန်ထရိုက်လယ်ယာစနစ်ကိုဆောင်ရွက်ခြင်းအားဖြင့် တောင်သူများအတွက်လိုအပ်သော အရင်းအနှီး ဈေးကွက်များကို တစ်ပါတည်းရရှိစေမည်ဖြစ်၍ အောင်မြင်အောင် တိုးချဲ့အကောင်အထည်ဖော်ရန်လိုအပ်ပါကြောင်း။

ကော်မရှင်အဖွဲ့ဝင်များအနေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြုကွင်းဆက်လုပ်ငန်းများကို သက်ဆိုင်ရာဝန်ကြီးဌာနအလိုက် ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်သွားပြီး အပြန်အလှန်အထောက်အကူပြုဆောင်ရွက်ပေးရန်လိုအပ်မည်ဖြစ်ပါကြောင်း၊ အလားတူလုပ်ငန်းအမြန်တိုးတက် အကောင်အထည်ဖော်နိုင်ရန်လိုအပ်သည့် အကြံဉာဏ်ကောင်းများ၊ နည်းလမ်းကောင်းများကို အကြံပြုပေးကြရန်နှင့် သင့်တော်ကောင်းမွန်သည့် နည်းလမ်းနှင့်စနစ်များကို လက်တွေ့အကောင်အထည်ဖော်နိုင်ရန် ဦးတည်ဆောင်ရွက်နိုင်ရေးအတွက် ယခုအစည်းအဝေးတွင် ညှိနှိုင်းပေါင်းစပ်ဆုံးဖြတ်သွားမည်ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ ကော်မရှင် ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်က ကော်မရှင်၏ ရည်ရွယ်ချက်နှင့် လုပ်ငန်းတာဝန်များနှင့် ထပ်မံဖွဲ့စည်းရမည့် ကော်မတီများနှင့်ပတ်သက်၍ အကြံပြုတင်ပြ၍ စိုက်ပျိုးရေးနှင့်မွေးမြူရေးဖွံ့ဖြိုးရေးကော်မရှင်အဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီးများနှင့် ဒုတိယဝန်ကြီးများက သက်ဆိုင်ရာကဏ္ဍများအလိုက် ဆွေးနွေးတင်ပြကြပြီး ကော်မရှင်ဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## ပုံနှိပ်ခြင်းလုပ်ငန်း၊ ထုတ်ဝေခြင်းလုပ်ငန်းနှင့် သတင်းအေဂျင်စီလုပ်ငန်းလုပ်ကိုင်သူများ လုပ်ငန်းအသိအမှတ်ပြုလက်မှတ်အသစ်လဲလှယ်ရန် အသိပေးကြေညာခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းနည်းဥပဒေများထွက်ရှိသည့် ၁၀-၁၀-၂၀၁၄ ရက်မှစ၍ ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့်သတင်းအေဂျင်စီလုပ်ငန်းအသိအမှတ်ပြုလက်မှတ်များကို ငါးနှစ်သက်တမ်းခွင့်ပြုပေးခဲ့ပါသည်။

၂။ အသိအမှတ်ပြုလက်မှတ် သက်တမ်းကုန်ဆုံးပါက နည်းဥပဒေ ၂၁ အရ သက်တမ်းကုန်ဆုံးသည့်ရက်မှစ၍ ရက်ပေါင်း ၆၀ အတွင်း သတ်မှတ်ပုံစံနှင့်အတူ အခကြေးငွေကျပ် တစ်သောင်း ပေးသွင်း၍ ပြန်ကြားရေးဝန်ကြီးဌာနသို့ အသိအမှတ်ပြုလက်မှတ်အသစ်လဲလှယ်ရန် လာရောက်ဆောင်ရွက်ရမည်ဖြစ်ပါသည်။

၃။ သက်တမ်းကုန်လွန်သော အသိအမှတ်ပြုလက်မှတ်များဖြင့် လုပ်ငန်းဆက်လက်လုပ်ကိုင်ခွင့်မရှိကြောင်းနှင့် သက်တမ်းကုန်ဆုံးပြီး လုပ်ငန်းဆက်လက်လုပ်ကိုင်ပါက ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းဥပဒေအရ အရေးယူခံရမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

၄။ အသေးစိတ်အချက်အလက်များသိရှိလိုပါက ဖုန်း ၀၁-၅၄၁၄၁၃၊၀၁-၈၆၀၄၇၅၀၊၀၁-၈၆၀၄၇၅၁၊၀၁-၅၄၄၅၈၃၊iprd.crd.ygn@gmail.com တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန

## ၂၀၂၄ ခုနှစ် ဒီဇင်ဘာ ၂၇ ရက် ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ တစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်း ၅၂၉၀၀၀၀ ကျပ်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

## ထူးခြားသည့် ညအပူချိန်များ

(၂၇-၁၂-၂၀၂၄)

| | | | |
|---|---|---|---|
| ဟားခါး | ၁ ဒသမ ၇ ဒီဂရီဆဲလ်စီးယပ် | ပြင်ဦးလွင် | ၇ ဒသမ ၅ ဒီဂရီဆဲလ်စီးယပ် |
| နမ့်စန် | ၅ ဒသမ ၀ ဒီဂရီဆဲလ်စီးယပ် | မချမ်းဘော | ၈ ဒသမ ၈ ဒီဂရီဆဲလ်စီးယပ် |
| ပူတာအို | ၆ ဒသမ ၈ ဒီဂရီဆဲလ်စီးယပ် | ဟဲဟိုး | ၉ ဒသမ ၀ ဒီဂရီဆဲလ်စီးယပ် |
| မြစ်ကြီးနား | ၇ ဒသမ ၃ ဒီဂရီဆဲလ်စီးယပ် | လွိုင်လင် | ၉ ဒသမ ၀ ဒီဂရီဆဲလ်စီးယပ် |
| တီးတိန် | ၇ ဒသမ ၅ ဒီဂရီဆဲလ်စီးယပ် | မိုင်းယန်း | ၁၀ ဒသမ ၀ ဒီဂရီဆဲလ်စီးယပ် |

# နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံတာဝန်ထမ်းဆောင်ကြမည့် နိုင်ငံ့သားကောင်းများ၏ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၆) သင်တန်းဆင်းပွဲများ ကျင်းပ



နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ် (၆) သင်တန်းဆင်းတပ်ခွဲကို ရင်းရင်းနှီးနှီးနှုတ်ဆက်အားပေးစကားပြောကြားစဉ်။

**နေပြည်တော် ဒီဇင်ဘာ ၂၇**

နိုင်ငံသားတိုင်းသည် ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသည့် ဒို့တာဝန် အရေးသုံးပါးကို စောင့်ထိန်းရန်တာဝန်ရှိသဖြင့် ယင်းတာဝန်များကို ထမ်းဆောင်နိုင်ရန်အတွက် နိုင်ငံသားတိုင်း စစ်ပညာသင်ကြားရန်နှင့် နိုင်ငံတော်ကာကွယ်ရေးအတွက် စစ်မှုထမ်းဆောင်နိုင်ရန် ပြည်သူ့စစ်မှုထမ်းဥပဒေကို ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၁၀ ရက်တွင် စတင်အာဏာတည်ခဲ့ပြီး နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ထမ်းဆောင်ရန် စိတ်အားထက်သန်စွာ လာရောက်စာရင်းပေးသွင်းကြသည့် လူငယ်များကို ပြည်သူ့စစ်မှုထမ်းသင်တန်းများ ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။

ယခုအခါ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၆) သင်တန်းဆင်းပွဲအခမ်းအနားများကို ယနေ့နံနက်ပိုင်းတွင် တိုင်းစစ်ဌာနချုပ်များအလိုက် နယ်မြေခံသင်တန်းကျောင်းအသီးသီးတွင် ကျင်းပကြသည်။ အဆိုပါ သင်တန်းဆင်းပွဲများကို သင်တန်းဆင်း စစ်ရေးပြအစီအစဉ်အတိုင်း ဆောင်ရွက်ကြပြီး သင်တန်းသားများက နိုင်ငံတော်အလံကိုကိုင်၍ ကတိသစ္စာခံယူကြသည်။

ထို့နောက် သင်တန်းကျောင်းများအလိုက် သင်တန်းဆင်းထူးချွန်ဆုများ အသီးသီးပေးအပ်ချီးမြှင့်ပြီး သင်တန်းဆင်းအမှာစကားများ ပြောကြားကြသည်။

သင်တန်းဆင်းပွဲအခမ်းအနားများအပြီးတွင် သင်တန်းဆင်းပွဲသို့ တက်ရောက်ကြသော နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သင်တန်းကျောင်းခန်းမများ၌ ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၆)မှ သင်တန်းဆင်း နိုင်ငံ့သားကောင်းစစ်သည်များကို တွေ့ဆုံအမှာစကားပြောကြားကာ ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်အားပေးကြသည်။









တိုင်းစစ်ဌာနချုပ်အသီးသီး၌ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၆) သင်တန်းဆင်းပွဲများ ကျင်းပစဉ်။

အဆိုပါ ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၆)ကို ၂၀၂၄ ခုနှစ် အောက်တိုဘာ ၂၁ ရက်တွင် စတင်ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပြီး သင်တန်းကာလအတွင်း ကြံ့ခိုင်ရေးဘာသာရပ်၊ စစ်ရေးပြဘာသာရပ်၊ ခြေလျင်လက်နက်ငယ်ဘာသာရပ်၊ စစ်နည်းဗျူဟာဘာသာရပ်များကို စာတွေ့၊ လက်တွေ့ စနစ်တကျ သင်ကြားလေ့ကျင့်ခဲ့ကြပြီး စစ်မြေပြင် အင်ဂျင်နီယာဘာသာရပ်၊ စစ်မြေပြင် အုပ်ချုပ်ရေးဘာသာရပ်နှင့် အထွေထွေဘာသာရပ်များကိုလည်း ရက်သတ္တပတ်အလိုက် အဆင့်ဆင့် လေ့ကျင့်သင်ကြားခဲ့ကြကြောင်း သိရှိရသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပုဒ်မ-၃၈၅ တွင် နိုင်ငံတော်၏လွတ်လပ်ရေး၊ အချုပ်အခြာအာဏာနှင့် နယ်မြေတည်တံ့ခိုင်မြဲရေးအတွက် ကာကွယ်စောင့်ရှောက်ရေးသည် နိုင်ငံသားတိုင်းတွင်တာဝန်ရှိသည်ဟု ပြဋ္ဌာန်းထားပြီး ပုဒ်မ-၃၈၆ တွင် နိုင်ငံသားတိုင်းသည် ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ စစ်ပညာသင်ကြားရန်နှင့် နိုင်ငံတော်ကာကွယ်ရေးအတွက် စစ်မှုထမ်းဆောင်ရန် တာဝန်ရှိသည်ဟု ပြဋ္ဌာန်းထားသည်။ နိုင်ငံတော်အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေအရ နိုင်ငံသားများ၏ အခွင့်အရေးကိုကာကွယ်စောင့်ရှောက်ပေးလျက်ရှိပြီး နိုင်ငံသားများအနေဖြင့်လည်း နိုင်ငံ့တာဝန်များကို ထမ်းဆောင်ကြရမည်ဖြစ်သည်။ ယင်းတာဝန်များကို ကျေပွန်စွာထမ်းဆောင်ရန်ဆန္ဒရှိကြသည့် နိုင်ငံ့သားကောင်းများသည် ပြည်သူ့စစ်မှုထမ်းသင်တန်းများ တက်ရောက်ကာ နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ထမ်းဆောင်နေကြပြီဖြစ်သည်။

ယနေ့တွင် သင်တန်းဆင်းခဲ့ကြသည့် ပြည်သူ့စစ်မှုထမ်း နိုင်ငံ့သားကောင်းစစ်သည်များသည်လည်း အဖွဲ့အစည်းဖြင့် စည်းစနစ်ကျစွာလုပ်ကိုင် ဆောင်ရွက်တတ်သည့် အလေ့အကျင့်များရရှိခဲ့ပြီး နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်၊ အဖွဲ့အစည်းစိတ်၊ ရဲဘော်ရဲဘက်စိတ်အပြည့်ဖြင့် တာဝန်ကျရာ တပ်ရင်း၊ တပ်ဖွဲ့အသီးသီးသို့ သွားရောက်၍ နိုင်ငံတော်ကာကွယ်ရေး



နှင့် လုံခြုံရေးတာဝန်များကို ဂုဏ်ယူစွာ ထမ်းဆောင်ကြတော့မည်ဖြစ်သည်။

ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ် (၆)တွင် တက်ရောက်ခဲ့ရသည့် အတွေ့အကြုံများ၊ သင်တန်းမှရရှိခဲ့သည့် အလေ့အကျင့်ကောင်းများ၊ ယုံကြည်ချက်၊ ခံယူချက်များနှင့် သင်တန်းဆင်းပြီးနောက် မိမိတို့တာဝန်ကျရာ တပ်ရင်း၊ တပ်ဖွဲ့များ၌ ဆက်လက် တာဝန်ထမ်းဆောင်သွားမည့် အခြေအနေများနှင့်ပတ်သက်၍ သင်တန်းဆင်း နိုင်ငံ့သားကောင်းစစ်သည်များ၏ စကားသံများကိုလည်း ယခုကဲ့သို့ကြားသိရပါသည်-

“ကျွန်တော်ရရှိတဲ့ ဆုကတော့ မိုင်းအကျွမ်းကျင်ဆုံးဆုရရှိခဲ့ပါတယ်။ သင်တန်းကာလတစ်လျှောက်လုံးမှာ သင်တန်းနည်းပြတွေရဲ့ သင်ကြားတဲ့အတိုင်း လိုက်နာလေ့ကျင့်ခဲ့တဲ့အတွက် ရရှိခဲ့တာဖြစ်ပါတယ်။ မိုင်းအကျွမ်းကျင်ဆုံးဆုအတွက် စာတွေ့လည်း လေ့ကျင့်ရသလို လက်တွေ့လည်း လေ့ကျင့်ရပါတယ်။ ဒီလို သေသေချာချာ လေ့ကျင့်လိုက်နာခဲ့တဲ့အတွက် ဒီမိုင်းအကျွမ်းကျင်ဆုံးဆုကို ရရှိခဲ့တာဖြစ်ပါတယ်။”ဟု ပြောသည်။

“ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၆/၂၀၂၄)မှာ ကျွန်တော်ရရှိခဲ့တဲ့ဆု



အမျိုးအစားကတော့ စံပြတပ်သားဆုဖြစ်ပါတယ်။ အခုလိုဆုရရှိအောင်လို့ ကျွန်တော်ကြိုးစားခဲ့ရတာတွေကတော့ အများကြီးပါ။ ဆရာသမားတွေရဲ့ သင်ကြားပေးတဲ့ အတတ်ပညာတွေအကုန်လုံးကို ကျွန်တော် ဆည်းပူးသင်ယူတယ်။ ကျွန်တော် အားနေတဲ့အချိန်မှာလည်း လေ့လာပါတယ်။ မှတ်သားပါတယ်။ ဆရာတွေရဲ့ စကားကိုလည်း ကျွန်တော်တစ်သဝေမတိမ်း နားထောင်ပါတယ်။ ကျွန်တော် မနက်ဆိုလည်း အစောဆုံးထပြီးတော့ ကစ်တွေဘာတွေလည်း အကောင်းဆုံးခေါက်တယ်။ အဲ့ဒီအတွက်လည်း ကျွန်တော် စံပြတပ်သားဆုကို ရခဲ့တယ်လို့ထင်ပါတယ်။ အရပ်သားဘဝနဲ့ စစ်မှုထမ်းဘဝရဲ့ ကွာခြားချက်ကတော့ အများကြီးပါပဲ။ အရင်ကဆို ကျွန်တော် အချိန်လည်း မလေးစားတတ်ပါဘူး။ စည်းကမ်းလည်း မကောင်းခဲ့ပါဘူး။ အခုဒီရောက်လာတဲ့အချိန်မှာ ဆရာတွေရဲ့ သွန်သင်ဆုံးမမှုနဲ့ ဗိုလ်ကြီးတွေရဲ့ သွန်သင်ဆုံးမှုအောက်မှာ ကျွန်တော်အချိန်ကိုလည်း လေးစားတတ်လာသလို စည်းကမ်းလည်း အရမ်းကောင်းမွန်လာတယ်လို့ ကျွန်တော့်ကိုယ်ကျွန်တော် ထင်မြင်မိပါတယ်။ ပြည်သူ့စစ်မှုထမ်းသင်တန်းကို တက်ရောက်ခဲ့ရတဲ့ ရည်ရွယ်ချက်ကတော့ ကျွန်တော်တို့နိုင်ငံအပေါ် ကျရောက်လာမယ့် ဘေးအန္တရာယ်တွေကို ကာကွယ်ချင်တဲ့စိတ်ရှိလို့ပါ။ နိုင်ငံတော်တာဝန်တွေကို ပြည်သူတစ်ယောက်အနေနဲ့ ထမ်းဆောင်ရတဲ့အတွက် အရမ်းဝမ်းသာမိပါတယ်။ ကျွန်တော့်နိုင်ငံအပေါ်ကို ကျွန်တော့်အသက်နဲ့ရင်းပြီး ကာကွယ်ပါ့မယ်လို့ ကျွန်တော်ခံယူချက်ထားပါတယ်။”ဟု ပြောသည်။

ထို့နောက် ညပိုင်းတွင် သင်တန်းကျောင်းအသီးသီး၌ ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၆)မှ နိုင်ငံ့သားကောင်းစစ်သည်များကို သင်တန်းဆင်းဂုဏ်ပြုညစာစားပွဲများပြုလုပ်ခဲ့ကြကြောင်း သတင်းရရှိသည်။ (မြဝ)

# ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၆) သင်တန်းဆင်းပွဲမြင်ကွင်းပုံရိပ်များ


















## ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်း

- ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်းကို ၂၀၂၄ ခုနှစ် အောက်တိုဘာလ ၁ ရက်မှစတင်၍ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကောက်ယူခဲ့ပြီးဖြစ်ပါသည်။
- ယခုအခါ ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်း၏ ရှေ့ပြေးလူဦးရေစာရင်းကို ဒီဇင်ဘာ ၃၁ ရက်တွင် ထုတ်ပြန်သွားပါမည်။
- စာရင်းအချက်အလက်များရယူလိုပါက ပြည်သူ့အင်အားဦးစီးဌာန၏ website www.dop.gov.mm တွင် ရယူနိုင်ပါသည်။

# မြန်မာ၊တရုတ်၊လာအိုနှင့်ထိုင်း လေးနိုင်ငံ တရားဥပဒေစိုးမိုးရေးနှင့်ပူးပေါင်း ကင်းလှည့်ရေးဆိုင်ရာ နှစ်ပတ်လည်အကျဉ်းချုပ်အစည်းအဝေး(၂၀၂၄) ကျင်းပ





**နေပြည်တော် ဒီဇင်ဘာ ၂၇**

မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရေကြောင်းရဲတပ်ဖွဲ့က အလှည့်ကျအိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် မြန်မာ၊တရုတ်၊လာအို၊ထိုင်း လေးနိုင်ငံ တရားဥပဒေစိုးမိုးရေးနှင့် ပူးပေါင်းကင်းလှည့်ရေးဆိုင်ရာ နှစ်ပတ်လည်အကျဉ်းချုပ်အစည်းအဝေး (၂၀၂၄) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ Wyndham Grand Hotel အင်းယား အင်းလေးခန်းမ၌ ကျင်းပသည်။

ဖွင့်ပွဲအခမ်းအနားသို့ ရေကြောင်းရဲတပ်ဖွဲ့မှူး၊ ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး၊ မြန်မာ၊တရုတ်၊လာအို၊ထိုင်း လေးနိုင်ငံတို့မှ ကိုယ်စားလှယ်အရာရှိများ တက်ရောက်ကြပြီး ဖွင့်ပွဲအခမ်းအနားတွင် ရေကြောင်းရဲတပ်ဖွဲ့မှူး ရဲမှူးချုပ်နေမိုးသက်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြား၍ အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်ပြီး စုပေါင်းမှတ်တမ်းဓာတ်ပုံရိုက်ကာ ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ထို့နောက် မြန်မာ၊တရုတ်၊လာအို၊ထိုင်း လေးနိုင်ငံတို့မှ ကိုယ်စားလှယ်အရာရှိများသည် နှစ်ပတ်လည်အကျဉ်းချုပ် အစည်းအဝေး(၂၀၂၄) (Multilateral Meeting)ကို ဂျူးဖြူခန်းမတွင် ဆက်လက်ကျင်းပသည်။ အစည်းအဝေးတွင် မဲခေါင်မြစ်ကြောင်းတစ်လျှောက် တရားဥပဒေစိုးမိုးရေးနှင့်လုံခြုံရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုကိစ္စရပ်များ၊ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးလုပ်ငန်းများ ပိုမိုပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များ၊မဲခေါင်မြစ်ဝှမ်းဒေသနေ ပြည်သူများ၏စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဖော်ဆောင်ရေးကိစ္စရပ်များကိုဆွေးနွေးပြီး မွန်းလွဲပိုင်းတွင် အင်းယား အင်းလေးခန်းမ၌ နှစ်နိုင်ငံအလုပ်သဘောအစည်းအဝေး (Bilateral Work Talks)များအဖြစ် မြန်မာ-တရုတ်၊တရုတ်-လာအို၊ တရုတ်-ထိုင်းအစည်းအဝေးများ ဆက်လက်ကျင်းပခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ပဲခူးမြို့တွင် ငွေကျပ် ၁၄ ဒသမ ၁ ဘီလီယံကျော်တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၅ သန်းကျော်၊ အိုက်စ်(မက်သ်အဖက်တမင်း) ကီလို ၁၇၀ နှင့် Happy Water ၂ ဒသမ ၆ ကီလို ဖမ်းဆီးရမိ

**နေပြည်တော် ဒီဇင်ဘာ ၂၇**

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဒီဇင်ဘာ ၂၀ ရက်တွင် ပဲခူးမြို့ ရပ်ကွက်ကြီး(၆) ဗိုလ်အောင်ကျော်လမ်း၌ ကျော်ဆန်းဦး မောင်းနှင်ပြီး မလွမ်းယန်းလိုက်ပါလာသည့် TOYOTA DYNA မော်တော်ယာဉ်ကို သတင်းအရ ရှာဖွေရာ ယာဉ်ပေါ်တွင် သံတို၊သံစများဖြင့် ဖုံးအုပ်တင်ဆောင်လာသည့် သံသေတ္တာများအတွင်းမှ ဒေသကာလတန်ဖိုး ငွေကျပ် ၁၄ ဒသမ ၁၁၅၄ ဘီလီယံတန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၅၂ ဒသမ ၃ သိန်း၊ အိုက်စ်(မက်သ်အဖက်တမင်း) ကီလို ၁၇၀ နှင့် Happy Water ၂ ဒသမ ၆၇ ကီလိုတို့ကို သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးဖော်ထုတ်ချက်အရ ယင်းနေ့ည ၆ နာရီတွင် စိတ်ပြောင်းဆေးဝါးများ သယ်ဆောင်ခိုင်းသူများဖြစ်သည့် နိုင်နိုင်ဝင်း(ခ)ရှက်ဖီးနှင့် တင်ထွန်းနိုင်တို့ကို ပဲခူးမြို့ ရပ်ကွက်ကြီး (၆) ဗိုလ်အောင်ကျော်လမ်းရှိ ဟိုတယ်တွင် ဆက်လက်ဖမ်းဆီးရမိခဲ့ကြောင်း၊ စစ်ဆေးဖော်ထုတ်ချက်များအရ ဖမ်းဆီးရမိ စိတ်ပြောင်းဆေးဝါးများကို ရှမ်းပြည်နယ်(တောင်ပိုင်း) နမ့်စန်မြို့မှ ပဲခူးမြို့သို့ သယ်ဆောင်ပြီး ၎င်းမှတစ်ဆင့် ရန်ကုန်တိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့သို့ သယ်ဆောင်ရောင်းဝယ်ခြင်းဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းတို့ကို ဥပဒေအရအရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှု ကျူးလွန်သူများကို ဆက်လက်စစ်ဆေး ဖော်ထုတ်လျက်ရှိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သတင်းရရှိသည်။ **(သတင်းစဉ်)**




# မိုးဖြဲမြို့တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက ဒရုန်းများဖြင့် ဗုံးကြဲမှုကြောင့် နေအိမ် ၅၀ ကျော်ပျက်စီးခဲ့ကြောင်း တရားမဝင်ပြည်ဖျက်မီဒီယာများက မဟုတ်မမှန် သတင်းမှားများ ရေးသားဖြန့်ဝေလျက်ရှိ

**နေပြည်တော် ဒီဇင်ဘာ ၂၇**

ရှမ်းပြည်နယ် ကရင်နီနယ်စပ် မိုးဖြဲမြို့တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက ဒရုန်းများဖြင့်ဗုံးကြဲမှုကြောင့် နေအိမ် ၅၀ ကျော် ပျက်စီးခဲ့ကြောင်း တရားမဝင်ပြည်ဖျက်မီဒီယာများက မဟုတ်မမှန်သတင်းတုသတင်းမှားများ ရေးသားဖြန့်ဝေလျက်ရှိကြောင်း တွေ့ရသည်။




အဆိုပါသတင်းနှင့် ပတ်သက်၍ သက်ဆိုင်ရာ လုံခြုံရေးတာဝန်ရှိသူများ၏ ပြောကြားချက်အရ လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် အဆိုပါမြို့တွင်အကြမ်းဖက်သမားများ တရားမဝင်ဝင်ရောက်ခိုအောင်း နေထိုင်မှုမရှိစေရေးနှင့် နယ်မြေအေးချမ်းတည်ငြိမ်မှုရှိစေရေးအတွက် လုံခြုံရေးလုပ်ငန်းများကို နေ့ညမပြတ်ဆောင်ရွက်လျက်ရှိကြောင်း၊ အကြမ်းဖက်သမားများအနေဖြင့် နယ်မြေတည်ငြိမ်အေးချမ်းမှုကို မလိုလားဘဲ ပြည်သူများနေထိုင်ရာ နယ်မြေအတွင်း တိုက်ပွဲများဖော်ဆောင်ခြင်းနှင့် ရွံရှာစက်ဆုပ်ဖွယ်အဖျက်အမှောင့်လုပ်ငန်းများ လုပ်ဆောင်ခြင်းကြောင့် နယ်မြေခံပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ဥစ္စာများ ပျက်စီးဆုံးရှုံးရခြင်းဖြစ်ကြောင်း၊ တရားမဝင်အကြမ်းဖက်အားပေးပြည်ဖျက်မီဒီယာများက အကြမ်းဖက်သမားများ၏ ဥပဒေမဲ့လုပ်ရပ်များကို ဖုံးကွယ်ရန်နှင့် ပြည်သူများ အထင်အမြင်လွဲမှားစေရန်ရည်ရွယ်၍ လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် အပြစ်ပုံချကာ ယခုကဲ့သို့ မဟုတ်မမှန်သတင်းများ ရေးသားဖြန့်ဝေနေခြင်းဖြစ်ကြောင်း သတင်းရရှိသည်။ **(၅၀၁)**

## မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေ

**နေပြည်တော် ဒီဇင်ဘာ ၂၇**

တနင်္သာရီတိုင်းဒေသကြီးတွင် မိုးတိမ်တောင်များ ဖြစ်ထွန်းလျက်ရှိပြီး အဆိုပါမိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်းစသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်သဖြင့် ကြိုတင်သတိပြုနိုင်ရန် အကြံပြုထားကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

# ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ နိုဝင်ဘာလအတွင်း တီလားဗီးယား ပိသာချိန် ၇၆၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့



**ဖျာပုံ ဒီဇင်ဘာ ၂၇**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ နိုဝင်ဘာလအတွင်း တီလားဗီးယားပိသာချိန် ၇၆၀၀၀ ထိ တင်ပို့ ရောင်းချနိုင်ခဲ့ကြောင်း ဖျာပုံမြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်လဲ့လဲ့က ပြောပြသည်။

ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ အောက်တိုဘာလအတွင်းက တီလားဗီးယားပိသာချိန်၅၀၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး နိုဝင်ဘာ ၁ ရက်မှ ၃၀ ရက်ထိတီလားဗီးယား ပိသာချိန် ၇၆၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ ဒေသတွင် ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးပွဲရုံပိုင်ရှင်များက ဒေသထွက် ရေထွက်ကုန် ပစ္စည်းများကို ဝယ်ယူပြီး စနစ်တကျ သန့်စင်ကာ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

"ဖျာပုံမြို့နယ်ကနေရေထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ကို အဓိက တင်ပို့ရောင်းချနေပါတယ်။ ရန်ကုန်ဈေးကွက်က တီလားဗီးယားတွေ ဝယ်ယူမှု အားကောင်းနေတာကြောင့် ပိသာချိန် တော်တော်များများ တင်ပို့ရောင်းချခဲ့ရပါတယ်။ အခုလို ငါးဝယ်ယူမှု အားကောင်းလာတာကြောင့် မွေးမြူသူတွေငါးအကောင်ရေ ထပ်တိုးမွေးမြူလာတာ တွေ့ရပါတယ်'' ဟု ဒေါ်လဲ့လဲ့က ပြောပြသည်။

ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချနေသည့် တီလားဗီးယား တစ်ပိသာလျှင် ငွေကျပ် ၉၅၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# မြောင်းမြမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ စပါး ဧက ၄၅၂၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်

**မြောင်းမြ ဒီဇင်ဘာ ၂၇**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် မြောင်းမြမြို့နယ် ယခုနှစ် ဆောင်းနှံစိုက်ပျိုးရာသီ ၌ စပါးဧက ၄၅၂၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်က ပြောပြသည်။

မြောင်းမြမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ စပါး လျာထား ၁၁၃၁၅ ဧကကို ယခုနှစ် အောက်တိုဘာလ ပထမက စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ စပါး ဧက ၄၅၂၀ စိုက်ပျိုးပြီးစီးပြီကြောင်း၊ အဆိုပါဆောင်းသီးနှံစပါးများ အခက်အခဲမရှိ စနစ်တကျ ရာနှုန်းပြည့်စိုက်ပျိုးနိုင်ရန် စိုက်ပျိုးရေးဦးစီးဌာန၊ ဆက်စပ်ဌာနများနှင့် ဒေသခံတောင်သူများ ပူးပေါင်း ဆောင်ရွက် စိုက်ပျိုးနေကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ မြောင်းမြမြို့နယ်မှာ စပါး ၁၁၃၁၅ ဧက စိုက်ပျိုးလျာထား စိုက်ပျိုးမှာဖြစ်ပါတယ်။ စပါးတွေ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ စိုက်ပျိုးရေးဦးစီးဌာန၊ ဆက်စပ်ဌာနတွေနဲ့ ဒေသခံတောင်သူတွေ ပူးပေါင်းဆောင်ရွက်နေပါတယ်။ စပါးအထွက်နှုန်းကောင်းစေဖို့၊ မျိုးကောင်းမျိုးသန့်တွေ ရွေးချယ်စိုက်ပျိုးဖို့ အသိပညာပေးလုပ်ငန်းတွေ ဆောင်ရွက်ပေးနေပါတယ်"ဟု မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်က ပြောပြသည်။

မြောင်းမြမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ စပါး စိုက်ပျိုးရာတွင် ရက် ၉၀၊ သီးထပ်ရင်၊ ထိုင်းဘေးကျား၊ နှစ်လခွဲ စသည့် စပါးအမျိုးအစားများကို ရွေးချယ်စိုက်ပျိုးလျက်ရှိကြောင်း၊ ယခုနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ စပါးအထွက်နှုန်း ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက နိုင်ငံတွင်း စားသုံးမှုဖူလုံစေသည့်အပြင် ပြည်ပသို့ပါ တင်ပို့နိုင်မည်ဖြစ်သဖြင့် စပါးကို တိုးချဲ့စိုက်ပျိုးနိုင်ရန် ကြိုးပမ်းသင့်ကြောင်း ခရိုင်ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်က ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**



# ကလောမြို့နယ် နတ်တော်ကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

**ကလော ဒီဇင်ဘာ ၂၇**

ရှမ်းပြည်နယ်( တောင်ပိုင်း) ကလောခရိုင် ကလောမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ယခုဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ဖြင့် နတ်တော်ကျေးရွာ၌ ကျေးရွာတွင်းလမ်းကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ဒီဇင်ဘာ ၂၆ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကလောမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုကိုနိုင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဝန်ထမ်းများက နတ်တော်ကျေးရွာ၌ အရှည် ပေ ၇၅၀၊ အကျယ် ၁၂ ပေ၊ အမြင့်ခြောက်လက်မရှိ ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးကကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ၊ ကျေးရွာသူ၊ ကျေးရွာသားများနှင့် တွေ့ဆုံကာ ဆောင်ရွက်ပြီး ဖွံ့ဖြိုးရေးလုပ်ငန်းများကို ရေရှည်တည်တံ့အောင် ဝိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားသည်။

နတ်တော်ကျေးရွာတွင် အဆိုပါလုပ်ငန်းများကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်းပံ့ပိုးရန်ပုံငွေကျပ် ၁၅သန်း၊ ပြည်သူထည့်ဝင် ငွေကျပ် ၃ဒသမ ၃၅သန်းဖြင့်ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် ဩဂုတ်လ ဒုတိယပတ်မှ စတင် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**ချိုသန်းညွန့်**

## တိုင်းပြည်အကျိုး ထမ်းသယ်ပိုး

\- တိုင်းနိုင်ငံ ပြည်ရွာအကျိုး
ထမ်းသယ်ပိုး ချစ်မိတ်ဆွေ၊
ကိုယ့်တာဝန် မလစ်ဟင်း
အပြစ်ကင်းပါစေ၊
ကိုယ့်နေရပ် ပြည်ရွာအခြေ
စည်ဖြာဝေ တိုးတက်ရေး၊
စိတ်သန္တာန်မှာ တန်ခိုးလွှမ်းလို့
ကြိုးပမ်းမယ်လေး။

\- ရဲစိတ်ဆောင် သတ္တိသွေးနဲ့
အားမာန်မွေး မိမိကိုယ်ကို၊
လူမျိုးဘာသာသာသနာတွက်
ဆောင်ရွက်စေလို၊
အမိုက်တရား ပယ်ဖျက်ဖြို
လောကဓံကို ရင်ဆိုင်သွား၊
ကိုယ့်ပြည်ရွာ ဘေးမသန်းလို့
အေးချမ်းစေသား။

\- အခက်ခဲကို မညည်းတွားဘဲ
ထုဆစ်လှုပ်ရှား အစဉ်သာ၊
ညီနောင်ဆွေ အတူလက်တွဲ
ဆင်နွှဲမင်္ဂလာ၊
တန်ဖိုးရှိသော ရွှေပြည်မဟာ
ဝေစည်ဖြာ အလှလွှမ်းဖို့၊
လူတိုင်းကိုယ်စီ တာဝန်အသိ
ထားရှိကြစို့။ ။

**လမင်းခနဲ့ (ပညာရေး)**

# လှိုင်းဘွဲ့မြို့နယ် အောက်ရေပူကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**လှိုင်းဘွဲ့ ဒီဇင်ဘာ ၂၇**

ကရင်ပြည်နယ် ဘားအံခရိုင် လှိုင်းဘွဲ့မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက အောက်ရေပူကျေးရွာ၌ သတ္တမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ဒီဇင်ဘာ ၂၆ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ လှိုင်းဘွဲ့မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစောကျော်နိုင်ထွန်းနှင့် ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ၊ အခြား မိသားစုဝင်ငွေတိုးစီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း ဖြစ်ကြောင်း၊ ကျေးရွာသူ၊ ကျေးရွာသားများ အနေဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကို ထိရောက်အောင်မြင်အောင် ဆောင်ရွက်ကြစေလိုကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကြီးကြပ်မှု ကော်မတီဝင်များနှင့်အတူ အောက်ရေပူကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၂၃ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၂၉ ဦး၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ နှစ်ဦး၊ အခြားလုပ်ငန်းလုပ်ကိုင်သူ ၁၀ဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၆၄ ဦးကို ရန်ပုံငွေကျပ် သိန်း ၆၁၀ ထုတ်ချေးခဲ့ကြောင်း သိရသည်။

**ကိုသက်**

# တနင်္ဂနွေနေ့ညယှဉ်ပြိုင်ကစားမဲ့ ပွဲစဉ်တွေထဲက ပရီးမီးယားလိဂ်က စပါးအသင်း၊ မန်စီးတီးအသင်း၊ စီးရီးအေရှုံးပွဲမရှိသေးတဲ့ ဂျူဗင်တပ်အသင်းတို့ကို ရွေးချယ်ရမှာပါ

M L



ဒီတစ်ပတ်တနင်္ဂနွေနေ့ညမှာလည်း အီတလီစီးရီးအေအမှတ်ပေးပြိုင်ပွဲနဲ့ အင်္ဂလန်ပရီးမီးယားလိဂ်အမှတ်ပေးပြိုင်ပွဲတို့သာ ယှဉ်ပြိုင်ကစားကြမှာဖြစ်ပြီး အဆိုပါလိဂ်တွေအနေနဲ့ ဒီကာလမှာပွဲစဉ်တွေကို ဆက်တိုက်ယှဉ်ပြိုင်ကစားကြရမှာဖြစ်တာကြောင့် အကြိုက်တွေ့မိတဲ့အသင်းအချို့ရဲ့ပွဲစဉ်တွေကို သတိပြုလေ့လာရွေးချယ်ပေးမှာဖြစ်ပါတယ်။ အီတလီ စီးရီးအေအမှတ်ပေးပြိုင်ပွဲအနေနဲ့ ပုံမှန်ယှဉ်ပြိုင်ကစားကြမှာဖြစ်ပေမဲ့ အင်္ဂလန်ပရီးမီးယားလိဂ်ကတော့ လက်ရှိပရီးမီးယားလိဂ်မတိုင်မီ ယခင်အင်္ဂလန်ပထမတန်းပြိုင်ပွဲအမည်နဲ့ ယှဉ်ပြိုင်ကစားကြစဉ်ကတည်းက ဒီဇင်ဘာ ၂၆ ရက်ကနေ ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၆ ရက်ထိ Boxing Day ဆိုတဲ့ ပွဲကျပ်ကာလရှိခဲ့ပါတယ်။ ဒါ့ကြောင့် ပရီးမီးယားလိဂ်ကလပ်အသင်းအချို့အနေနဲ့ ဒီလိုကာလနဲ့ နေသားကျနေတဲ့ကာလဆိုရင်လဲ မမှားပါဘူး။ ဒါ့ပြင် အခုလိုကာလမှာလဲ ကလပ်အသင်းအချို့အနေနဲ့ ပွဲစဉ်တွေ ဆက်တိုက်ကစားနေရလို့ ခြေချော်မှားယွင်းမှုတွေရှိတတ်သလို ကစားသမားတွေအနေနဲ့လည်း ပွဲပန်းမှုဒဏ်တွေကြောင့် အသင်းရဲ့ရလဒ်ပိုင်းကျဆင်းမှုတွေကိုလဲ ကြုံတွေ့ရတတ်ပါတယ်။ ပြီးခဲ့တဲ့ကြားရက်ပွဲစဉ်တွေမှာဆို မန်စီးတီး၊ ချဲလ်ဆီး၊ မန်ယူ၊ စပါးတို့လိုအသင်းတွေ နိုင်ပွဲပျောက်ဆုံးခဲ့သလို အမှတ်ပေးဇယားတန်းဆင်းဇုန်နားမှာရုန်းကန်နေရတဲ့ ဝုဗ်၊ အဲဗာတန်နဲ့ ဝက်စ်ဟမ်းအသင်းတို့ ရလဒ်ကောင်းခဲ့တာကြောင့်လဲ ဒီလိုကာလမှာ အသင်းကြီးအချို့အနေနဲ့ မထင်မှတ်တဲ့ရလဒ်တွေကြုံတွေ့ရတတ်ပါတယ်။ ဒါ့ကြောင့် Boxing Day ဖြစ်တဲ့ အခုလိုပွဲကျပ်ကာလမှာ အကြိုက်တွေ့မိတဲ့ အသင်းအချို့ကို လေ့လာသုံးသပ်ရွေးချယ်ပေးလိုက်ရပါတယ်။

### စပါးအသင်းကို အားပေးရမှာပါ

လက်ရှိဘောလုံးရာသီ ပရီးမီးယားလိဂ်အမှတ်ပေးပွဲစဉ်(၁၈)ကစားပြီးချိန်မှာ စပါးအသင်းအနေနဲ့ ရမှတ် ၂၃ မှတ်နဲ့ အမှတ်ပေးဇယားအဆင့်(၁၁)နေရာမှာ ရပ်တည်နေပါတယ်။ သူတို့အသင်းအနေနဲ့ အဲဒီ ၁၈ ပွဲမှာ ခုနစ်ပွဲနိုင်၊ နှစ်ပွဲသရေကျထားပြီး ကိုးပွဲထိရှုံးနိမ့်ထားသလို ပရီးမီးယားလိဂ်နောက်ဆုံးနှစ်ပွဲဆက်ရှုံးနိမ့်ထားတာကို တွေ့ရပါတယ်။ စပါးအသင်းဟာ လက်ရှိဘောလုံးရာသီမှာခြေစွမ်းပိုင်းတည်ငြိမ်မှုမရှိသေးဘဲ အသင်းရဲ့တိုက်စစ်ပိုင်းမှာလည်း ဆိုလန်ကီကိုသာ အဓိကအားထားနေရပြီး ဒဏ်ရာရကစားသမားတွေ များပြားနေတာကြောင့်လည်း ရလဒ်ပိုင်းကတည်ငြိမ်မှုမရှိတာဖြစ်ပါတယ်။ ပြီးခဲ့တဲ့ ကြားရက် အဝေးကွင်းပွဲစဉ်မှာလည်း ဒီရာသီခြေစွမ်းထက်မြက်နေတဲ့ နော်တင်ဟမ်အသင်းကို ဘောလုံးပိုင်ဆိုင်မှုအသာစီးရယူကစားထားနိုင်ပေမဲ့ အသင်းရဲ့ကစားသမားတွေစွမ်းဆောင်ရည်ကျဆင်းနေတာကြောင့် တစ်ဂိုး ဂိုးမရှိနဲ့ ရှုံးနိမ့်ခဲ့ပါတယ်။ ဒါ့ကြောင့် သူတို့အသင်းအနေနဲ့ အခုလို အိမ်ကွင်းပွဲစဉ်မှာ နိုင်ပွဲပြန်လည်ရရှိနိုင်ဖို့ အကောင်းဆုံးပြင်ဆင်လာမှာဖြစ်ပါတယ်။

ဝုဗ်အသင်းကတော့ လက်ရှိဘောလုံးရာသီမှာ ခြေစွမ်းပိုင်းဆိုးဆိုးရွားရွားဖြစ်နေပြီး ရမှတ် ၁၅ မှတ်နဲ့ တန်းဆင်းဇုန်အဆင့်(၁၈)နေရာမှာရပ်တည်နေပါတယ်။ ဒါ့ကြောင့် သူတို့အသင်းဟာ နောက်ပိုင်းပွဲစဉ်မှာ တိုက်စစ်နဲ့ခံစစ်ကို အကောင်းဆုံးပြင်ဆင်လာခဲ့ပြီး နောက်ဆုံးနှစ်ပွဲဆက် အနိုင်ရရှိထားခဲ့တာဖြစ်ပါတယ်။ အဲဒီနှစ်ပွဲမှာ လက်စတာအသင်းကို အဝေးကွင်းမှာ သုံးဂိုးပြတ်၊ အဘက်ဘက်က အသာရနေတဲ့ မန်ယူအသင်းကို အိမ်ကွင်းမှာ နှစ်ဂိုးပြတ်နဲ့ အနိုင်ရရှိခဲ့တာကြောင့် ကစားသမားတွေအနေနဲ့လည်း စိတ်ဓာတ်ပိုင်းနဲ့ အသင်းလိုက်စွမ်းဆောင်ရည်အကောင်းဆုံးအနေအထားမှာ ပြန်လည်ရပ်တည်နေမှာပါ။ ဒါပေမဲ့ သူတို့အသင်းအနေနဲ့ လက်ရှိဘောလုံးရာသီမှာ အဝေးကွင်းပွဲစဉ် နှစ်ပွဲသာအနိုင်ရထားတာကြောင့် အခုလို စပါးအသင်းနဲ့ပွဲစဉ်မှာတော့ ရလဒ်ကောင်းနိုင်ပါ့မလားဆိုတာ သတိပြုရမှာဖြစ်တဲ့အတွက် အိမ်ကွင်းမှာ နိုင်ပွဲရဖို့ အကောင်းဆုံးပြင်ဆင်လာမဲ့ စပါးအသင်းကို အားပေးရမှာပါ။

**စပါးအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ရိုန်းဂျား | ၁ | - | ၁ | စပါး |
| ဆောက်သမ်တန် | ၀ | - | ၅ | စပါး |
| စပါး | ၄ | - | ၃ | မန်ယူ |
| စပါး | ၃ | - | ၆ | လီဗာပူး |
| နော်တင်ဟမ် | ၁ | - | ၀ | စပါး |

**ဝုဗ်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| အဲဗာတန် | ၄ | - | ၀ | ဝုဗ် |
| ဝက်စ်ဟမ်း | ၂ | - | ၁ | ဝုဗ် |
| ဝုဗ် | ၁ | - | ၂ | အစ်ဗ့စ်ချ် |
| လက်စတာ | ၀ | - | ၃ | ဝုဗ် |
| ဝုဗ် | ၂ | - | ၀ | မန်ယူ |

### မန်စီးတီးအသင်းကို ရွေးချယ်ရမှာပါ

တနင်္ဂနွေညမှာ ယှဉ်ပြိုင်ကစားမဲ့ပွဲစဉ်တွေထဲက နောက်ထပ်အကြိုက်တွေ့မိတဲ့ပွဲစဉ်ကတော့ လက်စတာအသင်းနဲ့ မန်စီးတီးအသင်းတို့ရဲ့ပွဲစဉ်ပဲဖြစ်ပါတယ်။ လက်စတာအသင်းဟာ လက်ရှိဘောလုံးရာသီအစပိုင်းမှာ ရလဒ်ပိုင်းဆိုးရွားလာမှုကြောင့် အသင်းရဲ့နည်းပြစတိကိုပါကို ထုတ်ပယ်ခဲ့ပြီး မန်ယူအသင်းရဲ့လက်ထောက်နည်းပြဟောင်း နစ္စတယ်ရွိုင်းကို ခန့်အပ်ခဲ့ပေမဲ့ ခြေစွမ်းပိုင်းနဲ့ ရလဒ်ပိုင်းပြန်လည်ကောင်းမွန်လာခြင်း မရှိသေးတာကို တွေ့ရပါတယ်။ သူတို့အသင်းဟာ အမှတ်ပေးဇယားမှာ တန်းဆင်းဇုန်က ဝုဗ်အသင်းထက် နှစ်မှတ်အကွာနဲ့ အဆင့်(၁၇)နေရာမှာ ရပ်တည်နေသလို ပရီးမီးယားလိဂ်ပွဲစဉ်(၁၈)ကစားပြီးချိန်မှာ လေးပွဲနိုင်၊ ငါးပွဲသရေ၊ ကိုးပွဲရှုံးနိမ့်ထားပါတယ်။ ဒါ့ပြင် ပရီးမီးယားလိဂ်အိမ်ကွင်းနောက်ဆုံး ငါးပွဲမှာ တစ်ပွဲသာအနိုင်ရထားပြီး တစ်ပွဲသာသရေကျထားကာ သုံးပွဲထိ ရှုံးနိမ့်ထားတာကြောင့် သူတို့အသင်းရဲ့ အိမ်ကွင်းစွမ်းဆောင်ရည်က တည်ငြိမ်မှုမရှိတာကို တွေ့ရပါတယ်။ ဒါ့ပြင် လက်စတာအသင်းရဲ့ ကစားပုံက တိုက်စစ်ပိုင်းကို ဦးစားပေးကစားတတ်လို့ ဂိုးတွေသွင်းယူနိုင်ပေမဲ့ ခံစစ်ပိုင်းမှာ အားနည်းမှုတွေရှိနေတာကြောင့် ရလဒ်ပိုင်းရုန်းကန်နေရတာဖြစ်ပါတယ်။ ဒါ့ကြောင့် အခုလိုမန်စီးတီးအသင်းနဲ့ပွဲစဉ်မှာလည်း သူတို့အသင်းခံစစ်ပိုင်းက အကောင်းဆုံးထိန်းချုပ်ကစားနိုင်ပါ့မလားဆိုတာ သတိပြုရမှာပါ။

မန်စီးတီးအသင်းကတော့ နောက်ဆုံးကစားခဲ့ရတဲ့ ပြိုင်ပွဲစုံ ၁၃ ပွဲမှာ နိုင်ပွဲ တစ်ပွဲသာရှိထားပြီး ၁၂ ပွဲထိ နိုင်ပွဲပျောက်ဆုံးထားတာကြောင့် သူတို့အသင်းရဲ့ အခက်အခဲဆုံးကာလလို့ ဆိုရမှာပါ။ ပြီးခဲ့တဲ့ကြားရက် အိမ်ကွင်းပွဲစဉ်မှာလဲ အဲဗာတန်အသင်းကို တစ်ဂိုးစီသာ သရေကစားနိုင်ပြီး တိုက်စစ်ပိုင်းနဲ့ ခံစစ်ပိုင်းက တည်ငြိမ်မှုမရှိတာကိုတွေ့ရပါတယ်။ အဲဒီပွဲစဉ်မှာ မန်စီးတီးအသင်း ပင်နယ်တီကနေတစ်ဆင့် အနိုင်သေချာစေတဲ့ဂိုးကို တိုက်စစ်မှူးဟာလန်း လွဲချော်ခဲ့သလို ကွင်းလယ်နဲ့ ခံစစ်ပိုင်းကစားသမားတွေအနေနဲ့လဲ အမှားအယွင်းများနေတာကြောင့် သူတို့အသင်းရဲ့ကစားသမားတွေအနေနဲ့ ယုံကြည်မှုပျောက်ဆုံးနေတယ်လို့တောင် ဆိုရမှာဖြစ်ပါတယ်။ ဒါ့ကြောင့် နည်းပြဂွါဒီယိုလာဟာ အခုပွဲစဉ်မှာ ရလဒ်ကောင်းပြန်လည်ရရှိအောင် အကောင်းဆုံးပြင်ဆင်ကစားလာနိုင်ပါတယ်။ ဒါ့ပြင် ဆေဗင်ညို၊ ဖိုဒန်တို့လို အဓိကကစားသမားတွေ အကောင်းဆုံးပွဲထွက်လာခဲ့မယ်ဆိုရင် ခံစစ်ပိုင်းကျဆင်းနေတဲ့ လက်စတာအသင်းကိုတော့ တိုက်စစ်ပိုင်းက ဂိုးသွင်းယူနိုင်စွမ်းရှိပါတယ်။ ဒါ့ကြောင့် နိုင်ပွဲပြန်လည်ရှာဖွေလာမဲ့ မန်စီးတီးအသင်းကို ရွေးချယ်ရမှာပါ။

**လက်စတာအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ဘရန့်ဖို့ဒ် | ၄ | - | ၁ | လက်စတာ |
| လက်စတာ | ၃ | - | ၁ | ဝက်စ်ဟမ်း |
| လက်စတာ | ၁ | - | ၁ | ဘရိုက်တန် |
| နယူးကာဆယ် | ၄ | - | ၀ | လက်စတာ |
| လက်စတာ | ၀ | - | ၃ | ဝုဗ် |

**မန်စီးတီးအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ပဲလေ့စ် | ၂ | - | ၂ | မန်စီးတီး |
| ဂျူဗင်တပ် | ၂ | - | ၀ | မန်စီးတီး |
| မန်စီးတီး | ၁ | - | ၂ | မန်ယူ |
| အေဗီလာ | ၂ | - | ၁ | မန်စီးတီး |
| မန်စီးတီး | ၁ | - | ၁ | အဲဗာတန် |

### ဂျူဗင်တပ်အသင်း ရလဒ်ကောင်းမှာပါ

နောက်ထပ်အကြိုက်တွေ့မိတဲ့အသင်းကတော့ အီတလီစီးရီးအေအမှတ်ပေးပွဲစဉ်တွေထဲက ဂျူဗင်တပ်အသင်းနဲ့ ဖီအိုရင်တီးနားအသင်းတို့ရဲ့ ပွဲစဉ်ပဲဖြစ်ပါတယ်။ ဂျူဗင်တပ်အသင်းဟာ စီးရီးအေပွဲစဉ် ၁၇ ပွဲကစားပြီးချိန်မှာ ရမှတ် ၃၁ မှတ်နဲ့ အမှတ်ပေးဇယားအဆင့်(၆)နေရာမှာ ရပ်တည်နေပြီး ဖီအိုရင်တီးနားအသင်းကတော့ ရမှတ်တူ တစ်ပွဲလျော့နဲ့ အဆင့်(၅)နေရာမှာ ရပ်တည်နေပါတယ်။ ဂျူဗင်တပ်အသင်းအနေနဲ့ ပြီးခဲ့တဲ့စီးရီးအေပွဲစဉ်မှာ မွန်ဇာအသင်းကို အဝေးကွင်းမှာ နှစ်ဂိုး တစ်ဂိုးနဲ့ အနိုင်ရခဲ့ပြီး နောက်ဆုံးငါးပွဲဆက်လဲ ရှုံးပွဲမရှိဘဲ ခြေစွမ်းပိုင်းအကောင်းဆုံးပုံစံမှာရှိနေတယ်လို့ ဆိုရမှာပါ။ ဒါ့ပြင် သူတို့အသင်းဟာ လက်ရှိဘောလုံးရာသီ စီးရီးအေအမှတ်ပေးပြိုင်ပွဲမှာ ရှုံးပွဲမရှိသေးတဲ့အသင်းအဖြစ်ရပ်တည်နေပြီး အသင်းလိုက်စွမ်းဆောင်ရည်ကလည်း ကောင်းမွန်နေတာကိုလည်း တွေ့ရပါတယ်။

ဖီအိုရင်တီးနားအသင်းကတော့ လက်ရှိဘောလုံးရာသီအစမှာ ရလဒ်ပိုင်းနဲ့ ခြေစွမ်းပိုင်းကောင်းမွန်ခဲ့ပေမဲ့ နောက်ပိုင်းပွဲစဉ်တွေမှာ ပုံစံကောင်းပျောက်ဆုံးနေတာကို တွေ့ရပါတယ်။ သူတို့အသင်းဟာ ဥရောပကွန်ဖရင့်လိဂ်ပြိုင်ပွဲ၊ ကိုပါအီတာလီယာနဲ့ အမှတ်ပေးပြိုင်ပွဲတွေကြားမှာ ကစားသမားတွေရဲ့ပွဲပန်းမှုနဲ့ ဒဏ်ရာရကစားသမားတွေ များပြားလာတာကြောင့် ရလဒ်ပိုင်းကျဆင်းလာခဲ့တာဖြစ်ပါတယ်။ ဒါ့ကြောင့် သူတို့အသင်းအနေနဲ့ အခုလို ဂျူဗင်တပ်အသင်းရဲ့ အိမ်ကွင်းပွဲစဉ်မှာ ရလဒ်ပိုင်းကောင်းမွန်ပါ့မလားဆိုတာ သတိပြုရမှာဖြစ်ပါတယ်။ ဒါ့ပြင် ဖီအိုရင်တီးနားအသင်းဟာ ဂျူဗင်တပ်အသင်းနဲ့ နောက်ဆုံးတွေ့ဆုံမှုငါးကြိမ်မှာ တစ်ပွဲသာအနိုင်ရထားတာကြောင့် တွေ့ဆုံမှုနဲ့ လက်ရှိခြေစွမ်းပိုင်းကော လူစာရင်းမှာပါအသာရနေတဲ့ ဂျူဗင်တပ်အသင်း ရလဒ်ကောင်းသွားမှာပါ။

**ဂျူဗင်တပ်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ဂျူဗင်တပ် | ၂ | - | ၂ | ဘိုလော့ဂ်နာ |
| ဂျူဗင်တပ် | ၂ | - | ၀ | မန်စီးတီး |
| ဂျူဗင်တပ် | ၂ | - | ၂ | ဗင်နီဇီးယား |
| ဂျူဗင်တပ် | ၄ | - | ၀ | ကယ်ဂလီယာရီ |
| မွန်ဇာ | ၁ | - | ၂ | ဂျူဗင်တပ် |

**ဖီအိုရင်တီးနားအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ဖီအိုရင်တီးနား | ၁ | - | ၀ | ကယ်ဂလီယာရီ |
| ဖီအိုရင်တီးနား | ၇ | - | ၀ | လက်လင့်ဇ် |
| ဘိုလော့ဂ်နာ | ၁ | - | ၀ | ဖီအိုရင်တီးနား |
| ဂူမာရက်စ် | ၁ | - | ၁ | ဖီအိုရင်တီးနား |
| ဖီအိုရင်တီးနား | ၁ | - | ၂ | အူဒီးနီးစ် |

# ဗြိတိန်နိုင်ငံအတွင်း ၂၀၂၅ ခုနှစ်တွင် အမေရိကန်နိုင်ငံကဲ့သို့ ဟာရီကိန်းမုန်တိုင်း ဝင်ရောက်တိုက်ခတ်နိုင်ဖွယ်ရှိနေ



**လန်ဒန် ဒီဇင်ဘာ ၂၇**

ဗြိတိန်နိုင်ငံတွင် ဟာရီကိန်းမုန်တိုင်း ဝင်ရောက်တိုက်ခတ်လေ့မရှိသော်လည်း ၂၀၂၅ ခုနှစ်တွင် ဗြိတိန်နိုင်ငံ၌ အမေရိကန်နိုင်ငံကဲ့သို့ ဟာရီကိန်းမုန်တိုင်း ဝင်ရောက်တိုက်ခတ်ဖွယ် ရှိနေကြောင်း Met Office က သတိပေးချက် ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

ဟာရီကိန်းမုန်တိုင်းသည် အတ္တလန္တိတ်သမုဒ္ဒရာပိုင်းမှ ဝင်ရောက်လာဖွယ်ရှိပြီး မုန်တိုင်းကြောင့် မိုးသည်းထန်စွာရွာသွန်းမှုများဖြင့်လည်း ရင်ဆိုင်ရဖွယ်ရှိကြောင်း၊ ၂၀၂၅ ခုနှစ်အတွင်း ပုံမှန်ထက် အအေးဓာတ်မြင့်မားမှုများလည်း ဖြစ်ပေါ်နိုင်ကြောင်း Met Office က ထုတ်ပြန်ခဲ့သည်။

"၂၀၂၅ ခုနှစ်အတွင်းမှာတော့ အမေရိကန်နိုင်ငံမှာ ဖြစ်ပေါ်လေ့ရှိတဲ့ ဟာရီကိန်းမုန်တိုင်းတွေ ဗြိတိန်နိုင်ငံကို ဝင်ရောက်လာနိုင်တယ်။ လာနီညာရာသီဥတုပြောင်းလဲလာတဲ့အတွက် ပုံမှန်ထက် မြင့်မားတဲ့မိုးရေချိန်တွေနဲ့ ဖြစ်ပေါ်လာနိုင်တယ်။ မုန်တိုင်းတွေဟာလဲ အတ္တလန္တိတ်ပိုင်းဇုန်ကနေ ဝင်ရောက်လာနိုင်ပါတယ်။ အအေးဓာတ်တွေလဲ ပုံမှန်ထက်ပိုပြီးတော့ မြင့်မားလာနိုင်ပါတယ်။ ၂၀၂၅ ခုနှစ်မှာရင်ဆိုင်ရနိုင်တဲ့ ဟာရီကိန်းမုန်တိုင်း အန္တရာယ်တွေအတွက် ကြိုတင်ပြင်ဆင်ထားရမဲ့ အခြေအနေဖြစ်ပါတယ်"ဟု Met Office မှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက သတိပေးပြောကြားခဲ့သည်။

ဗြိတိန်နိုင်ငံ၌ ၂၀၂၅ ခုနှစ်နွေကာလတွင်လည်း ပုံမှန်မဟုတ်သည့် ဟာရီကိန်းမုန်တိုင်းအန္တရာယ်ဖြင့်ပင် ရင်ဆိုင်ရနိုင်ကြောင်း Met Office က ထုတ်ပြန်ခဲ့သည်။

Ref : Russia Today
Trs : Sai Sat

# ဖိလစ်ပိုင်နိုင်ငံ မင်ဒါနာအိုပြည်နယ်တွင် ပြင်းအား ၅ ဒသမ ၄ မဂ္ဂနီကျူရှိ ငလျင်လှုပ်ခတ်ခဲ့

**မနီလာ ဒီဇင်ဘာ ၂၇**

ဖိလစ်ပိုင်နိုင်ငံ မင်ဒါနာအိုပြည်နယ်တွင် ပြင်းအား ၅ ဒသမ ၄ မဂ္ဂနီကျူရှိ ငလျင်တစ်ခု ဒီဇင်ဘာ ၂၆ ရက် နံနက် ၁၀ နာရီ ၂၆ မိနစ်က လှုပ်ခတ်မှုဖြစ်ပွားခဲ့ကြောင်း ဂျာမန်ဘူမိသိပ္ပံသုတေသနစင်တာ (GFZ)က ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

ဖိလစ်ပိုင်နိုင်ငံ မင်ဒါနာအို ပြည်နယ်တွင် လှုပ်ခတ်ခဲ့သည့် ငလျင်သည် မြောက်လတ္တီတွဒ် ၈ ဒသမ ၂၇ ဒီဂရီနှင့် အရှေ့လောင်ဂျီတွဒ် ၁၂၅ ဒသမ ၉၅ ဒီဂရီတွင် လှုပ်ခတ်ခဲ့ခြင်းဖြစ်ကာ ငလျင်ဗဟိုချက်သည် ပြည်နယ်၏ အနက် ၈၁ ဒသမ ၆ ကီလိုမီတာကို ဗဟိုပြုလှုပ်ခတ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ငလျင်လှုပ်ခတ်မှုကြောင့် ဖိလစ်ပိုင်နိုင်ငံ မြို့တော်မနီလာတွင် ထိခိုက်ပျက်စီးဆုံးရှုံးမှုမရှိခဲ့ကြောင်း၊ သို့သော် ငလျင်လှုပ်ခတ်မှုကြောင့် မင်ဒါနာအိုပြည်နယ်တွင် အခြေခံအဆောက်အအုံ၊ နေအိမ်နှင့် လမ်းတချို့ ပျက်စီးမှုများဖြစ်ပေါ်ခဲ့ကြောင်း၊ နောက်ဆက်တွဲ ငလျင်များလှုပ်ခတ်နိုင်သော်လည်း ဆူနာမီသတိပေးချက် ထုတ်ပြန်ထားခြင်း မရှိကြောင်း၊ လက်ရှိတွင် ငလျင်ကြောင့် လူသေဆုံးမှုနှင့် ထိခိုက်ဒဏ်ရာရရှိသူ မရှိကြောင်း ပြည်နယ်အာဏာပိုင်များက ထုတ်ပြန်ခဲ့သည်ဟု သိရသည်။



Ref : Sputnik News
Trs : KZ

# ပီရူးနိုင်ငံ တာလာရာဆိပ်ကမ်းမြို့အနီး ရေနံယိုဖိတ်မှုကို အရေးပေါ်အခြေအနေအဖြစ် သတ်မှတ်

**လီမာ ဒီဇင်ဘာ ၂၇**

ပီရူးနိုင်ငံ တာလာရာဆိပ်ကမ်းမြို့အနီးတွင် ပစိဖိတ်သမုဒ္ဒရာအတွင်း ဒီဇင်ဘာ ၂၀ ရက်က ရေနံယိုဖိတ်မှုဖြစ်ပွားခဲ့ပြီး ရေနံယိုဖိတ်မှုကို ရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်နေပြီဖြစ်သော်လည်း ရေနံယိုဖိတ်မှုပမာဏ မြင့်မားသကဲ့သို့ ရှင်းလင်းရေးလုပ်ငန်းများကိုလည်း အချိန်ယူသွားရမည်ဖြစ်သည့်အတွက် ဒီဇင်ဘာ ၂၆ ရက်မှစ၍ ရေနံယိုဖိတ်မှုကို အရေးပေါ် အခြေအနေအဖြစ် သတ်မှတ်ကြောင်း ပီရူးသဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

Petroperu ရေနံကုမ္ပဏီမှ ရေနံတင်သင်္ဘော မတော်တဆဖြစ်၍ ရေနံယိုဖိတ်မှုဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး အစိုးရပိုင်ကုမ္ပဏီဖြစ်သည့်အတွက် အစိုးရက တာဝန်ယူ၍ ရှင်းလင်းရေးလုပ်ငန်းများဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ရေနံယိုဖိတ်ကာ ပျံ့နှံ့သည့်ဧရိယာလည်း ကျယ်ဝန်းပြီး ရေဧရိယာစတုရန်းမီတာ ၁၀၀၀၀ ကျော်ထိ ရောက်ရှိပျံ့နှံ့နေခြင်းကြောင့် ရှင်းလင်းရေးလုပ်ငန်းများကို အချိန်ပိုယူရမည်ဖြစ်ကြောင်း၊ ရှင်းလင်းရေးလုပ်ငန်းများကို အမြန်ဆုံးဆောင်ရွက်နိုင်ရေးအတွက်လည်း လူအင်အားသုံးထားကြောင်း ပီရူးသဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနက ထုတ်ပြန်ခဲ့သည်ဟု သိရသည်။

"ရေကြောင်းကုန်သွယ်မှုလုပ်ငန်းတွေရပ်ဆိုင်းသွားခြင်းမရှိစေဖို့အတွက် ရေနံယိုဖိတ်မှုကို ရေရှည်အတွက် မျှော်မှန်းပြီး အမြန်ဆုံးဆောင်ရွက်ပေးသွားပါမယ်" ဟု ပီရူး သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူ တစ်ဦးက ပြောကြားခဲ့သည်။

ရေနံယိုဖိတ်မှု အရေးပေါ်အခြေအနေကိုလည်း ရက်ပေါင်း ၉၀ ထိ သတ်မှတ်ထားပြီး အဆိုပါကာလအတွင်း ရှင်းလင်းရေးလုပ်ငန်းများကို အပြီးသတ်ဆောင်ရွက် ပေးသွားမည်ဖြစ်ကြောင်း ပီရူးသဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနက ထုတ်ပြန်ခဲ့သည်။

Ref : Russia Today
Trs : Sai Sat

# ဩစတြေးလျနိုင်ငံ အရှေ့ပိုင်းတွင် ပူပြင်းခြောက်သွေ့မှုကြောင့် ရေပျော်ငှက်ကောင်ရေ ကျဆင်းလာ

**ကင်ဘာရာ ဒီဇင်ဘာ ၂၇**

ဩစတြေးလျနိုင်ငံ အရှေ့ပိုင်းတွင် ရာသီဥတုဖောက်ပြန်မှုနှင့် ဆက်စပ်ဖြစ်ပေါ်လာသော ပူပြင်းခြောက်သွေ့မှုကြောင့် ရေပျော်ငှက်ကောင်ရေ ကျဆင်းလာကြောင်း ဩစတြေးလျ တောရိုင်းတိရစ္ဆာန်ထိန်းသိမ်းကာကွယ်ရေးမှ ကောက်ယူထားသော စစ်တမ်းများတွင် ဖော်ပြထားသည်ဟု ယနေ့သတင်းများအရ သိရသည်။

ရာသီဥတုဖောက်ပြန်မှုကြောင့် ဖြစ်ပေါ်လာသော ခြောက်သွေ့သည့် အခြေအနေများက ဩစတြေးလျ အရှေ့ပိုင်းတွင် အဓိကကျက်စားသော ရေပျော်ငှက်အရေအတွက်ကို ကျဆင်းစေခဲ့ကြောင်း၊ လက်ရှိတွင် ရေပျော်ငှက်ကောင်ရေသည် ၂၀၂၃ ခုနှစ်နှင့် နှိုင်းယှဉ်ပါက ထက်ဝက်ကျဆင်းသွားခဲ့ကြောင်း အစိုးရက ကောက်ယူထားသော တောရိုင်းတိရစ္ဆာန်စစ်တမ်းတစ်ခုတွင် ဖော်ပြထားသည်။

"ရေပျော်ငှက်ကောင်ရေတွေ အလျင်အမြန် ကျဆင်းတာကို ထိန်းသိမ်းဖို့လိုလာပါပြီ။ ရေပျော်ငှက်တွေကျက်စားရာ ရေဝပ်မြေနဲ့ မြစ်ဝှမ်းဒေသတွေမှာ ရာသီဥတုဖောက်ပြန်မှုကြောင့် ရေခန်းခြောက်ပြီး နေစရာနဲ့ အစာရေစာ ရှားပါးမှုက ရေပျော်ငှက်ကောင်ရေ ကျဆင်းမှုကို အဓိကဖြစ်စေတဲ့ အကြောင်းတရားတွေပါ"ဟု နယူးဆောက်ဝေးပြည်နယ် တက္ကသိုလ်ရှိ ဂေဟစနစ်သိပ္ပံစင်တာမှ ဒါရိုက်တာ ပါမောက္ခ ရစ်ချက်ကင်းဖော့က ပြောကြားခဲ့သည်။

ဩစတြေးလျနိုင်ငံတွင် ရာသီဥတုဖောက်ပြန်မှုကြောင့် ရေပျော်ငှက်များ၏ ကျက်စားရာနယ်မြေဧရိယာ ၁၂၂၂၈၃ ဟက်တာကျဆင်းသွားခဲ့ကြောင်း၊ ထို့ပြင် ဩစတြေးလျ၌ ရေပျော်ငှက်ကောင်ရေ ဝေဟင်စစ်တမ်း ကောက်ယူမှုကို ၁၉၈၃ ခုနှစ်မှစတင်၍ နှစ်စဉ်ပြုလုပ်ခဲ့ကြောင်း၊ အဆိုပါစစ်တမ်းအရ ၂၀၂၃ ခုနှစ်တွင် ရေပျော်ငှက်ကောင်ရေ ၅၇၉၆၄၁ ကောင်ရှိကြောင်း၊ လက်ရှိတွင် ၂၈၇၂၃၁ ကောင်သာ ကျန်ရှိတော့သဖြင့် ကောင်ရေထက်ဝက်ခန့်ကျဆင်းခဲ့ကြောင်း သိရသည်။

Ref : Russia Today
Trs : KZ

# ကနေဒါနိုင်ငံ ဂရိတ်တားဗစ်တိုးရီးယားနယ်မြေတွင် လေပြင်းမုန်တိုင်းဝင်ရောက်ဖွယ်ရှိနေ

**အော့တဝါ ဒီဇင်ဘာ ၂၇**

ကနေဒါနိုင်ငံ ဗြိတိသျှကိုလံဘီယာပြည်နယ်ရှိ ဂရိတ်တားဗစ်တိုးရီးယားနယ်မြေတွင် လာမည့်ရက်ပိုင်းအတွင်း လေပြင်းမုန်တိုင်းဝင်ရောက်တိုက်ခတ်ဖွယ်ရှိနေကြောင်း ကနေဒါသဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ဝန်ကြီးဌာနက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

လေပြင်းမုန်တိုင်းနှင့်အတူ မိုးသည်းထန်စွာ ရွာသွန်းနိုင်သည့်အတွက် ကမ်းခြေများတွင်ရေလွှမ်းနိုင်ပြီး လျှပ်စစ်မီးပြတ်တောက်မှုများဖြင့်လည်း ရင်ဆိုင်ရနိုင်ကြောင်း၊ ခရစ္စမတ်ပွဲတော်ကာလတွင်လည်း လေပြင်းတိုက်ခတ်မှုကြောင့် လျှပ်စစ်မီးပြတ်တောက်မှုတချို့ဖြင့် ရင်ဆိုင်ခဲ့ရပြီး ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံတွင် အပျက်အစီးတချို့ ရှိခဲ့သည့်အတွက် လျှပ်စစ်ဝန်ထမ်းများက လျှပ်စစ်မီး အမြန်ဆုံးပြန်လည်ရရှိရေးကို ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း၊ လေပြင်းမုန်တိုင်း ဝင်ရောက်လာနိုင်သည့် ဧရိယာများမှာ ဂရိတ်တားဗစ်တိုးရီးယားနယ်မြေအပါအဝင် ဗန်ကူးဗားနယ်မြေနှင့် တောင်ပိုင်းပင်လယ်ကွေ့ကျွန်းများ ပါဝင်လျက်ရှိပြီး လေပြင်းမုန်တိုင်းသည် တစ်နာရီလျှင် ကီလိုမီတာ ၉၀ နှုန်းဖြင့် တိုက်ခတ်လာဖွယ်ရှိနေကြောင်း သိရသည်။

"လာမဲ့ရက်ပိုင်းအတွင်း လေပြင်းမုန်တိုင်း ထပ်မံဝင်ရောက်လာဖွယ်ရှိနေပါတယ်။ ခရစ္စမတ်နေ့က ဝင်ရောက်ခဲ့တဲ့လေပြင်းကြောင့် လျှပ်စစ်မီးပြတ်တောက်မှုတွေဖြစ်ပေါ်ခဲ့သလို ရေကြောင်းပို့ဆောင်ရေးကဏ္ဍလဲ အခက်အခဲတွေရှိခဲ့ပါတယ်။ ဒီရေမြင့်တက်မှုတွေလဲ ဖြစ်ပေါ်လာနိုင်ပြီးတော့ ကမ်းခြေတွေလဲ ရေလွှမ်းသွားနိုင်တဲ့အခြေအနေ ဖြစ်ပါတယ်။ လက်ရှိမှာလဲ မိုးအနည်းငယ်ရွာသွန်းနေတဲ့အတွက် ရေပမာဏမြင့်တက်မှုတွေက လာမဲ့ရက်ပိုင်းအတွင်းမှာပဲ ဖြစ်ပေါ်လာနိုင်ပါတယ်"ဟု ကနေဒါသဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

Ref : Sputnik News
Trs : Sai Sat







# ဝန်ထမ်းအလိုရှိသည်

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ကန်တော်ကြီး-ကန်ပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် ပြင်ပပုဂ္ဂိုလ်များအား သင့်တော်သောကုသမှုစရိတ်ဖြင့် တိုးချဲ့၍စတင်ကုသပေးတော့မည်ဖြစ်ပါသည်။ သို့ပါ၍ တာဝန်ထမ်းဆောင်လိုသော အောက်ဖော်ပြပါဝန်ထမ်းများ လာရောက်လျှောက်ထားနိုင်ပါသည်-

(၁) အထွေထွေလုပ်သား

(၂) လုံခြုံရေး

လာရောက်လျှောက်ထားပါက ဓာတ်ပုံ(၂)ပုံ၊ အိမ်ထောင်စုလူဦးရေစာရင်းမိတ္တူ၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာ ရပ်ကွက်အုပ်ချုပ်ရေးမှူး၏ ပြစ်မှုကင်းရှင်းကြောင်း ထောက်ခံစာ၊ ရဲစခန်းထောက်ခံစာတို့နှင့်အတူ (၁၀-၁-၂၀၂၅)နောက်ဆုံးထား၍ ရုံးချိန်အတွင်း လာရောက်လျှောက်ထားနိုင်ပါသည်။

**ဇီဝိတဒါနသံဃာ့ဆေးရုံကြီး**
**ကန်တော်ကြီး၊ ကန်ပတ်လမ်း၊**
**ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၄၀၂၆၂၆၃၂၄**

## ပျောက်ဆုံးကြောင်း

မန္တလေးမြို့၊
မဟာမြိုင်အပိုင်း ၂၊
န-၂/၅၂ နေ ဒေါ်သန်းရီရီ
(ဘ) ဦးဘိုးစိန်
(၉/မရမ(နိုင်)၀၁၅၈၆၈)၏
နိုင်ငံကူးလက်မှတ်အမှတ်
(MB-913893)မှာ
ပျောက်ဆုံးသွားပါသဖြင့်
တွေ့ရှိပါက
အကြောင်းကြားပေးပါရန်။
၀၉-၂၀၁၃၅၇၇

## အမည်ပြောင်း

စဥ့်ကိုင်မြို့နယ်၊ မုန့်ပေါင်းကျေးရွာ အမက Grade-5 တွင် ပညာသင်ကြားနေသော ဦးဖုန်းတင့်လှိုင်၏သမီး မဖူးအိမ်ချစ်အား မမြတ်ဘုန်းချစ်ဟု ပြောင်းလဲခေါ်ဆိုပါရန်။ မမြတ်ဘုန်းချစ်

**လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ**




ABL APP is now AVAILABLE in both MM and ENG versions!

လူကုန်ကူးခံရသူများအနေဖြင့် အကူအညီနှင့်အားပေးမှုများ
လိုအပ်သည်ဟု ခံစားနေရပါက
သတင်းအချက်အလက်မျှဝေရာစင်တာသို့
ဆက်သွယ်နိုင်ပါသည်။

ဆက်သွယ်ရန်လိပ်စာ - လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
ပြန်လည်ထူထောင်ရေးဦးစီးဌာန
အမှတ်(၆၅)၊ ကျိုက်ဝိုင်းဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
ဆက်သွယ်ရမည့်ဖုန်း - ၀၁-၆၆၆၆၁၉ (ရုံးချိန်အတွင်း)

❖ **နိုင်ငံစီးပွားတိုးတက်ရေးနှင့် ထုတ်ကုန်ပစ္စည်းများတိုးမြှင့်နိုင်ရေးအတွက် နိုင်ငံ၏ အဓိကစီးပွားရေးလုပ်ငန်းများ ဖြစ်သည့် စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများကို အားပေးဆောင်ရွက်ရမည်ဖြစ်...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ် ဩဂုတ် ၃၀ ရက်တွင် ပြုလုပ်သော ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များကို တွေ့ဆုံအမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သောစိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့်ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံးသက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေးဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း**

# ပုသိမ်မြို့ နယ်မြေခံသင်တန်းကျောင်းရှိ ပြည်သူ့စစ်မှုထမ်းသင်တန်းမှ သင်တန်းသားများအား သွားရောက်တွေ့ဆုံအမှာစကားပြောကြား၊ ဆေးရုံတက်ရောက်ကုသမှုခံယူလျက်ရှိသည့် လူနာများကို တွေ့ဆုံအားပေး



နေပြည်တော် ဒီဇင်ဘာ ၂၇

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းသည် ယနေ့မွန်းလွဲပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ နယ်မြေခံသင်တန်းကျောင်းရှိ ပြည်သူ့စစ်မှုထမ်းသင်တန်းမှ သင်တန်းသားများကို သွားရောက်တွေ့ဆုံအမှာစကားပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမောင်မောင်အေး၊

စာမျက်နှာ ၂၀ ကော်လံ ၁ ☆

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ပုသိမ်မြို့ နယ်မြေခံသင်တန်းကျောင်းရှိ ပြည်သူ့စစ်မှုထမ်းသင်တန်းမှ သင်တန်းသားများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။

SIN MINN
ဆင်မင်းဘိလပ်မြေစက်ရုံအုပ်စု
SINMINN CEMENT FACTORY GROUP
အရည်အသွေးမှာထိပ်ဆင်မင်းတံဆိပ်ဘိလပ်မြေ
ISO 9001 : 2015
CERTIFICATE NO.TH011875
ဆက်သွယ်ရန် – ဖုန်း ၀၉ ၆၆၅၅၀၅၄၄၃၊ ၀၉ ၆၆၇၅၄၄၄၀၉၊ ၀၉ ၆၆၁၃၆၆၁၄၀
E-Mail : scfg.kyaukse@gmail.com
BEST QUALITY CEMENT
ASTM C150 TYPE I (42.5)
ဆင်မင်းဘိလပ်မြေ
BEST QUALITY CEMENT
ASTM C150 TYPE II (32.5)
ဆင်မင်းဘိလပ်မြေ